ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၁၃) ရက် ၊ သောကြာနေ့ ၊ (22-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၂၇)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှုပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် လုပ်ငန်းများအောင်မြင်ရေးအတွက် ယခုထက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်






အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၁**

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၆ ကော်လံ ၁သို့**



ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၂၂ ရက်
အယ်ဒီတာ့အာဘော်

# အဖိုးအတန်ဆုံးသော သယံဇာတရေ

ရေသည် ကမ္ဘာ့သယံဇာတများအနက် အဖိုးအတန်ဆုံးသော သယံဇာတတစ်မျိုးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူနှင့် အခြားသက်ရှိတို့၏ အသက်ရှင်မှုကို အထောက်အကူပြုခြင်း၊ စက်မှုလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုစေခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော် ရေသည် အဘက်ဘက်မှ လိုအပ်မှုရှိသည်မှန်သော်လည်း လူတို့သုံးစွဲနေရသည့် ရေပမာဏမှာ နည်းပါးနေသည်ကို တွေ့ရပေသည်။

ရေသည် သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သော သယံဇာတတစ်မျိုးဖြစ်သည်။ သက်ရှိဟုဆိုရာတွင် လူအပါအဝင် အပင်နှင့် တိရစ္ဆာန်တို့ ပါဝင်ပေသည်။ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"ဟု ဆိုထားရာ ထမင်းမစားရလျှင် ခုနစ်ရက်အသက်ရှင်နေနိုင်သော်လည်း ရေမသောက်ရလျှင် တစ်မနက်သာအသက်ရှင်နေနိုင်သည်ဟု ဆိုထားခြင်းဖြစ်သည်။ လူတစ်ဦး၏ ခန္ဓာကိုယ်အတွင်း၌ ၇၀ ရာခိုင်နှုန်းသည် ရေများသာဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ရေပမာဏ ငါးရာခိုင်နှုန်း လျော့နည်းပါက ရေငတ်ဝေဒနာကို ခံစားကြရပေမည်။ ထိုထက်ပို၍ ၁၀ ရာခိုင်နှုန်းလျော့နည်းသွားပါက သေဆုံးသည်ထိဖြစ်လာနိုင်ပေသည်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှရေများကို သရုပ်ခွဲကြည့်ပါက ရေချိုနှင့် ရေငန်ဟူ၍ နှစ်မျိုးသာရှိရာ သက်ရှိများအတွက် အသုံးအဝင်ဆုံးမှာ ရေချိုသာဖြစ်ပေသည်။ သို့ရာတွင် ကမ္ဘာ့ရေထုအားလုံး၏ ၉၇ ရာခိုင်နှုန်းမှာ ပင်လယ်သမုဒ္ဒရာများနှင့် ဆားငန်ရေများဖြစ်ပြီး သုံးရာခိုင်နှုန်းသာ ရေချိုပမာဏဖြစ်သည်။ ထိုသုံးရာခိုင်နှုန်းတွင်လည်း ရေခဲတောင်၊ ရေခဲမြစ်နှင့် မြေအောက်ရေမှာ ၂ ဒသမ ၉၉၇ ရာခိုင်နှုန်းရှိရာ လူတို့သုံးစွဲနိုင်သောရေမှာ သုည ဒသမ ၀၀၃ ရာခိုင်နှုန်းသာဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးအနေဖြင့်ဆိုရလျှင် သုံးစွဲနိုင်သောရေချိုပမာဏမှာ အလွန်ပင် နည်းပါးလှပေသည်။

ရေချိုသည် လူနှင့် တိရစ္ဆာန်များ၊ အပင်များရှင်သန်ရေးအတွက်လည်းကောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း မရှိမဖြစ်အရေးပါသည့် လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။ ရေချိုသုံးစွဲခြင်းနှင့်ပတ်သက်၍ လူသားတို့အနေဖြင့် သောက်သုံးခြင်းနှင့် အခြားသောအထွေထွေ အသုံးပြုခြင်းအတွက် ရှစ်ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးအတွက် ၇၀ ရာခိုင်နှုန်း၊ စက်ရုံအလုပ်ရုံများအတွက် ၂၂ ရာခိုင်နှုန်းကို အသုံးပြုကြသည်။

ရေသုံးစွဲမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ခန့်မှန်းချက်အရ ကမ္ဘာ့ရေချို၏ တစ်ရာခိုင်နှုန်းထက်နည်းသော သို့မဟုတ် ကမ္ဘာ့ရေထု၏ တစ်သိန်းပုံခုနစ်ပုံကိုသာ လူသားတို့သုံးစွဲနိုင်ကြောင်း ခန့်မှန်းထားသည်။ ရေချိုတွင် သန့်ရှင်းသောရေနှင့် ညစ်ညမ်းသောရေဟု ခွဲခြားထားရာ ရေထု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရေသန့်ဖြစ်ကြောင်း WHO သတိပေးလာသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ ကျော်ရှိနိုင်သည်ဟု ခန့်မှန်းထားရာ ယခုလက်ရှိ ရေချိုပမာဏအတိုင်းဆိုပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် ရေရှားမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံရနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က သတိပေးထားသည်။

ရေသည် အသက်သွေးတမျှ အရေးကြီးသည်။ ရေသည် သက်ရှိသတ္တဝါများအတွက် အရေးအပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်နိုင်မည်မဟုတ်ပေ။ လူဦးရေတိုးတက်များပြားလာမှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်များပြားလာနေသော ယနေ့ကမ္ဘာကြီးတွင် ရေလိုအပ်ချက်အထူးသဖြင့် ရေချိုလိုအပ်ချက်ရှိနေသောကြောင့် လူသားတိုင်းအနေဖြင့် ရေကို ချွေတာသုံးစွဲကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးကုန်စည်ဒိုင်ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်ထိ ယာယီပိတ်ထားမည်



**မန္တလေး မတ် ၂၁**

ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်ထိယာယီပိတ်ထားမည်ဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်များကို ပုံမှန်အတိုင်းအရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း၊ မန္တလေးကုန်စည်ဒိုင်ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့၊ ဧပြီ ၁၅ရက် သင်္ကြန်အကြတ်နေ့၊ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့၊ ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့ထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၈ ရက်မှစ၍ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်းကုန်စည်အားလုံးနီးပါး အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲနဲ့နှမ်းကတော့ အရောင်းအဝယ် ပြန်ကောင်းနေတယ်။ အရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ ဦးရေမှာ မတ်လပထမပတ်က တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်သာရှိခဲ့သော်လည်း မတ်လဒုတိယပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"သင်္ကြန်ကာလကတော့ ပဲ၊ ပြောင်း၊ နှမ်း စတဲ့ကုန်စည်တွေကို အရောင်းအဝယ်လုပ်တဲ့ လုပ်ငန်းရှင်တွေအားလုံးနီးပါး လုပ်ငန်းရပ်ဆိုင်းကြတာများတယ်။ ဒါကြောင့် ကုန်စည်ဒိုင်ကိုလဲ သင်္ကြန်တွင်းကာလမှာ ယာယီပိတ်ထားမှာပါ။ သင်္ကြန်ပြီးသွားမှပဲ ကုန်စည်ဒိုင်ပြန်ဖွင့်လှစ်ပေးပြီး ပဲ၊ ပြောင်း၊ နှမ်း စတဲ့ကုန်စည်တွေ အရောင်းအဝယ်ပြန်ပြီးပြုလုပ်ခွင့်ပေးသွားမှာပါ"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

လက်ရှိ မန္တလေးကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး မတ် ၂၁**

မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ် အနည်းငယ်ဖြစ်နေပြီး လျှပ်စစ်ကားများစိတ်ဝင်စားမှုမြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် နံပါတ်ထွက်ပြီးတစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများနှင့် ပွိုင့်သီးကားများ၊ ၆၆၀ စီစီပစ်ကပ်ကားများတွင်လည်း ငွေကျပ် သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြား ဈေးတန်းရှိကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ငွေကျပ် သိန်း ၁၀၀၀ အထက် အမြင့်ကားများနှင့် ငွေကျပ် သိန်း ၅၀၀ အောက်ကားများ ဈေးနှုန်း အနည်းငယ် မြင့်တက်လာသော်လည်း ဘယ်မောင်းကားများပို၍ အရောင်းအဝယ်ဖြစ်ကြောင်း၊ထို့ပြင် လျှပ်စစ်ကားများ ယခင် ငွေကျပ် သိန်း ၁၇၅၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ငွေကျပ် သိန်း ၁၅၀၀ ခန့်သို့ ကျဆင်းလာကြောင်း၊ SKD ကားများတွင်လည်း ယခင် ငွေကျပ် သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ငွေကျပ် သိန်း ၈၅၀ သို့ကျဆင်းလာကြောင်း သိရသည်။

ကားဟောင်းများမှ ငွေကျပ် သိန်း ၄၀၀ ခန့်ဈေးတန်းရှိကားများ အရောင်းအဝယ်ရှိနေပြီး ၆၆၀ စီစီ ပစ်ကပ်ကားများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်းခန့်၊ အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၆၀၊ Auto ငွေကျပ် သိန်း ၁၈၀ ခန့်ဖြင့်အရောင်းအဝယ်ရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ်အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များလည်း နေရာတစ်ခုရလာပြီး ငွေကျပ် ၁၅ သိန်းမှ သိန်း ၅၀ ခန့်ထိရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်း၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/ CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ထိရှိကြောင်း၊ထိုင်းနိုင်ငံထုတ်နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း)ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ အနိမ့်ဘီး Click မှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့်ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း သင်္ကြန်အတာအိုးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၂၁**

မန္တလေးဈေးကွက်အတွင်း သင်္ကြန်အတာအိုးများ မတ်လဆန်းပိုင်းမှဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း ရွှေညောင်ပင် အိုးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်တင်မာနွယ်က ပြောပြ၍ သိရသည်။

သင်္ကြန်အတာအိုးများကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးကျေးရွာနှင့် မတ္တရာမြို့နယ် စကျင်ကျေးရွာတို့မှ ထုတ်လုပ်တင်ပို့ကာ မန္တလေးဈေးကွက်အတွင်း အိုးအမျိုးအစားအလိုက် တစ်အိုးလျှင် လက်လီဈေးနှုန်းအဖြစ် ငွေကျပ် ၈၀၀ မှ ၁၂၀၀ ထိဖြင့်လည်းကောင်း၊ လက်ကားဈေးနှုန်းအဖြစ် ငွေကျပ် ၆၀၀ မှ ၇၀၀ ထိဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ အသုံးပြုကြမဲ့ အတာအိုးတွေကို တပ်ကြီးရွာက အများဆုံးထုတ်လုပ်ရောင်းချပါတယ်။ နှစ်သစ်ကူးကာလမှာ မြန်မာလူမျိုးတွေအနေနဲ့ လူပြည်ကိုဆင်းလာတဲ့ သိကြားမင်းကို နေ့နံ ခုနစ်မျိုးပါတဲ့ အညွန့်ပန်းနဲ့ အတာအိုးထဲမှာထည့်ပြီး ရိုးရာဓလေ့အဖြစ် လှူဒါန်းကြိုဆိုကြတယ်။ ဒါ့ပြင် နှစ်ဆန်း တစ်ရက်နေ့မှာလဲ ပရိတ်အိုးအဖြစ်အသုံးပြုလေ့ရှိကြပါတယ်။ ဒါကြောင့် အိုးလုပ်ငန်း လုပ်ကိုင်သူတွေက သင်္ကြန်ကာလအတွက် အတာအိုးတွေကို ကြိုတင်ပြီးပြုလုပ်ထားကြတာပါ"ဟု ဒေါ်တင်မာနွယ်က ပြောပြသည်။

သင်္ကြန်အတာအိုးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း အမရပူရမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မတ္တရာမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုမြို့နယ်တွင် မိရိုးဖလာစီးပွားရေးလုပ်ငန်းအဖြစ် အဓိကထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့်အိုးများကို မန္တလေးမြို့သို့ အများဆုံးတင်ပို့ရောင်းချကြသည့်အပြင် ခန္တီး၊ မော်လိုက်၊ ဟုမ္မလင်းနှင့် ပုဂံ-ညောင်ဦးဒေသတို့သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်လေးပင်မြို့နယ် အေးရွာကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၀၃ သန်းဖြင့် အေးရွာကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ အေးရွာကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကွန်ကရစ်တံတားကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အေးရွာကျေးရွာ၌ အရှည်ပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၀၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Trust Partner ကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။


အဆိုပါ ကွန်ကရစ်တံတားတည်ဆောက်နိုင်မှုကြောင့် အေးရွာကျေးရွာရှိ အိမ်ခြေ ၃၈၄ အိမ်မှ လူ ၁၇၇၅ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော်မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**




**မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပဒုမ္မာမြို့ ကျွဲတဲအုပ်စု သပြေကုန်းရပ်ကွက်နေ ဦးအောင်ကျော်ဖိုး-ဒေါ်စင်နွဲ့၊ သားမောင်သက်ဆွေအောင် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဇင်မောင်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။**

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိ



**မအူပင် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးဝင်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့်ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး မတ်လပထမပတ်မှစတင်၍ အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိ ကြက်သွန်နီပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၂၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ရှမ်းပြည်ဘက်မှာ အရင်နှစ်တွေကထက် ဒီနှစ် ကြက်သွန်နီတွေ အထွက်နှုန်းနည်းနေတယ်လို့ သိရပါတယ်။ အထွက်နှုန်းနည်းနေပေမဲ့ ပုံမှန်ဝင်ရောက်နေပါတယ်။ အခြားဒေသတွေကနေ ဧရာဝတီတိုင်းဒေသကြီးကို ကြက်သွန်နီတင်ပို့တာလဲနည်းတယ်။ လက်ရှိပေါက်နေတဲ့ ကြက်သွန်နီဈေးကလဲ သင့်တယ်လို့ ပြောရမယ်။ လက်ရှိ ပိဿာချိန် တော်တော်များများ အရောင်းအဝယ်ဖြစ်နေတယ်။ ပွင့်လင်းရာသီရောက်လာတာနဲ့အမျှ ကြက်သွန်နီက အရောင်းအဝယ်တော်တော်ကောင်းနေပါတယ်။ လက်ရှိတစ်ပတ်ကို ပိဿာချိန် ၁၀၀၀ နဲ့အထက်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မအူပင်မြို့နယ်မှလယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ တစ်ပတ်လျှင် ကြက်သွန်နီပိဿာချိန် ၁၀၀၀ မှ ၁၄၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကြက်သွန်နီများအရောင်းအဝယ်ကောင်းနေခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ စသည့်လုပ်ငန်းများ အခွင့်အလမ်းကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နေရကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လင်းခေးမြို့နယ် နောင်တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**လင်းခေး မတ် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်တောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နောင်တောင်ကျေးရွာ၌ လမ်းအရှည်ပေ ၇၅၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သုည ဒသမ ၈၈ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက နောင်တောင်ကျေးရွာပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ထက် ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၁၆၂၅ ဧက ရိတ်သိမ်းပြီးစီး

**အင်းတော် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၁၆၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် စိုက်ပျိုးထားသောနှမ်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၆၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၄ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်း ၁၁၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို ရိတ်သိမ်းနေပါတယ်။ ဒီနေ့မှာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် နှမ်း ၁၁၆၂၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိစိုက်ပျိုးခဲ့ရာ ၁၁၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါတင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)



# စာပန်းချီခြယ်သ ဂုဏ်ပေါင်းခြံရတဲ့ တပေါင်းသာခေါင် လများနောင်

**"တပေါင်းရယ်တဲ့ မိန်ရာသီ၊**
**ရွက်ဟောင်းကိုလေနှင်လို့**
**ပန်းတော်ဝင် ရွှေအင်ကြင်းငယ်**
**သင်းပျံ့ခဲ့ပြီ။**
**နံ့တျာသဏ္ဍာန်စံလိုပ**
**စံအမြွာညာသရစ်ကယ်တို့**
**ဝနာသစ်ပြောင်းခါမို**
**ဆောင်းရာသီရယ်တဲ့ကုန်ကျွမ်း။**
**ဘရဂ္ဂဏ္ဍီမှာ တူအညီသော်တာပြည့်ပါလို့**
**မျှော်ကြည့်သူ ကြည်ကြည်သာလို့**
**သည်အခါ. . . ငွေတောင်ဦးမှာလ**
**သဲစေတီသဘင်ထူးကို**
**မြူးလို့ပျော်စန်း"။ ။**
**(ဆရာကြီး ဦးပြုံးချို၏ လေးဆစ်သဖြန်)**

သဲပုံစေတီ၊ သရဖီနှင့်၊ စာပန်းချီခြယ်ဝင့်၊ ဂုဏ်မြင့်ဂုဏ်တင့်နေသော တပေါင်းလသည် မြန်မာ့တစ်ဆယ့်နှစ်လ၏ ဒွါဒသမ ၁၂ လမြောက်ဖြစ်သည်။

**"တပေါင်း"**၏အဓိပ္ပာယ်မှာ **"တ"** = ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ **"ပေါင်း"** = ကျိုသည်။ ချက်သည်။ ထန်းရည်များကို ပေါင်းစပ်ကျိုချက်သည့် အခါသမယ၊ ထန်းပေါင်းလဖြစ်ကြောင်း၊ **"ထန်းပေါင်း"**မှ **"တပေါင်း"**ဟု ရွေ့လျားခေါ်ဆိုခဲ့ကြကြောင်း၊ ထို့ပြင် ထက်ဝလာတစ်ခွင်၌ **"အဿဝဏီ"**အစ **"ရေဝတီ"**အဆုံး၊ နက္ခတ် ၂၇ လုံး အားလုံးစုဝေး၍ တစ်ပေါင်းတည်းထွက်ပေါ်လာကြသည်ကိုအကြောင်းပြု၍ **"တစ်ပေါင်း"** **(တပေါင်း)**ဟု ခေါ်ဆိုခဲ့ကြကြောင်း မှတ်တမ်းတင်ထားကြသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင်မူ **"တပရှား"**= ပူပင်ခြင်းဆောင်သောလဟု ဖွင့်ဆိုထားသည်။ **"တပ"**ဟူသော ပါဠိသက်ဝေါဟာရသည် ဝီရိယအားကြီးမှု၊ ကြိုးစားမှု၊ ကိလေသာများကင်းစင်အောင် အားထုတ်မှု၊ ကြံ့ခိုင်စွာရပ်တည်နိုင်မှု၊ အရှုံးမပေး၊ ဝွံမလျှော့မှုစသည်ဖြင့် အလွန်လေးနက်သောအဓိပ္ပာယ်ကို ဆောင်သည်ဟူ၏။ ထို့ကြောင့် နေမင်းကို **"တပ"**ဟုခေါ်ဆိုပြီး **"နေ့ဥတု"**ဟုလည်း သတ်မှတ်ထားကြသည်။ ထို **"တပ"**မှ **"တပေါင်း"**ဖြစ်လာကြောင်း ဖွင့်ဆိုခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာများတွင် **"တပေါင်း"**ကို **"တပေါင်"**ဟု ဝစ္စနှစ်လုံးပေါက်မပါဘဲ ရေးထိုးခဲ့ကြသည်။ အင်းဝခေတ်ကျပါမှ ဝစ္စနှစ်လုံးပေါက်ထည့်ကာ **"တပေါင်း"**ဟု ကမ္ပည်းရေးထိုး၊ ပြောဆိုလာခဲ့ကြကြောင်း မှတ်တမ်းပြုစုထားကြသည်။

ဆောင်းအကုန် နွေအကူး ပျော်မြူးသာယာလွမ်းမောဖွယ်ရာတပေါင်းလကို **"အခါလည်းကောင်း၊ လတပေါင်း"**ဟုတစ်မျိုး၊ **"တပေါင်းသာခေါင်၊ လများနောင်"**ဟုတစ်ဖုံ၊ **"ရသေ့သူတော်တိုင်မှ၊ ဉာဏ်မရိုင်း၊ ချာန်ယိုင်လျှောရတယ်၊ ကြော၍သာမြ"**ဟု တစ်သွယ် စာပန်းချီခြယ်သခဲ့ကြသည်။

မြတ်ဗုဒ္ဓ၏ခုဒ္ဒကနိကာယ်ဝင် သုတ္တန်နိပါတ်တော် ပရိတ်ကြီး ၁၁ သုတ်မှ ဒုတိယဖြစ်သော ရတနသုတ်ရွတ်စဉ်တွင် **"ဝနပ္ပဂုမ္ဗေ၊ ယထာဖုဿိတဂ္ဂေ ဂိမှာန-မာသေ ပဌမ သ္မိံ ဂိမှေ"**အစချီ၍ "နွေလများတွင် နွေဦးအစဖြစ်သော တပေါင်းလ၌ ကောင်းစွာဖူးပွင့်ဝေဆာ၊ ခက်ဖြာမျိုးစုံရှိကြသော တောအုပ်သည် အသရေရှိလှပါဘိ။ ထို့အတူ ထိုတောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်းတရားတော်မြတ် ပိဋကတ်တော်ကို နိဗ္ဗာနဓာတ် အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ ရှင်တော်ဘုရား၏ တရားဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ"ဟူ၍ တပေါင်းလကို နိဗ္ဗာန်ရောက်ကြောင်း၊ ပရိယတ္တိတရတနာနှင့်ပမာတူကြောင်း၊ ခိုင်းနှိုင်းတင်စားကာ မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့လေရာ တပေါင်းသာခေါင် လများနောင်အဖြစ် ပိုမိုထူးခြားပြောင်မြောက်သွားခဲ့သည်။

**"ထေရ်ပရဝဲသုံးလူ့ဖော်ငယ်၊ ဖသုဒ္ဓေါ်ခံမြန်းတဲ့**
**မှန်နန်းကြ ပြည်ကမ္ဘာ၊ မြန်းတဲ့ရာသီ၊**
**ယုန်စန်းနှင့်၊ ဘရဂ္ဂဏ္ဍီယံ၊**
**တူတာညီယှဉ်တုံးမို့လေး။ ။ (ဦးကြော့ဖွဲ့ တေးထပ်)**

မြတ်ဗုဒ္ဓဘုရားရှင်လက်ထက်၌ **"ဖွားဖက်တော်ကာဠုဒါယီအမတ်ကြီး"**က ကပိလဝတ်ပြည်မှ ဗုဒ္ဓ၏ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိသားစုကလွမ်းမောတမ်းတနေကြသဖြင့် ကြွရောက်ချီးမြှင့်ပေးစေရေးအတွက် တပေါင်းလနှင့် တောတောင်သဘာဝသာယာလှပပုံအဖုံဖုံကို "အင်္ဂါရိနော-ဒါနိဒုမာဘဒန္တေ" အစချီသော ဂါထာပေါင်း ၆၄ ပုဒ်ဖြင့် ဖွဲ့သီလျှောက်ထားပန်ကြားခဲ့သည်။ ထိုဂါထာများကို အင်းဝခေတ် (ကောဇာနှစ် ၈၇၉)ခန့်တွင် **"ရဟန်းစာဆိုတော်ကြီး ရှင်အုန်းညို"**က **"ဂါထာ (၆၀)တောလားပျို့"**အဖြစ် ရေးဖွဲ့ခဲ့ရာ မြန်မာစာပေလောကတွင်ယနေ့ထက်တိုင် ဂန္ထဝင်တွင်နေပါသည်။

မြတ်ဗုဒ္ဓသည် နောက်ပါရဟန်းသံဃာတော်များနှင့် တပေါင်းလတွင် ကပိလဝတ်ပြည်သို့ ကြွချီလာခဲ့ကြရာ ပင်ပန်းပူလောင်ခြင်းကို တန်ခိုးတော်ဖြင့် မအေးမြစေဘဲ တောရိပ်သစ်ရိပ်များကြားမှာပင် ချွေးသိပ်နားတော်မူခဲ့လေသည်။ တောရိပ်၊ တောင်ရိပ်၊ သစ်ပင်ကြီးငယ်များ၏ အရိပ်အာဝါသအေးမြမှုကို နှစ်သက်ချီးကျူးနေကြသော နောက်ပါရဟန်းသံဃာတော်များကို မြတ်ဗုဒ္ဓက "သစ်ပင်၏ အရိပ်အာဝါသထက် ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် အမိအဖတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက်မြတ်စွာဘုရားတို့၏အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်အထိ အလွန်ချမ်းသာ အလွန်အေးမြလှပါပေ၏"ဟု ဟောကြားတော်မူခဲ့ရာ လတပေါင်း၏တန်ဖိုးမဖြတ်နိုင်သော အကျိုးထူးပင်ဖြစ်ပါသည်။

ဂုဏ်ရောင်ထွန်းပြောင်လှသည့် တပေါင်းလရာသီအမည်က **"မိန်"**၊ စန်းပြည့်နက္ခတ်က **"ဥတ္တရာဘရဂုဏ်"**၊ ယှဉ်တာရာက **"ဆံကျင်တာရာ"**၊ ရာသီရုပ်က **"ငါးနှစ်ကောင်"**၊ ရာသီပန်းက **"သရဖီပန်း"**၊ ရာသီပွဲက **"သဲပုံစေတီ"**၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **"ကေရာစ်ပင်"**၊ ရက်ရာဇာက **"ဗုဒ္ဓဟူး၊ စနေ"**၊ ပြဿဒါးက **"အင်္ဂါ၊ ရာဟု"**စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

**သဲပုံစေတီနှင့် ဗုဒ္ဓပူဇနီယပွဲတော်**

**"ဖူးတံနီထွေဆန်းလို့၊ အင်ကြင်းပန်းရွှေဖီ။**
**သဲစေတီတည်စေပြပေ၊ သဘင်ပွဲကုန်လရာသီ"။**
**(ဦးပေါ်ဦး)**

**"တပေါင်းဝါရှိန်၊ ရာသီမိန်၊ တောက်ထိန်မဂ္ဂထာ။**
**သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ။**
**(ကင်းဝန်မင်းကြီးသံပေါက်)**

**"တပေါင်းလသာ၊ လတကာထက်၊**
**နှိုင်းရာဆက်ရှောင်၊ လများနောင်ကား၊**
**တောင်လည်းသာမော၊ တောလည်းသာထွေ၊**
**ရေလည်းသာလှ၊ ဖြူဆွသောင်ပြင်**
**ငှက်ပေါင်းရှင်၍၊ သဘင်အညီ၊**
**သဲစေတီဟု၊ မြောက်ချီးရှင်ပ၊ လှူဒါန်းကြလျက်"။**
**(ဦးအောင်ကြီးဖွဲ့ လူးတား)**

တပေါင်းလပြည့်နေ့မှာ မြစ်ကမ်း၊ ချောင်းဘေးနေရာများတွင်ရှိကြသော ညီညာပြန့်ပြူးသန့်ရှင်းနေကြသည့်သဲသောင်ပြင်များတွင် မြေပြင်ကိုရှင်းလင်းကြပြီး ထိုသဲသောင်ပြင်ပေါ်တွင် စနစ်တကျညီညာစွာရစ်ခွေထားကြသည့် ဝါးခွေကြီးများကို တစ်ဆင့်ပြီးတစ်ဆင့် တင်ကာ ငွေရောင်တောက်ပသည့် သဲဖြူလွလွများကို လောင်းထည့်ချကြရပါသည်။ စေတီတော်ပုံတော်အတိုင်း ဖောင်းရစ်များအထက် ငှက်ပျောဖူးတိုင်အောင် ကြီးစဉ်ငယ်လိုက် ဝါးခွေများကိုဆင့်ခံပြီး သဲထည့်ကြရသည်။ ဉာဏ်တော် ခုနစ်တောင်၊ ကိုးတောင်အမြင့်ရောက်၍ စေတီတော်တစ်ဆူပုံသဏ္ဌာန်ပေါ်ပေါက်လာသောအခါ စက္ကူထူထူဖြင့် ထီးတော်ပြုလုပ်၍ ထိပ်တွင် ပန်းလည်တိုင်ထိုးကာ တင်လှူကြရသည်။ ထီးဖြူများလည်း ကပ်လှူကြသည်။ သဲပုံစေတီကို အနေကဇာတင်ခြင်း၊ ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်းများကပ်လှူပူဇော်ပွဲကို အတီးအမှုတ်၊ အကအခုန်များစုံလင်စွာ ညှော်ခံကျွေးမွေးလှူဒါန်းကြလေ့ရှိသည်။

သဲပုံစေတီကို ရှေးလွန်လေပြီးသောကမ္ဘာတစ်သိန်းကာလက ဒေဝလမည်သော ရသေ့တစ်ပါးက စတင်ခဲ့သည်ဟု မှတ်တမ်းပြုထားခဲ့ကြသည်။ ဟိမဝန္တာတောင်တွင် နတ်တို့ဖန်ဆင်းပေးသည့် ကျောင်းသင်္ခမ်း၌ အလုပ်အကျွေးပြု တပည့်ပေါင်းထောင်သောင်းမကနှင့် အတူနေထိုင်သောထိုရသေ့သည် သဲများကို စေတီပြုလုပ်ကာ ဘုရားရှင်ကိုရည်မှန်းပြီး ပန်းအမျိုးမျိုးဖြင့် ပူဇော်ကန်တော့နေခဲ့ကြောင်း၊ ထို့ပြင် အပဒါန်ပါဠိတော်ပါ"ပုလိနထူပိယမထေရ်လောင်းနာရဒရှင်ရသေ့" သည် မြစ်ကမ်းထိပ်မှာတရားအားထုတ်ရင်း မြစ်ပြင်သောင်ထွန်းလာသောအခါ သဲများကိုစုပုံ၍ သဲပုံစေတီတည်ထားကိုးကွယ်ခဲ့ကြောင်း၊ သဲပုံစေတီပွဲတော်သည် ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်ခဲ့သည့်ပွဲတော်ဖြစ်ကြောင်း၊ အနော်ရထာမင်းစောသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်း သဲသောင်ပြင်ပေါ်(သဲစည်းခုံပေါ်)တွင် စွယ်တော်မြတ်ကိုဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားတော်မူခဲ့ရာ သဲစည်းခုံပေါ်တွင် တည်ထားသဖြင့် **"ရွှေစည်းခုံ"**ဟု ဘွဲ့အမည်ပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

❖ သဲပုံစေတီ၊ သရဖီနှင့်၊ စာပန်းချီခြယ်ဝင့်၊ ဂုဏ်မြင့်ဂုဏ်တင့်နေသော တပေါင်းလသည် မြန်မာ့တစ်ဆယ့်နှစ်လ၏ ဒွါဒသမ ၁၂ လမြောက်ဖြစ်သည်။ "တပေါင်း"၏အဓိပ္ပာယ်မှာ "တ" = ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ "ပေါင်း" = ကျိုသည်။ ချက်သည်။ ထန်းရည်များကို ပေါင်းစပ်ကျိုချက်သည့်အခါသမယ၊ ထန်းပေါင်းလဖြစ်ကြောင်း၊ "ထန်းပေါင်း"မှ "တပေါင်း"ဟု ရွေ့လျားခေါ်ဆိုခဲ့ကြကြောင်း၊ ထို့ပြင် ထက်ဝလာတစ်ခွင်၌ "အဿဝဏီ"အစ "ရေဝတီ"အဆုံး၊ နက္ခတ် ၂၇ လုံး အားလုံးစုဝေး၍ တစ်ပေါင်းတည်းထွက်ပေါ်လာကြသည်ကို အကြောင်းပြု၍ "တစ်ပေါင်း" (တပေါင်း)ဟု ခေါ်ဆိုခဲ့ကြကြောင်း မှတ်တမ်းတင်ထားကြသည်။ ❖

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ဗုဒ္ဓဘာသာဝင်တိုင်းသည် မြတ်ဗုဒ္ဓအား ရည်မှန်းပူဇော်ကြရာတွင် ဘာသာအယူအဆနှင့် ရိုးရာယဉ်ကျေးမှုကိုအခြေပြုကာ ကိုးကွယ်ဆည်းကပ်ပူဇော်နေကြလေ့ရှိသည်။ သဲပုံစေတီတည်ထားကိုးကွယ်မှုများအပြင် နယ်မြေဒေသအခြေအနေအရ ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်များကိုလည်း တပေါင်းလပြည့်နေ့နှင့် ဝန်းကျင်နေ့ရက်များတွင် နှစ်စဉ်ကျင်းပကြလေ့ရှိသည်။

ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်နှင့် ရှေးဟောင်းနောင်တော်ဘုရားသုံးဆူ၏ ဖြစ်တော်မူသော **"ကကုသန်၊ ကောဏာဂုံနှင့် ကဿပဘုရားရှင်"**တို့၏ တောင်ဝှေးတော်၊ ဓမ္မကရိဏ်းရေစစ်တော်နှင့် ရေသနုပ်သင်္ကန်းတော်များအပါအဝင် သိင်္ဂုတ္တရကုန်းမြေတွင်ဌာပနာပြီး **"လေးဆူဓာတ်ပုံ ရွှေတိဂုံ"**ဟု ဘွဲ့အမည်တွင်သော ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားပူဇော်၍ ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့နှင့် ဝန်းကျင်နေ့ရက်များတွင် ကျင်းပခဲ့ကြသည်။ အနယ်နယ်အရပ်ရပ်ရှိ ဘုရားစေတီတော်များတွင်လည်း ထိုနည်းတူကျင်းပခဲ့ကြသည်။

**ပုန်းမကြည် တင်မြှောက်ပသပွဲ**

မြန်မာလယ်သမားများနှင့် ထန်းတက်သမားများက သီးနှံအထွက်ကောင်းရန်နှင့် ထန်းရည်(ထန်းလျက်)အထွက်ကောင်းရန်အတွက် တပေါင်းလတွင် **"ပုန်းမကြည်အရှင်(ပုဗ္ဗကြယ်)"**ကို တင်မြှောက်ပသလေ့ရှိခဲ့ကြသည်။ ပုန်းမကြည်သည် ဘီလူးမဖြစ်ပြီး ဆိတ်ငြိမ်သောနေရာတွင် ပုန်းအောင်းနေရမှသာ စိတ်ကြည်လင်လေ့ရှိသည်ကိုအစွဲပြု၍ ပုန်းမကြည်ဟု ခေါ်ဆိုခဲ့ကြသည်။

အချို့က **"ဖုန်းမဂျီ"**၊ **"ပုဗ္ဗကြည်"**၊ **"ပုဏ္ဏကျီ"**ဟု ခေါ်ဆိုကြသည်။ သက္ကတဘာသာအားဖြင့် **"ပုဗ္ဗဂြိ"**ဟု ခေါ်သည်။ ဓမ္မပဒပါဠိတော်တွင်ပါရှိသည့် **"ကာဠယက္ခနီဘီလူးမ"**ဝတ္ထုကို အကြောင်းပြုပေါ်ပေါက်လာခြင်းဖြစ်သည်။

ပုဏ္ဏားလုလင်တစ်ယောက်က အမြုံဖြစ်နေသော မယားကြီး၏ သဘောတူညီချက်ဖြင့် နောက်မိန်းမတစ်ယောက်ထပ်ယူခဲ့သည်။ ထိုမိန်းမမှာ ကိုယ်ဝန်ရှိလာသောအခါ မယားကြီးက ကိုယ်ဝန်ပျက်ကျအောင် အဆိပ်ခတ်လုပ်ကြံခဲ့သည်။ ဒုတိယအကြိမ်လုပ်ကြံပြီး တတိယအကြိမ် ကိုယ်ဝန်ပျက်ကျအောင် အဆိပ်ခတ်ပြန်ရာ အဆိပ်များသွားသဖြင့် နောက်မိန်းမသေဆုံးခဲ့သည်။ သေဆုံးသွားသောမိန်းမက မယားကြီး၏ လုပ်ကြံမှုကိုသိသွားခဲ့ပြီး ဖြစ်လေရာဘဝမှာ လက်စားချေရပါလို၏ဟု ရန်ငြိုးဖွဲ့ကျိန်ဆိုခဲ့သည်။

ဒုတိယမိန်းမသေဆုံးသွားသောအခါ ထိုအိမ်မှာ ကြောင်မဖြစ်လာခဲ့သည်။ မယားကြီးလုပ်ကြံ၍ မယားငယ်သေဆုံးရသည်ကို သိသွားသော ပုဏ္ဏားလုလင်က မယားကြီးကို စိတ်ဆိုးပြီးသတ်ခဲ့ရာ ထိုအိမ်မှာပင် ကြက်မဖြစ်သွားခဲ့သည်။ ကြက်မ၏ ကြက်ဥများကို ကြောင်မက အမြဲတမ်းစား။ တစ်ဖန်ကြက်မက ဆုတောင်း။ သေတော့ကျားသစ်မဖြစ်လာ။ ကြောင်မကသေတော့ သမင်မဖြစ်လာ။ သမင်မမွေးသမျှ ကျားသစ်မက စား၊ (သမင်မွေးရင်းကျားစားရင်း စကားပုံဖြစ်ပေါ်လာ) သမင်မက ဘီလူးမဖြစ်လာ။ ကျားသစ်မက လူမိန်းကလေးဖြစ်လာ။ လူမိန်းကလေးက ကလေးမွေးတိုင်း ဘီလူးမက မရအရယူပြီး စားလေ့ရှိ၊ လူမိန်းကလေးက နောက်ဆုံးမွေးသည့်ကလေးကိုပွေ့ပိုက်ပြီး မြတ်ဗုဒ္ဓရှေ့အရောက်ပြေး။ ဘီလူးမကလည်း ထက်ကြပ်မကွာလိုက်ပါလာ။ ဘုရားရှင်က သူတို့အကြောင်းသိတော်မူ။ ရန်ကိုရန်ချင်းမတုံ့နှင်းရန်တရားဟော။ နှစ်ဦးစလုံးအကျွတ်တရားရသွားကြပြီး မိတ်ဆွေဖြစ်သွားကြ။ သူတော်ကောင်းဖြစ်သွားသည့် **"ကာဠယက္ခနီဘီလူးမ"**ကို လူမိန်းမက သူ့အိမ်နှင့်မနီးမဝေးတောထဲမှာ စောင့်ရှောက်ထားခဲ့။ ဘီလူးမကလည်းကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မြေသြဇာကောင်း၊ မိုးလေဝသကောင်းအောင်ညွှန်ပြပြီး စိုက်ပျိုးရေး

စာမျက်နှာ ၅ သို့ ➤

## ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကမ္ဘာ့ရေလှောင်တန်ဖိုးထား ထိန်းသိမ်းကြစို့လား

- ရွှေကိုမလို
ရေကိုသာလိုသည့်စကား၊
ရေရှားသောအရပ်ဒေသမှာ
ပြောကြသည်အား။

- စဉ်းစား၍ကြည့်လျှင်လေ
မြင်သာပေလိမ့်မည်တည့်၊
ရေခက်ခဲသည့်ဒုက္ခကား
ဆိုးရွားပေ၏။

- သောက်သုံးချက်ပြုတ်လျှော်ဖွပ်ရာ
လိုအပ်သည်သာမက၊
စိုက်ပျိုးမွေးမြူခြင်းတွေလည်း
သုံးစွဲပါရ။

- ရေမရှိလျှင်မဖြစ်ဟု
ညွှန်းဆိုပြုဖွယ်ရာ၊
ရေ၏အသုံးဝင်ခြင်းက
များလှပေတာ၊
ထို့ကြောင့်မို့ ကမ္ဘာ့ရေလှောင်
ခြောက်ခန်းကာ မတိမ်ကောရေး၊
လူတိုင်းပင်တွေးရှု၍
ဂရုပြုထိန်းသိမ်းအား
ပြုငြားပါလေး။ ။

**အညာဇင်ယော်**

## ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၄၅၅၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မြောင်းမြ မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၄၅၅၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။



ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၈၆၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နေကြာများကို ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၅၅၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ နေကြာတစ်ဧကလျှင် ၁၈ ဒသမ ၂၂ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အတွင်းမှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက နေကြာဧက ၈၆၉၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့နေကြာတွေကို ပြန်လည်ရိတ်သိမ်းနေပြီး ဒီနေ့ထိ ၄၅၅၈ ဧက ရိတ်သိမ်းပြီးပါပြီ။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ နေကြာအထွက်နှုန်းကလဲ ကောင်းပါတယ်။ တစ်မြို့နယ်လုံးအနေနဲ့ အထွက်နှုန်းတိုးအောင် ခရိုင်နဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆီထွက်သီးနှံနေကြာများအတွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့်နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ရေနံချောင်းမြို့နယ် မကျီးတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ရေနံချောင်း မတ် ၂၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေတုတ်ကန်ကျေးရွာအုပ်စု မကျီးတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မကျီးတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

မကျီးတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်၍ ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅၉ ဦးကို ငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေဘ်လူး**

➤ စာမျက်နှာ ၄ မှအဆက်

အတွက် အထောက်အကူပြုခဲ့။ ထို့ကြောင့် တစ်ရွာလုံးတစ်နယ်လုံးက ပူဇော်ပသလာခဲ့ကြ။ နှစ်ကာလရှည်ကြာလာသောအခါ **"မုန်းမကြည်မ"**၊ **"အရှင်မ"**ဟု ခေါ်ဆိုပသလာခဲ့ကြသည်။

ပုန်းမကြည်မကိုပူဇော်ပသပုံမှာ မုန့်ဖြူ၊ မုန့်နီ၊ မုန့်ဝါတို့ကို တောင်သူများက **"နွားရုပ်၊ ထွန်ပုံ၊ ထယ်ပုံ"**၊ ထန်းတက်သမားများက **"ရင်းထောင်၊ ရင်းဆွဲ၊ ထန်းပင်ပုံ"**၊ ဈေးသည်များက **"ချပ်ပုံ၊ ချိန်ခွင်ပုံ၊ အလေးပုံ"** စသည်ဖြင့်ပြုလုပ်ကြပြီး တပေါင်းလဆန်းတစ်ရက်မှ သုံးရက်ထိ မိမိတို့အိမ်ရှေ့ရှိ တိုင်ထိပ်များ၌ အိုးသစ်နှင့်ထည့်၍ ဆွဲထားကြကာ ပုန်းမကြည်မကို တင်မြှောက်ပသကြသည်။

ပသနေကြဆဲတွင် **ပထမနေ့**တွင် လေလာပါက မိုးဦးကောင်းမည်။ **ဒုတိယနေ့**တွင် လေလာပါက မိုးလယ်ကောင်းမည်။ **တတိယနေ့**တွင် လေလာပါက မိုးနှောင်းကောင်းမည်။ **ထိုသုံးရက်စလုံး** လေမလာပါက မိုးသုံးပါးလုံးမကောင်းဟု နိမိတ်ဖတ်ကြလေ့ရှိသည်။ ရှေးမြန်မာလူမျိုးများ၏ တပေါင်းလရိုးရာဓလေ့ပင်ဖြစ်သည်။

ရှေးခေတ်က တပေါင်းလ၏ထူးခြားသောဝိသေသများအပြင် ယခုခေတ်ကာလတွင်လည်း တပေါင်းလ၌ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့များ၏ ဂုဏ်ထူးဝိသေသများလည်းရှိနေကြသည်။

ကောင်းမြတ်သောဂုဏ်ပေါင်းစုံခနေကြသည့် တပေါင်းလနှင့်စပ်လျဉ်း၍ ရှေးပညာရှိ ကဝိအဆူဆူ၊ စာပေဝိဒူအဆက်ဆက်တို့သည် မှန်မြတ်လှသည့် မြန်မာ့ယဉ်ကျေးမှုထုံးဓလေ့များနှင့် ဘာသာသာသနာဩဝါဒကထာများကို စာ၊ ကဗျာ၊ ရတုအစုစုရေးဖွဲ့မှတ်တမ်းတင်ခဲ့ကြသည်ဖြစ်ရာ ယနေ့မျိုးဆက်သစ်စာပေလာကသားများကလည်း ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးကြရန် လိုအပ်လှသကဲ့သို့ ခေတ်သစ်တပေါင်းလ၏ ကောင်းကျိုးများကိုလည်း ဖြည့်ဆည်းမှတ်တမ်းတင်ထားကြစေချင်ပါသည်။


**ကိုးကား**

- **တစ်ဆယ့်နှစ်ရာသီပွဲပေါင်းချုပ်**
- **ဝိသုဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**
- **ဆင်ဖြူကျွန်းအောင်သိန်း၏ ကျေးလက်ရိုးရာမြန်မာဓလေ့များ (ဒုတိယတွဲ)**

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယဝန်ကြီးချုပ် မိုဒီ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် ဖုန်းခေါ်ဆို ဆွေးနွေး







**ဒေလီ မတ် ၂၁**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် မတ် ၂၀ ရက်တွင် ရုရှားသမ္မတ ပူတင်၊ယူကရိန်းသမ္မတဇီလန်စကီး တို့နှင့် ဖုန်းခေါ်ဆို ဆွေးနွေးမှုများ သီးခြားစီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးမှုများအတွင်း အိန္ဒိယဝန်ကြီးချုပ်အနေဖြင့် နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကိစ္စများကို သမ္မတ ပူတင်၊ သမ္မတဇီလန်စကီးတို့နှင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒီမီထရိုကူလီဘာ အိန္ဒိယနိုင်ငံသို့မလာရောက်မီ ရုရှားသမ္မတ၊ ယူကရိန်းသမ္မတတို့နှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတဇီလန်စကီး၏ ယူကရိန်းငြိမ်းချမ်းရေး အစီအစဉ်အတွက် ကမ္ဘာ့နိုင်ငံများ၏ ထောက်ခံမှုရယူရန် ယူကရိန်းနိုင်ငံက ကြိုးပမ်းနေစဉ် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက လာမည့်ရက်သတ္တပတ်အတွင်း အိန္ဒိယသို့သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အစဉ်အလာအရ ရုရှားနိုင်ငံနှင့် စီးပွားရေးအရ၊ ကာကွယ်ရေးအရ ဆက်ဆံရေး ခိုင်မာသောနိုင်ငံဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ခဲ့သည့် ယူကရိန်းစစ်ရေးပဋိပက္ခအတွက် ရုရှားနိုင်ငံကို ပြစ်တင်ဝေဖန်မှု မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဗီယက်နမ်သမ္မတဗိုဗင်သောင် ရာထူးမှဖယ်ရှားခံရ ဒုတိယသမ္မတကို ယာယီသမ္မတအဖြစ် တင်မြှောက်

**ဟနွိုင်း မတ် ၂၁**

သမ္မတ ဗိုဗင်သောင် ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ဗီယက်နမ် အမျိုးသားလွှတ်တော်သည် ဒုတိယ သမ္မတ ဗိုသီအန်ရွှန်းကို ယာယီ သမ္မတအဖြစ် ယနေ့တွင် ရွေးကောက်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သမ္မတဟောင်းဗိုဗင်သောင်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီစည်းမျဉ်းများကို ချိုးဖောက်မှုဖြင့် မတ် ၂၁ ရက် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။

အသက် ၅၃ နှစ်အရွယ် ဗိုဗင်သောင်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်နေစဉ် ဖယ်ရှားခံခဲ့ရသော ထိပ်တန်းခေါင်းဆောင်များ စာရင်း၌ နောက်ဆုံးပါဝင်လာသူဖြစ်သည်။

ထို့ပြင် ဗိုဗင်သောင်သည် တစ်နှစ်တာကာလအတွင်း ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ဒုတိယမြောက် ဗီယက်နမ်သမ္မတလည်းဖြစ်သည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်က ယာယီသမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခဲ့သည့် ဗိုသီအန်ရွှန်းသည် ဗီယက်နမ်နိုင်ငံရေးလောက၌ ထိပ်တန်းရာထူးများရယူထားနိုင်သူအမျိုးသမီးအနည်းငယ်ထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ သမ္မတရာထူးမှာ ဂုဏ်ထူးဆောင်ရာထူးမျိုးသာဖြစ်သော်လည်း ဗီယက်နမ်၏ထိပ်ဆုံးရာထူးလေးခုထဲတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဟေတီနိုင်ငံရှိ အမေရိကန်နိုင်ငံသားများကို စင်းလုံးငှားရဟတ်ယာဉ်များဖြင့် စတင်ခေါ်ထုတ်

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်နိုင်ငံ၏ စင်းလုံးငှားရဟတ်ယာဉ်များသည် ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့ရှိ အမေရိကန်နိုင်ငံသားများကို မတ် ၂၀ ရက်တွင် စတင် ခေါ်ထုတ်နေပြီဖြစ်ကြောင်း သိရသည်။

ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့၌ အကြမ်းဖက်မှုများ မြင့်တက်နေချိန်တွင် အမေရိကန်အစိုးရက အမေရိကန်နိုင်ငံသားများကို စင်းလုံးငှားရဟတ်ယာဉ်များဖြင့်ခေါ်ထုတ်နေခြင်းဖြစ်သည်။

မတ် ၂၀ ရက်တွင်ပထမအကြိမ်အဖြစ်အမေရိကန်နိုင်ငံသားများကို စင်းလုံးငှားရဟတ်ယာဉ်ဖြင့် ဟေတီ၏ အိမ်နီးချင်း ဒိုမီနီကန်နိုင်ငံ စန်တိုဒိုမင်ဂိုမြို့သို့ ပို့ဆောင်ခဲ့ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စင်းလုံးငှားရဟတ်ယာဉ်ခရီးစဉ်များဖြင့် ဟေတီနိုင်ငံမှ အမေရိကန်နိုင်ငံသားများကို တစ်ရက်လျှင်ဦးရေ ၃၀ ကျော်နှုန်းဖြင့် ခေါ်ထုတ်ပေးရန် အမေရိကန်အစိုးရက စီစဉ်ထားသည်။

ဝန်ကြီးချုပ် အာရီယယ်ဟင်နရီကို ဖြုတ်ချရန်ကြိုးစားနေသော ဟေတီလက်နက်ကိုင် ဂိုဏ်းအုပ်စုများသည် ပေါ်တိုပရင့်စ်မြို့ နေရာအတော်များများကို ထိန်းချုပ်ထားသည်။

အမေရိကန်အစိုးရ၏အဆိုအရ ဟေတီမှထွက်ခွာရန် စာရင်းပေးထားသည့် အမေရိကန်နိုင်ငံသားအရေအတွက်မှာ ဦးရေ ၁၆၀၀ ခန့်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကမ္ဘာ့နိုင်ငံ ၃၆ နိုင်ငံနှင့် ကုလသမဂ္ဂအေဂျင်စီများ ဂါဇာသို့ အကူအညီပေးရေး ဆွေးနွေး

**နီကိုးရှား မတ် ၂၁**

ဂါဇာကမ်းမြောင် ဒေသရှိ ပါလက်စတိုင်း လူမျိုးများအတွက် ပင်လယ်ရေလမ်းမှတစ်ဆင့် အကူအညီများ ပေးပို့နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၃၆ နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂအေဂျင်စီများမှ တာဝန်ရှိသူများသည် ယနေ့တွင် ဆိုက်ပရပ်စ်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ငါးလကျော်ကြာ အစ္စရေး-ဟားမတ်စ်စစ်ပွဲကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ အငတ်ဘေးနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် ဂါဇာဒေသအတွက် ကုန်းတွင်းလမ်းကြောင်းများအပြင် အခြားအသုံးချနိုင်မည့် လမ်းကြောင်းသစ်များကို ကမ္ဘာ့နိုင်ငံများက ရှာဖွေလျက်ရှိသည်။

သို့သော် ဂါဇာဒေသအတွက် ရေကြောင်းမှတစ်ဆင့် အကူအညီများပေးပို့ရာတွင် အခြေခံအဆောက်အအုံကင်းမဲ့နေမှုမှာ ပြဿနာတစ်ရပ်ဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က နိုင်ငံတကာ ပရဟိတအဖွဲ့တစ်ဖွဲ့သည် ဂါဇာဒေသသို့ရေကြောင်းမှတစ်ဆင့်ရိက္ခာအကူအညီများပေးပို့ခဲ့ရာတွင်လည်း ဆိပ်ခံတံတားတစ်ခုဖန်တီး၍ရိက္ခာများချပေးခဲ့ရသည်။

ကမ္ဘာ့နိုင်ငံ ၃၆ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ယနေ့ဆွေးနွေးပွဲတွင် ဂါဇာကမ်းမြောင်အတွက် ရိက္ခာအကူအညီများအား ရေကြောင်းမှတစ်ဆင့် ပို့ပေးနိုင်မည့်နည်းလမ်းများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်ဒေသသို့ ရိက္ခာအကူအညီများပေးပို့မည့် သင်္ဘောနှစ်စီးသည် ရာသီဥတုအခြေအနေကို စောင့်ကြည့်၍ လာမည့်ရက်ပိုင်းအတွင်း ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပင်လယ်နီရေလမ်းကြောင်းကို ရှောင်ရှားနေရသည့် သင်္ဘောကုမ္ပဏီများ တစ်ရက်လျှင် လောင်စာဆီ စည်ပေါင်း ၁၀၀၀၀၀ ထိ ထပ်ဆောင်းသုံးစွဲနေရ

**စေတော့ဟုမ်း မတ် ၂၁**

နိုင်ငံတကာ သင်္ဘောကုမ္ပဏီများအနေဖြင့် ပင်လယ်နီရေလမ်းကြောင်းကို ရှောင်ရှား၍ ပို၍ရှည်လျားသည့် ခရီးလမ်းကြောင်းအတိုင်း သင်္ဘောများပြေးဆွဲနိုင်ရန် တစ်ရက်လျှင် လောင်စာဆီစည်ပေါင်း၁၀၀၀၀၀ထိ ထပ်ဆောင်းအသုံးပြုနေကြရကြောင်း မတ် ၂၀ ရက် သတင်းများ၌ ရေးသားတင်ပြထားသည်။



လက်ရှိအချိန်တွင် နိုင်ငံတကာကုန်တင်သင်္ဘောများမောင်းနှင်နေရသည့် ခရီးစဉ်အကွာအဝေးမှာ ပင်လယ်နီ နိုင်ငံတကာရေလမ်းကြောင်းများကိုဟူသီသူပုန်အုပ်စုက မတိုက်ခိုက်မီကာလကထက် သုံးရာခိုင်နှုန်းပိုများလာကြောင်း ဆွစ်ဇာလန်အခြေစိုက်ဗီတောလ် စွမ်းအင်ကုမ္ပဏီက တွက်ချက်ထားသည်။

အစ္စရေး၏ ဂါဇာစစ်ပွဲကို တုံ့ပြန်သည့်အနေဖြင့် ယီမင်အခြေစိုက်ဟူသီသူပုန်များသည် ပြီးခဲ့သည့်နှစ်မှစ၍ ပင်လယ်နီနိုင်ငံတကာရေလမ်းကြောင်းအတွင်း သွားလာနေသည့်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။

ဟူသီသူပုန်တို့၏ တိုက်ခိုက်မှုကြောင့် နိုင်ငံတကာသင်္ဘောကုမ္ပဏီသည် ပင်လယ်နီရေလမ်းကြောင်းကို ရှောင်၍ အာဖရိကတိုက် ဂွတ်ဟုပ်အငူကိုပတ်၍ မောင်းနှင်ခဲ့ရကြောင်း သိရသည်။

ပင်လယ်နီနိုင်ငံတကာရေလမ်းကြောင်းများ၌ရေနံတင်သင်္ဘောများ သွားလာမှုသည် လွန်ခဲ့သည့် ငါးနှစ်ကထက် ပို၍မြင့်မားလာခဲ့သည်။

သို့သော် ဟူသီသူပုန်များ၏ တိုက်ခိုက်မှုကြောင့် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများအပြောင်းအလဲဖြစ်ခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship အာကာသဒုံးပျံကို ယခုနှစ် မေလအစောပိုင်းတွင် စတုတ္ထအကြိမ်မြောက်အဖြစ် ထပ်မံလွှတ်တင်ဖွယ်ရှိ



**ဝါရှင်တန် မတ် ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို ယခုနှစ် မေလအစောပိုင်းတွင် စတုတ္ထအကြိမ်မြောက်အဖြစ် ထပ်မံလွှတ်တင်ဖွယ်ရှိကြောင်း မတ် ၂၀ ရက်သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ကိုယ်ထည်အလျား ပေ ၄၀၀ ရှိသော Star-ship အာကာသဒုံးပျံကို မတ် ၁၄ ရက်က တတိယအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Starship အာကာသဒုံးပျံကို ယခုနှစ် မေလအစောပိုင်းတွင် စတုတ္ထအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသ ဒုံးပျံ တတိယအကြိမ် စမ်းသပ်မှုအချက်အလက်များကို လေ့လာစိစစ်နေပြီး ပေါ်ထွက်လာသည့်ရလဒ်များအရ စတုတ္ထအကြိမ် စမ်းသပ်လွှတ်တင်မှုအတွက် ပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် တတိယအကြိမ် စမ်းသပ်လွှတ်တင်မှု အချက်အလက်များကို အခြေခံ၍ ယခုနှစ်မှစ၍ လာမည့် သီတင်းခြောက်ပတ်အတွင်း ထပ်မံလွှတ်တင်နိုင်ဖွယ်ရှိကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များဆီသို့ လူသားများ စေလွှတ်ရေးအတွက် Starship အာကာသဒုံးပျံကို တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကမ္ဘာ့အကြီးဆုံးလင်းပိုင်မျိုးစိတ်ဝင် လင်းပိုင်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ပီရူးနိုင်ငံ အမေဇုန်ဒေသ၌ ဆွစ်ဇာလန်သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိ

**ဘန်း မတ် ၂၁**

ကမ္ဘာ့အကြီးဆုံး လင်းပိုင်မျိုးစိတ်ဝင် လင်းပိုင်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ပီရူးနိုင်ငံ အမေဇုန်ဒေသ၌ ဆွစ်ဇာလန်သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း မတ် ၂၀ ရက်သတင်းများအရ သိရသည်။

အဆိုပါကမ္ဘာဦးလင်းပိုင်သည် တောင်အမေရိကတိုက်၌ လက်ရှိအချိန်ထိ ရှင်သန်ဆဲဖြစ်သော မြစ်တွင်းနေ ရှားပါးလင်းပိုင်တစ်မျိုး၏ ဘိုးဘေးဖြစ်နိုင်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

Pebanista Yacuruna ဟူ၍ အမည်ပေးထားသည့် ၎င်းကမ္ဘာဦးလင်းပိုင်၏အရွယ်အစားမှာ ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ ကိုယ်ထည်အလျား ၁၁ ပေထိရှိကြောင်း သိရသည်။



Pebanista Yacuruna လင်းပိုင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၆ သန်းကျော်က ကမ္ဘာ့သမုဒ္ဒရာများအတွင်း ရှင်သန်ကျက်စားခဲ့သည့် ရေနေသက်ရှိများဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Pebanista Yacu-runa များသည် ရာသီဥတုပြောင်းလဲမှုကြောင့် ကွယ်ပျောက်ခဲ့ခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ဆွစ်ဇာလန်သိပ္ပံပညာရှင်များသည် Pebanista Yacuruna လင်းပိုင် ကျောက်ဖြစ်ရုပ်ကြွင်းကို ပီရူးနိုင်ငံ နာပိုမြစ် မြစ်ကမ်းတစ်နေရာ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အရွယ်အစားအလွန်ကြီးမားသည့် ကြယ်စုအစုအဝေး ၆၆၂ ခုကို နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မတ် ၂၁**

အရွယ်အစားအလွန်ကြီးမားသည့် ကြယ်စုအစုအဝေး ၆၆၂ ခုကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါကြယ်စု အစုအဝေး ၆၆၂ ခုအနက် အထူးခြားဆုံးကြယ်စု အစုအဝေးကို နိုင်ငံတကာသိပ္ပံပညာရှင်များက အက်စတိုးနီးယားနက္ခတ္တရူပဗေဒပညာရှင် ယန်းအိုင်နက်စတိုကိုဂုဏ်ပြု၍ အိုင်နက်စတိုကြယ်စုအစုအဝေးဟူ၍ အမည်ပေးထားသည်။

အိုင်နက်စတိုကြယ်စုအစုအဝေးသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ်သုံးဘီလီယံခန့် အကွာတွင်တည်ရှိပြီး ဒြပ်ထုအားဖြင့် နေအစင်းပေါင်း ၂၆ ကွာဒရီလီယံ (၂၆ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀)နှင့်ညီမျှသည်။

အိုင်နက်စတိုကြယ်စု အစုအဝေးမှာ လွန်စွာကျယ်ပြောလှသည်ဖြစ်ရာ ၎င်းကြယ်စုအစုအဝေး၏ တစ်ဖက်ခြမ်းမှ အခြားတစ်ဖက်ခြမ်းသို့ အလင်းရောင်ဖြတ်သန်းရန် နှစ်ပေါင်းသန်း ၃၆၀ ထိ အချိန်ယူရသည်ဟု အမေရိကန် သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ပြောကြားသည်။

သာမန်ကြယ်စု အစုအဝေးတစ်ခုသည် အရွယ်အစားအားဖြင့် နေဒြပ်ထုပေါင်း ခြောက်ကွာဒရီလီယံထိရှိတတ်ပြီး အချင်းမှာ အလင်းနှစ် ၂၀၀ ခန့်သာ ရှိတတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## သွေးစစ်နည်းက နှလုံးခုန်ရပ်တရက်ရပ်မှုကြောင့် သေဆုံးနိုင်ခြေရှိသူများကို ဖော်ထုတ်ပေးနိုင်

**လန်ဒန် မတ် ၂၁**

ရိုးစင်းသည့် သွေးစစ်နည်းတစ်မျိုးသည် နှလုံးခုန်ရပ်တရက်ရပ်မှုကြောင့် သေဆုံးနိုင်ခြေ ရှိသူများကို ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၂၀ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နျူရိုပက်တိုက် ဝိုင် (NPY) ခေါ် ပရိုတင်းတစ်မျိုး ပေါ်ထွက်မှုနှုန်း အမြင့်မားဆုံးသူများသည် နှလုံးပြဿနာကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းထိ မြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွေးစစ်နည်းသည် နှလုံးခုန်ရပ်တရက် ရပ်တန့်မှုပြဿနာမည်သို့ပိုမိုဆိုးရွားလာနိုင်သည်ကို မှန်းဆရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ NPY ပရိုတင်းအဆင့်ကို သွေးစစ်ဖော်ထုတ်ခြင်းဖြင့် နှလုံးခုန်ရပ်တရက်ရပ်မှုကြောင့် အသက်ဆုံးပါးနိုင်ခြေအမြင့်မားဆုံးသူများကို ဖော်ထုတ်ကုသနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

နှလုံးခုန်ရပ်တရက်ရပ်တန့်မှုသည် နှလုံးအင်္ဂါက ကိုယ်ခန္ဓာအနှံ့ သွေးများကို ညှစ်ထုတ်မပေးနိုင်တော့ချိန်တွင် ဖြစ်ပွားတတ်သည့် နှလုံးပြဿနာမျိုး ဖြစ်ကြောင်း သိရသည်။

နှလုံးအင်္ဂါ၏ အာရုံကြောဆဲလ်များကထုတ်ပေးသည့် NPY ပရိုတင်းများကြောင့် နှလုံးကြွက်သားများရှိ သွေးကြောငယ်များပိတ်ဆို့သွားတတ်ပြီး နှလုံးလုပ်ငန်းလည်ပတ်မှု ပို၍ခက်ခဲလာတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှုန်းအတက်အကျက ပုံစံ-၁ ဆီးချိုလူနာများ၏စဉ်းစားဆင်ခြင်နိုင်မှု စွမ်းရည်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်

**နယူးယောက် မတ် ၂၁**

သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်း အတက်အကျသည် ပုံစံ-၁ ဆီးချိုလူနာများ၏ စဉ်းစားဆင်ခြင်နိုင်မှု စွမ်းရည်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၂၀ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ မက္ကလိန်းဆေးရုံမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၁ ဆီးချိုလူနာများ၏ သွေးအတွင်းသကြားဓာတ်ပါဝင်မှုအတက်အကျသည် လူနာများ၏ စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်အပေါ် အကျိုးသက်ရောက်မှုရှိတတ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ သွေးအတွင်းသကြားဓာတ် ပါဝင်မှုနှုန်းကျဆင်းသွားခြင်း၊ မြင့်တက်လာခြင်းများကြောင့် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်လာနိုင်ကြောင်း၊ အထူးသဖြင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှုန်း အတက်အကျကြောင့် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်ထိခိုက်မှုကို သက်ကြီးပိုင်း ပုံစံ-၁ ဆီးချိုလူနာများ၊ ဆီးချိုနှင့်ပတ်သက်သည့် အခြားကျန်းမာရေးပြဿနာ ရှိနေသူများကြား အဖြစ်များသည်ကို တွေ့ရကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပုံစံ-၁ ဆီးချိုရောဂါလူနာဦးရေ ၂၀၀ ၏ သွေးအတွင်းသကြားဓာတ်ပါဝင်မှု အတက်အကျနှင့် ဦးနှောက်ကျန်းမာရေးအခြေအနေများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်)အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်



**ရန်ကုန် မတ် ၂၁**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (အာရှဇုန်)အုပ်စုပွဲစဉ်အဖြစ် ယနေ့ည ၆ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆီးရီးယားအသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းက အဓိကကစားသမားများဖြစ်သည့် ကျော်ဇင်ဖြိုး၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊အောင်သူ၊မောင်မောင်လွင်၊ နေမိုးနိုင်၊ဝေလင်းအောင်၊ခွန်ကျော်ဇင်ဟိန်းအစရှိသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အာရှအင်အားကြီးအသင်းတစ်သင်းဖြစ်သည့် ဆီးရီးယားအသင်းကို ခြေစွမ်းပိုင်း ကွာခြားမှုမရှိဘဲ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး အသင်းနည်းပြ ဗိုက်တန်ဘိုင်နာ၏ ခံစစ်ပိုင်းကိုအားပြုပြီး တန်ပြန်တိုက်စစ်များဖြင့် ကစားခဲ့သည့်ကစားကွက်မှာ ထိရောက်ခဲ့ပြီး ပွဲချိန် ၃၅ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် မောင်မောင်လွင် ခေါင်းတိုက်ချပေးသည်ကို ခံစစ်ကစားသမား စိုးမိုးကျော်ကအကောင်းဆုံးပိတ်သွင်းပြီး မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် မြန်မာ့လက်ရွေးစင်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ အပြန်အလှန်ဂိုးကန်သွင်းခွင့်များ ရရှိခဲ့ကြသော်လည်း ပွဲချိန်ကြာလာသည်နှင့် မြန်မာ့လက်ရွေးစင်အသင်းကစားသမားများ ကစားအားကျဆင်းလာချိန်တွင် ဆီးရီးယားအသင်းက ပိုမိုတိုက်စစ်မြှင့်ဖိအားပေးခဲ့ရာမှ ပွဲချိန် ၇၂ မိနစ်တွင် အယ်ဒါလီက ဆီးရီးယားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲစဉ်များ၌ နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ(အာရှဇုန်)အုပ်စုပွဲစဉ် ဒုတိယအကျော့ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့်ဆီးရီးယားအသင်းတို့သည် မတ် ၂၇ ရက်တွင်ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်းတို့က ဘာနာဒိုဆေးဗားကို ထပ်မံခေါ်ယူရန်ကြိုးပမ်း

**မန်ချက်စတာ မတ် ၂၁**

ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် မန်စီးတီးအသင်းကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဘာနာဒိုဆေးဗားကို လာမည့်နွေရာသီတွင်ခေါ်ယူနိုင်ရန် ထပ်မံကြိုးပမ်းခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းအနေဖြင့် ဘာနာဒိုဆေးဗားနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျော်ကျန်ရှိနေသော်လည်း လာမည့်နွေရာသီတွင် ၎င်းကိုရောင်းချရန် စီစဉ်နေသောကြောင့် ကာလရှည်စိတ်ဝင်စားနေသည့် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ကခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့သည်။

ထို့ပြင် နည်းပြဂွါဒီယိုလာကလည်း လာမည့် ဇူလိုင် ၁ ရက် အပြောင်းအရွှေ့ဈေးကွက် စတင်ချိန်တွင် အသင်းကွင်းလယ်ပိုင်းကို ထပ်မံဖြည့်တင်းရန် ဆုံးဖြတ်ထားပြီး ဝက်စ်ဟမ်းအသင်းနှင့်အတူ ခြေစွမ်းပြသနေသည့် ပါကွီတာကို အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည့် ဘာနာဒိုဆေးဗားနေရာတွင် အစားထိုးရန် စီစဉ်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်းနှင့်ဘာစီလိုနာအသင်းတို့သည် ဘာနာဒိုဆေးဗားကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဩဂုတ်လကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ငြင်းဆိုခဲ့ပြီး မန်စီးတီးအသင်းနှင့်သာ ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးခဲ့သဖြင့် လက်လျှော့ခဲ့ရသော်လည်း ယခုအခါ ဘာနာဒိုဆေးဗားအနေဖြင့် အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေသဖြင့် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့က အပြိုင်ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

အသက် ၂၉ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံတွင် သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# နယူးကာဆယ်အသင်းမှ ဘော့မန်း ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်

**လန်ဒန် မတ် ၂၁**

နယူးကာဆယ်အသင်း အဓိကဗဟိုခံစစ် ကစားသမားတစ်ဦးဖြစ်သည့် ဘော့မန်းသည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကိုးလခန့်ထိအနားယူရမည်ဖြစ်သည့်အတွက် ကာလရှည် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဘော့မန်းသည် ၂၀၂၂ ခုနှစ်က လိုင်လီအသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီအစပိုင်း၌ ဒူးဒဏ်ရာကြောင့် ပြီးခဲ့သည့်နှစ် စက်တင်ဘာလမှ ဒီဇင်ဘာလကုန်ပိုင်းထိ အနားယူခဲ့ရသူဖြစ်သည်။

ဘော့မန်းသည် ဒူးဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီးနောက် အသင်းနှင့်ပွဲစဉ်များကိုပါဝင်ကစားခဲ့သော်လည်း ပြီးခဲ့သည့်အက်ဖ်အေဖလားပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့်နယူးကာဆယ်အသင်းတို့ပွဲစဉ်တွင် ပြင်းထန်သည့် ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ပြီး ကိုးလခန့်ထိ အနားယူရမည်ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလထိ အနားယူရမည့်အရေးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဘော့မန်းအနေဖြင့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် နယူးကာဆယ်အသင်းနှင့်လာမည့် ဘောလုံးရာသီထိပါ အနားယူရမည်ဖြစ်ပြီး နယ်သာလန်အသင်းနှင့်လည်း ယူရို ၂၀၂၄ ပြိုင်ပွဲကို လွဲချော်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : STA

# မီယာမီအိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် အင်ဒီမာရေးက ဘာရက်တီနီကို အနိုင်ရရှိ

**မီယာမီ မတ် ၂၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပနေသည့် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် အီတလီတင်းနစ်ကစားသမား ဘာရက်တီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒီမာရေးက (၄-၆၊ ၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် ပထမပွဲငယ်တွင် ဘာရက်တီနီကို ရှုံးနိမ့်ခဲ့သော်လည်း အကောင်းဆုံးပုံစံဖြင့် ပြန်လာကာ နောက်မှလိုက်ကစားပြီးမှအနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဝါရင့်ကစားသမားနှစ်ဦး၏ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ကာ ပွဲကစားချိန်မှာလည်း ၂ နာရီ ၄၈ မိနစ်ထိ ကြာမြင့်ခဲ့သည်။

အင်ဒီမာရေးသည် ပထမပွဲငယ်မှအမှားများကို အကောင်းဆုံး ပြင်ဆင်နိုင်ခဲ့ကာ ပွဲငယ်နှစ်ပွဲဆက် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိအောင်ကစားနိုင်ခဲ့ပြီး ၎င်းသည် ဒုတိယအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား အက်ချီဗာရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်ဒီမာရေးသည် ပထမအဆင့်တွင် ပွဲချိန် သုံးနာရီနီးပါးကြာမြင့်အောင် ကစားခဲ့ရသည့်အတွက် ပွဲပန်းခဲ့ပြီး ဒုတိယအဆင့်တွင် ယှဉ်ပြိုင်ကစားရမည့် ပြိုင်ဘက်ကစားသမားမှာ ဒုတိယအဆင့်မှစတင်ကာ ယှဉ်ပြိုင်ခွင့်ရထားသည့်အတွက် အင်ဒီမာရေးအနေဖြင့် ဒုတိယအဆင့်တွင် ရှုံးကန်ရဖွယ်ရှိနေသည်ဟု ပွဲကြိုသုံးသပ်သူများက သုံးသပ်ခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဒဏ်ရာပြဿနာကြောင့် ဂျာမနီအသင်းလူစာရင်းမှ ဂိုးသမား နွဲအာထွက်ခွာခဲ့ရ

**ဘာလင် မတ် ၂၁**

ဘိုင်ယန်မြူးနစ်အသင်းဂိုးသမား နွဲအာသည် နိုင်ငံတကာပြိုင်ပွဲကာလအတွင်းကစားရမည့် ခြေစမ်းပွဲစဉ်များတွင် ဂျာမနီအသင်းအတွက် ရွေးချယ်ခံရသော်လည်း ၎င်းအနေဖြင့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့သဖြင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရသည်။

နွဲအာသည် ဂျာမနီအသင်းနှင့် ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဘယ်ဘက်လက်ချောင်းကြွက်သားများ ထိခိုက်မှုရှိခဲ့သဖြင့် ဂျာမနီဘောလုံးအဖွဲ့ချုပ်က လိုအပ်သည့် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ရက်သတ္တပတ်အနည်းငယ်အနားယူရမည်ဖြစ်၍ ယခုအခါ အဆိုပါဒဏ်ရာကြောင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရသည်။

ဂိုးသမား နွဲအာသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက စကိတ်စီးခရီးစဉ်တွင် မတော်တဆမှုဖြစ်ပွားခဲ့ကာ ခြေထောက်ဒဏ်ရာရရှိခဲ့သောကြောင့် ကာလရှည်အနားယူခဲ့ရပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှသာ ဘိုင်ယန်မြူးနစ်အသင်းနှင့် ပူးပေါင်းနိုင်ခဲ့ပြီးနောက် အသင်းနှင့်အတူ လက်စွမ်းပြသနိုင်ခဲ့သဖြင့် နည်းပြနာဂျယ်စမန်းက ဂျာမနီအသင်းလူစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။



လက်ရှိတွင် နည်းပြနာဂျယ်စမန်းက ပြင်သစ်၊ နယ်သာလန်အသင်းတို့နှင့် ခြေစမ်းပွဲစဉ်များအတွက် နွဲအာ၏နေရာတွင် အစားထိုးနိုင်ရန် ဘာစီလိုနာဂိုးသမား တာစတီဂန်၊ဖူလ်ဟမ်ဂိုးသမား လီနိုနှင့်ဟော်ဖန်ဟိမ်းဂိုးသမား အိုလီဗာတို့ကိုခေါ်ယူခဲ့ပြီး ယူရိုပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ အိမ်ရှင်ဂျာမနီအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စကော့တလန်နှင့်ပွဲစဉ်ကို ဇွန် ၁၄ ရက်၊ ဟန်ဂေရီနှင့်ပွဲစဉ်ကို ဇွန် ၁၉ ရက်နှင့် ဆွစ်ဇာလန်အသင်းနှင့်ပွဲစဉ်ကို ဇွန် ၂၃ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက အေတီကိုအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်ကို လွဲချော်ခဲ့သည့် ကန်ဆယ်လိုသည် နှလုံးရောဂါနှင့်ပတ်သက်သည့် စိုးရိမ်ရသည့်အခြေအနေကြောင့် လွဲချော်ခဲ့ခြင်းဖြစ်သည်ဟု အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။
- ယခုနှစ်ဘောလုံးရာသီ၌ ပရီးမီးယားလိဂ်၏ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့မှုကြောင့် အရေးယူခံရသည့်အသင်းများပြား ခဲ့ပြီး အဲဗာတန်နှင့် နော်တင်ဟမ်အသင်းတို့မှာ ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံခဲ့ရကာ မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့မှာလည်း ဆက်လက်စစ်ဆေးမှုများခံနေရကြောင်း သိရသည်။ ML

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Disproelec ကုမ္ပဏီမှ DJI Air 3 ဒရုန်းများ ချီလီ လက်ခံရရှိမည်



ချီလီစစ်ဘက်၏ အမြောက်သင်တန်းကျောင်းသည် စပိန်နိုင်ငံကုမ္ပဏီဖြစ်သော Disproelec ကုမ္ပဏီမှ DJI Air 3 စောင့်ကြည့်ထောက်လှမ်းရေး ဒရုန်းများကို မကြာမီ လက်ခံရရှိတော့မည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက မတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Disproelec ကုမ္ပဏီအနေဖြင့် အမှာစာတင်ပြီး တစ်ရက်အတွင်း ဒရုန်းများကို လွှဲပြောင်းပေးအပ်ရန် ကတိပြုထားသည်။

ချီလီစစ်ဘက်၏ အမြောက်သင်တန်းကျောင်း (Escart)အတွက် Distribuidora de Productos Electrónicos y Maquinaria (Disproelec) ထံမှရရှိလာသော အဆိုပါဒရုန်းများသည် Maule ဒေသ၊ Linares မြို့တွင်ရှိသော General Bari စက်ပစ်ကွင်းကို စောင့်ကြည့်ထောက်လှမ်းရန်အတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ချီလီနိုင်ငံ M Industrial SpA၊ Proveedor Logístico Fernando Matas EIRL၊ DroniaSpA၊ စပိန်နိုင်ငံ Disproelec တို့မှ တင်သွင်းသော အဆိုပြုချက်များဖြင့် Mercado Público ဝက်ဘ်ဆိုက်တွင် ဖေဖော်ဝါရီ ၂၉ ရက်က ဝယ်ယူရေးတင်ဒါလုပ်ငန်းများ စတင်ခဲ့ပြီး မတ် ၈ ရက်တွင် အပြီးသတ်ခဲ့သည်။

အကဲဖြတ်ရေးကော်မရှင်သည် တင်ဒါတွင် သတ်မှတ်ထားသည့် စီမံခန့်ခွဲရေးနှင့် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များ အားလုံးနှင့်ကိုက်ညီသည့် ရာနှုန်းပြည့် အဆင့် သတ်မှတ်ခြင်းခံရသော Disproelec ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

Disproelec သည် ဝယ်ယူမှုအမှာစာ ထုတ်ပြန်ပြီးသည့်နေ့အတွင်း DJI Air 3 ဒရုန်းများကိုပေးပို့ရန် ကတိပြုထားပြီး ချီလီစစ်ဘက်၏ အမြောက်သင်တန်းကျောင်းသို့ နည်းပညာပိုင်းဆိုင်ရာ အာမခံကာလ တစ်နှစ် သတ်မှတ်ပေးထားသည်။

DJI Air 3 ဒရုန်းတွင် CMOS ကင်မရာတစ်လုံးနှင့် အလတ်စား Telephoto ကင်မရာတစ်လုံးတို့ဖြင့် Air Series ၏ ပထမဆုံး Dual-Camera စနစ် တပ်ဆင်ထားသည့် ဒရုန်းလည်းဖြစ်သည်။ ကင်မရာနှစ်ခုလုံးသည် အာရုံခံ အရွယ်အစားတူညီသော်လည်း ၎င်းတို့တွင် ကွဲပြားသောဆုံတာ (Focal Length) များရှိသောကြောင့် ပုံရိပ်အရည်အသွေးကို အာမခံချက်ပေးနိုင်ပြီး ပိုမိုမြန်ဆန်သော ပုံရိပ်ဖော်နိုင်စွမ်းများ ပိုင်ဆိုင်ထားသည်။ အလေးချိန် ဂရမ် ၇၂၀ ရှိသည့် ဒရုန်းတွင် 4241 MAH/Li-ion 45 ဘက်ထရီကို အသုံးပြုထားပြီး ပျံသန်းချိန် ၄၆ မိနစ်နှင့် အမြင့်ဆုံးပျံသန်းမှုအကွာအဝေး ၃၂ ကီလိုမီတာထိ ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်း၏ Wide-angle နှင့် အလတ်စား Telephoto ကင်မရာများသည် 48 MP ရုပ်ထွက်ကြည်လင်ပြတ်သားမှု 8064x6048 ရှိကာ အလျားလိုက်ဗီဒီယို Resolution 4K/100fps နှင့်ဒေါင်လိုက်တွင် 2.7K/60fps ဖြင့် ပံ့ပိုးပေးနိုင်သည်။

Air 3 သည် JPEG/DNG (RAW) ရုပ်ပုံ Format များနှင့် MP4 (MPEG-4 AVC/H.264, HEVC/H.265) ဗီဒီယို Format များကို ပံ့ပိုးပေးထားပြီး 12MP ဓာတ်ပုံများအတွက် ရှပ်တာအမြန်နှုန်းမှာ ၁/၁၆၀၀၀ မှ နှစ်စက္ကန့်ထိနှင့် 48 MP ဓာတ်ပုံများအတွက် ၁/၈၀၀၀ မှနှစ်စက္ကန့်ထိရှိသည်။ ၎င်းတွင် HDR ဗီဒီယိုဖိုင်ကို 4K/60 fps ဖြင့် ကြည်လင်ပြတ်သားစွာ မှတ်တမ်းတင်နိုင်ပြီး GPS၊ Galileo၊ BeiDou တို့နှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ဂြိုဟ်တုလမ်းညွှန်စနစ်ပါဝင်သည်။

Disproelec ကုမ္ပဏီသည် Air 3 ဒရုန်း တစ်စင်းလျှင် အဝေးထိန်းခလုတ်၊ Intelligent Flight ဘက်ထရီ သုံးလုံး၊ ဆူညံသံလျှော့ချသည့်ပန်ကာတစ်စုံ၊ Stabilizer Guard၊ USB C PD အားသွင်းကြိုး၊ ဘက်ထရီအားသွင်းအုံ၊ အိတ်ဆောင်အိတ် တစ်လုံးနှင့် 128 GB ၊ 64 GB မန်မိုရီကတ်များပါရှိသည်။ ထို့ပြင် ဒရုန်းများကိုမောင်းနှင်ရန် တာဝန်ရှိသည့် အော်ပရေတာနှစ်ဦးအတွက် လေ့ကျင့်သင်တန်း ပေးသွားမည်ဖြစ်သည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် ဒရုန်းများ ကျယ်ပြန့်စွာအသုံးပြုမှုများပြားလာသည်နှင့်အမျှ ချီလီနိုင်ငံသည် ကင်းထောက်ဒရုန်းများဝယ်ယူအသုံးပြုသည်ကိုမြင်တွေ့ကြားသိရခြင်းမှာ အံ့ဩစရာမဟုတ်တော့ဘဲ ချီလီ သို့မဟုတ် အခြားသောတောင်အမေရိကနိုင်ငံများတွင်လည်း အလားတူစနစ်များကို အနာဂတ်တွင် ယခုထက်ပို၍ဝယ်ယူအသုံးပြုလာနိုင်ဖွယ်ရှိသည်။

**Chile Acquires DJI Air 3 Chinese Unmanned Aerial Vehicles for Observation ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်နိုင်ငံက ရေငုပ်သင်္ဘောလေးစီးတည်ဆောက်ရေးအတွက် ပြင်သစ်နိုင်ငံ Naval Group ကုမ္ပဏီကို ရွေးချယ်ခဲ့

နယ်သာလန်နိုင်ငံသည် ပြင်သစ်နိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Naval Group ကို ယူရိုဘီလီယံပေါင်းများစွာတန်ဖိုးရှိ ရေငုပ်သင်္ဘောလေးစီး တည်ဆောက်ရန်အတွက် မတ် ၁၅ ရက်တွင် ရွေးချယ်ခဲ့ကြောင်း Defense Post သတင်းဌာနက မတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယ်သာလန်နိုင်ငံသည် ဆွီဒင်၊ ဂျာမနီနိုင်ငံများ၏ ကုမ္ပဏီများနှင့်အပြိုင် Naval Group ကုမ္ပဏီကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး Christophe van der Maat က နိုင်ငံ၏အကြီးဆုံးရေတပ်အခြေစိုက်စခန်းဖြစ်သော Den Helder တွင် ပြောကြားခဲ့သည်။

စီမံကိန်းအတွက် အသုံးစရိတ်ကို ယူရို ၅ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံ) သတ်မှတ်ထားကြောင်း Van der Maat က ပြောကြားခဲ့သည်။ အဆိုပါရေငုပ်သင်္ဘောများသည် ၁၉၉၀ ပြည့်နှစ်များ အစောပိုင်းတွင် နယ်သာလန်နိုင်ငံက စတင်အသုံးပြုခဲ့သည့် Walrus-Class ရေငုပ်သင်္ဘောလေးစီးနေရာတွင် အစားထိုးမည်ဖြစ်ပြီး ၎င်းတို့အနက် တစ်စီးမှာ ပြီးခဲ့သည့်နှစ် ဆောင်းဦးရာသီတွင် တပ်တော်ဝင်ရပ်နားခဲ့ကာ၎င်း၏ အပိုပစ္စည်းများကို ကျန်သုံးစီးတွင်ဆက်လက်လည်ပတ်နိုင်ရန် အသုံးပြုသွားမည်ဖြစ်သည်။

Van der Maatသည် ရေငုပ်သင်္ဘောအသစ်များဖြန့်ကြက်ရန် အဆင်သင့်မဖြစ်မီတွင် သက်တမ်းရင့် Walruses ရေငုပ်သင်္ဘောများကို တပ်တော်ဝင်အသုံးပြုမှုမှ ရပ်နားခြင်းကို ဖြည်းဖြည်းချင်း လုပ်ဆောင်သွားလိုသည်။

"အဆိုပါအချက်သည် ရေတပ်နှင့် ကျွန်ုပ်တို့၏ လုံခြုံရေးအကျိုးစီးပွားအတွက်သာမက နယ်သာလန်ကုမ္ပဏီများနှင့် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း သေချာစေသည်"ဟု အိမ်စောင့်အစိုးရဝန်ကြီးချုပ် Mark Rutte က မတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။ လက်ရှိရေငုပ်သင်္ဘောသစ်လေးစီး တည်ဆောက်ရေး သဘောတူညီချက်ကို ဒတ်ချ်နိုင်ငံ သတင်းစာ De Telegraaf က ရက်အတန်ကြာကတည်းက ရေးသားဖော်ပြခဲ့ပြီး စာချုပ်တန်ဖိုးသည် ယူရိုလေးဘီလီယံမှ ခြောက်ဘီလီယံကြားရှိနိုင်လိမ့်မည်ဟု ခန့်မှန်းဖော်ပြထားသည်။

ရေငုပ်သင်္ဘောသစ်များသည် ကျွန်ုပ်တို့၏ လုံခြုံရေးကို အားကောင်းစေမည့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး Kajsa Ollongren က ဆိုရှယ်မီဒီယာပလက်ဖောင်း X တွင် ပြောကြားခဲ့သည်။

ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက Naval Group ကို ရွေးချယ်ခြင်းသည် နယ်သာလန်တွင် ကမ္ဘာ့အဆင့်မြင့်ဆုံး၊ Ocean-Class ရေငုပ်သင်္ဘောများပိုင်ဆိုင်နိုင်စေမည်ဖြစ်ကြောင်းနှင့် ထိုသို့ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများဖြင့် ဒတ်ချ်တပ်မတော်အတွက်သာမက NATO အဖွဲ့၊ ဥရောပတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်များကိုပါ အားကောင်းလာစေလိမ့်မည်ဖြစ်ကြောင်း ထုတ်ပြန်ပြောကြားထားသည်။

ရေငုပ်သင်္ဘောများကို ပြင်သစ်နိုင်ငံ Naval Group ၏ သင်္ဘောကျင်းများတွင် တည်ဆောက်မည်ဖြစ်ပြီး ဒတ်ချ်ကာကွယ်ရေးစက်မှုလုပ်ငန်း၏ နည်းပညာနှင့်စက်မှုစွမ်းအားအခြေခံကို အားဖြည့်ရန်အတွက် စက်မှုပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်လည်း ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

သဘောတူစာချုပ်ချုပ်ဆိုပြီး ၁၀ နှစ်အတွင်း ပထမဆုံးရေငုပ်သင်္ဘော နှစ်စီးကို လွှဲပြောင်းပေးအပ်သွားနိုင်ရန် မျှော်မှန်းထားသည်။ ၎င်းသည် Barracuda မော်ဒယ်လ်သည် Naval Group ၏ ပထမဆုံး တင်ပို့ရောင်းချမှုဖြစ်လာမည်ဖြစ်ပြီး အဆိုပါ Barracuda ရေငုပ်သင်္ဘော ၁၂ စီးကို ဩစတြေးလျသို့ရောင်းချရန် ကနဦးသဘောတူညီစာချုပ် ချုပ်ဆိုခဲ့ဖူးသည်။ တစ်ဖက်က ဗြိတိန်နှင့် အမေရိကန်တို့နှင့် ပြောင်းလဲသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံသည် ပြင်သစ်နှင့် ချုပ်ဆိုထားသော သဘောတူစာချုပ်ကို ၂၀၂၁ ခုနှစ်တွင် ဖျက်သိမ်းပစ်ခဲ့သည့်အတွက် သံတမန်ရေးရာများ ကတောက်ကဆတ်ဖြစ်ခဲ့ရသည်။ ပြင်သစ်ရေတပ်၏ ပထမဆုံးသော Barracuda ရေငုပ်သင်္ဘောသည် နျူကလီးယားစွမ်းအင်သုံးဖြစ်ပြီး တန်ချိန်အားဖြင့် ၃၀၀၀ ရှိသည်။



"ခက်ခဲကြမ်းတမ်းတဲ့ ပြိုင်ဆိုင်မှုတွေနဲ့ နယ်သာလန်ရဲ့ ဒီလိုမျိုးမဟာဗျူဟာမြောက် အရေးကြီးတဲ့ပရောဂျက်မှာ ပါဝင်ခွင့်ရတဲ့အတွက် အထူးဂုဏ်ယူမိပါတယ်"ဟု Naval Group ကုမ္ပဏီမန်နေဂျာ Pierre Eric Pommellet က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြင်သစ်သည် အမေရိကန်ပြီးလျှင် ကမ္ဘာ့ဒုတိယထိပ်တန်းလက်နက်တင်ပို့သူအဖြစ် ရုရှားကိုကျော်ဖြတ်သွားခဲ့ပြီဖြစ်ကြောင်း စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန (SIPRI) က မတ် ၁၈ ရက်တွင် အစီရင်ခံစာတစ်စောင်၌ ပြောကြားခဲ့သည်။

**Netherlands Picks France's Naval Group Over Saab for Submarine Deal ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး

**မောင်သောင်းဝင်း(တမန်ဟောင်း)**

၁၉၉၃ ခုနှစ် ကတည်းက နှစ်စဉ် မတ် ၂၂ ရက်တွင် ကမ္ဘာ့ရေနေ့အခမ်းအနားကျင်းပလျက်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် သန့်ရှင်းလတ်ဆတ်သောရေ၏ အရေးပါမှုကို အလေးထားလျက် ကမ္ဘာ့ရေနေ့ အခမ်းအနားကျင်းပခြင်းဖြစ်သည်။ ကမ္ဘာ့ပြည်သူ ၂ ဒသမ ၂ ဘီလီယံသည် သောက်သုံးရေဖူလုံမှုမရှိသော အခြေအနေတွင် နေထိုင်ရလျက်ရှိသည်။ ကမ္ဘာ့ရေနေ့၏ အဓိကအလေးထားမှုသည် ၂၀၃၀ ပြည့်နှစ် သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်အပြည့်အဝရရှိရေးဆိုသည့် ကမ္ဘာ့ကုလသမဂ္ဂဝဒ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် အောင်မြင်မှုရရှိစေရန်ဖြစ်သည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်သည် "Leveraging Water for Peace ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး"ဖြစ်သည်။

ရေအသက် တစ်နံနက် ထမင်းအသက် ခုနစ်ရက်၊ ရေတတ်တုန်း ရေတွင်းထဲကျ၊ ရေစီးတစ်ခါ၊ ရေသာတစ်လှည့်၊ ရေများရာ မိုးရွာ၊ ရေများရေနိုင်၊ မီးများမီးနိုင်၊ ရေမြင့် ကြာမြင့်၊ ရေနစ်သူ ဝါးကူလိုတိုး၊ ရေစုန်ချွက်တိုက်၊ ရေနှိမ့်ရာစီး မီး မြင့်ရာလောင်၊ ရေမနောက်ကြာမရောက် စသည့်ရေနှင့်ဆက်နွယ်သောစကားပုံများကို မြန်မာမှုနယ်ပယ်၌ တွင်ကျယ်စွာသုံးစွဲလျက်ရှိသည်။ ရေမရှိလျှင် သက်ရှိအားလုံး ရှင်သန်ကြွင်းကျန်နိုင်မည် မဟုတ်ချေ။ နှစ်စဉ် နွေဥတုတွင် ကြုံတွေ့ရသည့်ပြဿနာသည် သောက်သုံးရေရှားပါးခြင်းပင်ဖြစ်သည်။ ထိုသို့ ရေရှားပါးပြတ်လပ်မှုမျိုးမကြုံရလေအောင် အဖိုးတန်သောရေကို မိုးဥတုကတည်းက စနစ်တကျစုဆောင်းထားပြီး ချွေတာသုံးစွဲသွားသင့်သည်။

စင်စစ်အားဖြင့် သက်ရှိများအတွက် အရေးပါဆုံးသောအရာသည် ရေပင်ဖြစ်နေ သည်။ ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် ရေမော်လီကျူးတစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်နှစ်ခုနှင့် အောက်ဆီဂျင်အက်တမ်တစ်ခု ($H_2O$) တို့ပေါင်းစပ်ပါဝင်ကြောင်းကို ငယ်စဉ်ကတည်းက ဓာတုဗေဒဘာသာရပ်တွင် သင်ကြားခဲ့ရသည်။ ရေကိုသတ်မှတ်အပူချိန်နှင့် ဖိအားအောက်တွင် အရည်အဖြစ်တွေ့ရလေ့ရှိသည်။ ထို့ပြင် ရေခဲ၊ ရေခိုး၊ ရေငွေ့၊ နှင်းခဲ၊ မြူငွေ့နှင့် တိမ်တိုက်အဖြစ်လည်း ရပ်တည်နေသည်။ ကမ္ဘာမြေ မျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့်ဖုံးလွှမ်းထားရှိပြီး ရေအများစုသည် ပင်လယ်သမုဒ္ဒရာများတွင် စုဖွဲ့တည်ရှိနေကြသည်။

**ရေဘယ်လောက်သောက်မလဲ**

လူတစ်ဦး၏ နေ့စဉ် လုံလောက်စွာသောက်သုံးသည့်ရေပမာဏသည် ထိုသူ၏ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကိုထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နေ့စဉ် သောက်ရေ ဖန်ခွက် ရှစ်ခွက်မှ ၁၀ ခွက်ခန့်ထိ သောက်သုံးသူသည် ကျန်းမာရေးကောင်းမွန်မည်ဟု ကျွမ်းကျင်သူများက ဆိုထားသည်။ အထူးသဖြင့် အမျိုးသားများသည် ရေ ၁၃ ခွက်(သုံးလီတာခန့်)ထိ သောက်သုံးသင့်ပြီး အမျိုးသမီးများသည် ကိုးခွက် (၂ ဒသမ ၂ လီတာခန့်) ထိ သောက်သင့်သည်ဟုလည်း ဆိုထားသည်။

ရေသည် လူတစ်ဦး၏ ကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ရေသည် လူ့ကိုယ်ခန္ဓာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း ပါဝင်နေသည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာအလေးချိန်အပေါ်မူတည်၍ ရေ ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းထိပါဝင်သည်။ ဦးနှောက်နှင့် နှလုံးတွင် ရေ ၇၃ ရာခိုင်နှုန်းပါဝင်ပြီး အဆုတ်တွင် ၈၃ ရာခိုင်နှုန်းထိ ပါဝင်သည်ဟုဆိုသည်။

**အကျိုးကျေးဇူးများ**

လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့်ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားအရေခြောက်ခန်းမှု၊ ပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။ ထို့ပြင် ရေကိုလုံလောက်စွာသောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုလျော့ပါးသက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့်ဝေဒနာမှ သက်သာစေခြင်း၊ အစာကြေလွယ်ပြီး ဝမ်းချုပ်ခြင်းမှ ကင်းဝေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန် လျော့ကျစေခြင်း၊ အဆီပိုအတောက်ဖြစ်ပွားနိုင်မှုမှ လျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအအေးမြှုကိုထိန်းချုပ်ပေးခြင်း စသည့်အကျိုးကျေးဇူးပေါင်းများစွာကို ရရှိစေသည်။

အထူးသဖြင့် ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူသားတို့အသုံးပြုသည့်ရေ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုလျက်ရှိသည်။ ရေတွင် ကယ်လိုရီနှင့် အာဟာရများပါဝင်ခြင်းမရှိ




သော်လည်း ဘေးကင်းလုံခြုံသောသောက်သုံးရေသည် လူသားတို့နှင့် အခြားသက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

**သန့်ရှင်းသောရေ ရှားပါးလာ**

ကမ္ဘာမြေကြီး၏ ၇၀ ရာခိုင်နှုန်းသည် ရေနှင့်ဖုံးလွှမ်းလျက်ရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေမှာမူ အလွန်အမင်းရှားပါးလျက်ရှိသည်။ ကမ္ဘာ့ရေထု၏ သုံးရာခိုင်နှုန်းခန့်သာလျှင် သန့်ရှင်းသောသောက်သုံးရေဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့လူဦးရေ ၂ ဒသမ ၄ ဘီလီယံခန့်သည် ဝမ်းလျှောဝမ်းပျက်ခြင်း၊ အူရောင်ငန်းဖျားဖြစ်ပွားခြင်းနှင့် ရေနှင့်ဆက်စပ်သည့် အခြားရောဂါများဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် ကလေးငယ်အများစုအပါအဝင် နှစ်စဉ် လူနှစ်သန်းခန့်သည် ဝမ်းရောဂါဖြင့် သေဆုံးရလျက်ရှိသည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ လေးဘီလီယံခန့်သည် ရေရှားပါးမှုဒဏ်ကို တစ်နှစ်လျှင် အနည်းဆုံးတစ်လခန့်ကြုံတွေ့ရလျက်ရှိသည်။ လူဦးရေ နှစ်ဘီလီယံကျော်သည် ရေဖူလုံမှုမရှိသောနိုင်ငံများတွင် နေထိုင်ရလျက်ရှိသည်။

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်း၌ ရေရရှိရေးအတွက် နည်းလမ်းကောင်းများ တိုးတက်လာသော်လည်း လူဦးရေ သန်း ၁၀၀၀ ခန့်သည် သန့်ရှင်းသောသောက်သုံးရေ မရရှိနိုင်သေးသည့်အပြင် ကျန် သန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးနှင့်ညီညွတ်သောရေကို ဖူလုံစွာမရရှိကြသေးပါ။ ထို့ပြင် ၂၀၂၅ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေကိုအခြေခံသည့်ရောဂါများနှင့် ရင်ဆိုင်ရမည်ဟု လေ့လာသုံးသပ်သူများက ဆိုထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိဖွံ့ဖြိုးဆဲဒေသများတွင် ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟုဆိုသည်။

အနာဂတ်တွင် ကြုံတွေ့ရနိုင်သည့်စစ်ပွဲများသည် နိုင်ငံရေးကြောင့်မဟုတ်ဘဲ သောက်သုံးရေရရှိရေးကို အကြောင်းပြု၍ ဖြစ်ပွားလာမည်ဟုဆိုသည်။ လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးရခြင်း၏အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည်။ ရေရှားပါးမှုကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေသန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့်ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားရှိသည်။ ထို့ကြောင့် ရေအရင်းအမြစ်များကို အချိန်မီစနစ်တကျထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။

**ရေရှားပါးမှုဖြစ်ရသည့်အကြောင်းရင်းများ**

မြို့ပြများတိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများထူထောင်ခြင်းနှင့် သဘာဝသစ်တောများကိုလွန်ကဲစွာ ခုတ်လှဲခြင်းသည် ရေရှားပါးရခြင်း၏ အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းများကျခြင်း၊ ရေခဲတောင်များအရည်ပျော်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထိုသို့ သဘာဝလွန်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပွားမှုသည် သဘာဝရေအရင်းအမြစ်ကို ထိန်းသိမ်းထားနိုင်စွမ်းနည်းပါးလာပြီး ရေရှားပါးခြင်းဆိုသော နောက်ဆက်တွဲဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေသည်။

ထို့ပြင် မြို့ပြများတွင် စက်ရေတွင်းများလွန်ကဲစွာတူးဖော်ခြင်းသည်လည်း မြေအောက်ရေအရင်းအမြစ်ကို ဆုတ်ယုတ်စေသည်။ ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စက်ရုံများမှထုတ်လွှတ်သော စွန့်ပစ်ဓာတုပစ္စည်းများကို မြစ်၊ ချောင်းများနှင့်ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်လေ့ရှိကြသည်။ စက်ရုံအလုပ်ရုံများကို အအေးခံခြင်းနှင့်ထုတ်ကုန်ပစ္စည်းကို တင်ပို့ရာတွင်လည်း ရေလမ်းကိုသာအသုံးပြုကြရသည်။ ထို့ကြောင့် စနစ်တကျစီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ် ရေရှားပါးပြတ်လပ်မှုပြဿနာကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

**ရေကိုဘယ်လိုချွေတာမလဲ**

လူတိုင်းသည် နေ့စဉ် ရေကို မိုးလင်းမိုးချုပ်သုံးစွဲနေရမည်ဖြစ်သည်။ ထိုသို့ သုံးစွဲရာတွင် လူတစ်ဦးတစ်ယောက်ချင်းစီမှ အဖိုးတန်ရေကိုချွေတာသုံးစွဲသွားမည်ဆိုလျှင် ရေရှားပါးသောဒေသရှိ ပြည်သူများကို ကူညီရာရောက်သည်။ ရေကိုအောက်ပါနည်းလမ်းများအတိုင်းသာ ခြိုးခြံချွေတာသုံးစွဲသွားသင့်သည်-

(၁) သွားတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းကိုပိတ်ထားခြင်း။
(၂) ရေပိုက်ခေါင်းများကို မလိုအပ်လျှင် ပိတ်ထားခြင်း။
(၃) နေအိမ်ရှိ ရေပိုက်ခေါင်းကို ပြုပြင်ထားခြင်း။
(၄) ရေချိုးခန်းတွင် ရေပန်းခေါင်းတို့ကိုသာ အသုံးပြုခြင်း။
(၅) ရေပန်းခေါင်းကို လိုအပ်သလောက်သာ ဖွင့်၍ ရေချိုးခြင်း။
(၆) ပန်းဥယျာဉ်များကို မိုးရေနှင့်သာ ပက်ဖျန်းခြင်း။
(၇) အိမ်သာရေစီမံမှုကို ပြုပြင်ထားခြင်း။
(၈) ရေစိမ့်နေသည့်နေရာများကိုစစ်ဆေးခြင်း။
(၉) မိုးရေကိုခံထားခြင်း။
(၁၀) ရေအိမ်ကိုအဖွက်ပုံးကဲ့သို့အသုံးမပြုခြင်း။
(၁၁) ရေချွေတာသည့်စက်များ ဝယ်ထားခြင်း (ဥပမာ-ပန်းကန်ဆေးစက်၊ အဝတ်လျှော်စက်)။
(၁၂) မည်သည့်အခါမျှ ရေကိုမသွန်ပစ်ရန်။

**ပင်ပန်းဆင်းရဲကြ**

နွေဥတုရောက်ပြီဆိုသည်နှင့် ကျေးလက်နေပြည်သူများ အထူးသဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဝေးကွာသောဒေသများတွင် နေထိုင်သူများအတွက် ခေါင်းအခဲရဆုံးပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ နွေဥတု၌ ရေရှားပါးမှုကြုံတွေ့ရသည့်အချို့သောဒေသများတွင် နေ့စဉ်သုံးရေရရှိရေးထက် သောက်ရေဖူလုံရေးကိုပင် များစွာခက်ခဲကြသည်။ ကျေးလက်နေပြည်သူများသည် သောက်သုံးရေတစ်ပုံးတစ်အိုးရရှိရေးအတွက် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများသို့ ပင်ပန်းကြီးစွာသွားရောက်ကာ ခပ်ကြရလေ့ရှိသည်။ နွေဥတုတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ ရေရှိသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့်ရေကန်ရှိသော နေရာများသို့ သွားရောက်နားခိုရလေ့ရှိသည်။

**ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး**

လူတစ်ဦးချင်းစီ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ရေဖူလုံစွာရရှိမှုနှင့် အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် လာမည့် ၂၀၂၅ ခုနှစ်ခန့်တွင် ရေနှင့်ဆက်စပ်သောရောဂါများ ခံစားရလိမ့်မည်ဟု လေ့လာသုံးသပ်သူများက ဆိုထားသည်။ ရေသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ အကြောင်းမှုကား ရေသည်စက်ရုံများမှစွန့်ပစ်သောဓာတုချွတ်ဆေးရည်များကိုသန့်စင်ရန်၊ စက်ရုံများ အအေးခံရန်နှင့် ကုန်ပစ္စည်းများ ပို့ဆောင်ရေးတို့တွင် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် လူသားတို့သည် သန့်ရှင်းသော သောက်သုံးရေ ၇၀ ရာခိုင်နှုန်းခန့်ကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြသည်။ ဆိုရလျှင် အယ်နီညိုဖြစ်စဉ်ကြောင့် ယခုနှစ် နွေဥတုတွင် အပူချိန်ပိုမိုမြင့်တက်လျက်ရှိသည်။ အပူချိန်မြင့်မားမှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်း နွေဥတုတွင် လူတိုင်းကြုံတွေ့ရသည့်ပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ထိုကျေးလက်နေပြည်သူအများစုသည် နွေဥတုတွင် သောက်သုံးရေရှားပါးမှုဒဏ်ကို နှစ်စဉ်ခါးစည်းခံရလေ့ရှိကြသည်။ ထို့ကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အနာဂတ်တွင် သောက်သုံးရေဖူလုံစေရေးအတွက် ကြိုတင်မြော်တွေးကာ ကိုယ်စီအသိစိတ်ဓာတ်ရှိစွာ တန်ဖိုးရှိသောရေကို စနစ်တကျချွေတာသုံးစွဲသွားရန် တိုက်တွန်းအကြံပြုသွားလိုပါသည်။

**ကိုးကား**

- 17 Proven ways to save water at home(WikiHow.com)
- International water Day 2024-Search (bing.com)

# ဂျင်းထည့်တဲ့ယောက်ဖ ရုပ်ရှင်ဇာတ်ကားကို မတ် ၂၉ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် မတ် ၂၁**


အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဂျင်းထည့်တဲ့ယောက်ဖ ရုပ်ရှင်ဇာတ်ကားကို မတ် ၂၉ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ညီထွဋ်ခေါင်က ပြောပြ၍ သိရသည်။

ဂျင်းထည့်တဲ့ယောက်ဖ ရုပ်ရှင်ဇာတ်ကားသည် မင်းတော်ဝင်၏ ဝတ္ထုဇာတ်လမ်းကို နေစိုးသော်က ဇာတ်ညွှန်းခွဲထားကာ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အချစ်ဟာသဇာတ်မြူးလေးပါ။ ဂျင်းထည့်မဲ့ ယောက်ဖတွေနဲ့ စုံတွဲတစ်တွဲရဲ့ ပင်လယ်ကမ်းခြေက ဟာသအလွဲတွေနဲ့ ဘဝအမောပြေစေမဲ့ ဟာသဇာတ်လမ်းလေး တစ်ပုဒ်ပါ"ဟု သရုပ်ဆောင် ညီထွဋ်ခေါင်က ပြောပြသည်။

ဂျင်းထည့်တဲ့ယောက်ဖ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊ ပြေတီဦး၊ ရွှေမှုံရတီ၊ တက္ကသိုလ်ဂွမ်းပုံ၊ ခင်လှိုင်၊ ညီထွဋ်ခေါင်၊ ဟေမာန်မန်းဝင်း၊ ကေညီ၊ ငြိမ်းချမ်း၊ ဇာခြည်လွင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# အရုပ်ဧည့်သည် ဇာတ်ကားကို SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်




**ရန်ကုန် မတ် ၂၁**

အရုပ်ဧည့်သည် ဇာတ်ကားကို မတ် ၂၃ ရက်တွင် SKYPRE-MIER HD ရုပ်သံလိုင်းမှထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် နန်းဆုဦးက ပြောပြ၍ သိရသည်။

အရုပ်ဧည့်သည် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို နေစိုးသော်က ရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ချစ်သူကောင်လေးကို အခြားမိန်းကလေးတွေနောက် ပါသွားမှာကို လိုတာထက်ပိုစိတ်ပူမိတဲ့ ကောင်မကလေး တစ်ယောက်က ဗေဒင်ဆရာဆီ အကူအညီတောင်းပြီး ယတြာစီရင်ထားတဲ့အရုပ်လေးတစ်ရုပ် ချစ်သူကောင်လေးကို လက်ဆောင်ပေးလိုက်မိရာက ဒီအရုပ်ကလေးက မထင်မှတ်တဲ့ အဖြစ်တွေဖြစ်ပေါ်လာတဲ့ ဇာတ်လမ်းလေးပါ။ တစ်ပိုင်းထဲအပြီး ဇာတ်ကားပါ"ဟု သရုပ်ဆောင် နန်းဆုဦးက ပြောပြသည်။

အရုပ်ဧည့်သည် ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ တေဇလင်းရောင်၊ နန်းဆုဦး၊ မေလသံစဉ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်ကားကို မတ် ၂၃ ရက် စနေနေ့ နံနက် ၁၀ နာရီနှင့် ည ၉ နာရီ ၄၅ မိနစ်၌ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်း၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ သာစည်ကျေးရွာ၌ ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်က လိုအပ်သည်များ မှာကြားသည်။

သာစည်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ ပေ ၅၅၀ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၂၃ ဒသမ ၇၅ သန်းဖြင့်ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ၂၀၂၃ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၄၈ အိမ်၊ လူ ၁၁၇၅ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။ သုသု

# Dune: Part Two ဇာတ်ကား ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၅၀၀ ရရှိသည့်ပထမဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် မတ် ၂၁**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Dune: Part Two ဇာတ်ကားသည် ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိခဲ့သည့် ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း မတ် ၂၀ ရက် သတင်းများအရ သိရသည်။

Dune: Part Two ဇာတ်ကားသည် မတ် ၁၉ ရက်တွင် ပြည်တွင်းဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၇ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၂၉၃ သန်းရရှိခဲ့ရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိခဲ့သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Dune(2021)၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည့် Dune: Part Two ဇာတ်ကားကို ယခုနှစ် မတ် ၁ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနော့က အမေရိကန်စာရေးဆရာ ဖရင့်ဟားဘတ်၏ Dune သိပ္ပံဝတ္ထုကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# High and Low ဇာတ်ကား၌ မင်းသား ဂျက်ဖရီရိုက် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မတ် ၂၁**

ဒါရိုက်တာစပိုက်လီ၏ High and Low ဇာတ်ကားသစ်တွင် မင်းသား ဂျက်ဖရီရိုက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၂၀ ရက် သတင်းများအရ သိရသည်။


High and Low ဇာတ်ကားသည် ကမ္ဘာကျော်ဂျပန်ဒါရိုက်တာကြီး အကီရာကူရိုဆာဝါ၏ High and Low လျှို့ဝှက်သည်းဖိုဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျက်ဖရီရိုက်သည် မင်းသား ဒန်ဇယ်ဝါရှင်တန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး High and Low ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုမတ်လကုန်ပိုင်းတွင် စတင်ရန်စီစဉ်ထားသည်။

ဂျပန်ဒါရိုက်တာ အကီရာကူရိုဆာဝါ၏ High and Low (1963) ဇာတ်ကားသည် ကုမ္ပဏီတစ်ခုကိုဝယ်ယူရန် ကြိုးပမ်းနေသည့် လူချမ်းသာစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော လျှို့ဝှက်သည်းဖိုမှုခင်းဇာတ်ကားဖြစ်သည်။

ဒါရိုက်တာစပိုက်လီ၏ High and Low ဇာတ်ကား စတင်ပြသမည့်ရက်ကို Apple ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# National Planning Commission Chairman SAC Chairman Prime Minister Senior General Min Aung Hlaing delivers address at National Planning Commission 1/2024

## Focusing on interests of the State and ethnic people, it is necessary to make greater efforts for improvement of socioeconomic life and achieve success of tasks



Senior General Min Aung Hlaing addresses National Planning Commission meeting 1/2024.

**Nay Pyi Taw March 21**

The National Planning Commission 1/2024 took place at the meeting room of the Office of the State Administration Council Chairman in Nay Pyi Taw this morning, with an address by Chairman of the commission SAC Chairman Prime Minister Senior General Min Aung Hlaing.

Also present at the meeting were Vice Chairman of the commission SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, commission member Union ministers, the Union Auditor-General, the Union Civil Service Board Chairman, the Central Bank of Myanmar Governor, the Nay Pyi Taw Council Chairman and deputy ministers together with region and state chief ministers, chairmen of self-administered zone/division leading bodies through videoconferencing.

First, the Senior General in his address said that the State Administration Council implements two national visions such as prosperity of the State and food security in possible ways focusing on national interest. The State future tasks emphasizing politics are being implemented step by step, and efforts are being made for successful implementation of the objectives in all sectors.

In reviewing the undertaken tasks, the government strived for development of agriculture and livestock tasks, extended cultivation of oil crops to reduce import volume of palm oil, production of quality products in sufficient production of cotton wool at home, and production of industrial crops.

Only when a large volume of products increases, will it contribute to domestic consumption and export purpose. So, encouragement was given to MSME businesses. Moreover, efforts were made for development of infrastructures, transport and road transport infrastructures, supply of electricity, water supply, construction of rural regional manufacturing roads and road networks.

Priority was given to providing teaching aid for implementing the highly-qualified education system and creating learning opportunities for all people. Necessary requirements have been fulfilled in development of health sector. Moreover, sports infrastructures will be built for ensuring development of capacity of youths and sports sectors to bring honour to the State. Moreover, the government managed reduction of commodity prices of basic foodstuffs in order to control the cost push inflation as much as possible.

Although the government strives for overall development, terror acts interrupt road transport, manufacturing and commodity flow. Due to lacking regional development, success as expected cannot be achieved yet.

In accord with the motto adopted by the State: Keep Moving Forward to Achieve Our Goal, it is necessary to speed up implementation of all sectors and arenas in order to improve socioeconomic life focusing on interests of the State and ethnic people. Moreover, utmost efforts must be made for achieving success in implementation of the national plan in 2024-25 financial year without losing momentum of already achieved success.

As such, it is necessary to complete the existing pojects and the plans to be implemented in coming financial year as quickly as possible for enabling the people to enjoy fruitful results of the plan. The national export strategic plan must be connected with the national plan to expose the projects to gain good results in coming two years.

As internal strength is playing a crucial role in building development of the socioeconomic structure of the State, all resources at home should be efficiently utilized without waste.

Relevant departments and organizations, regions and states have to harmoniously implement visions of the adopted roadmaps, objectives and policies deeply accepted as work guidelines in order to accomplish the objectives of the State. The government will join hands with the people in ensuring peace and prosperity of the Union, and prosperity of people in undertaking the people-centred projects.

In his address, Commission Vice Chairman SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win said that the 2024-25 FY national planning law was drafted in order to develop livestock farms, MSME business, export promotion, local oil sufficiency, education, health, transport, electrification and energy sectors as well as other sectors. Union-level organizations, Union ministries, region and state governments have to continuously maintain the economic development rate.

It is necessary to secure the good results in effectively utilizing the resources of the State. An emphasis must be placed to fulfill the basic needs of the people. Efforts must be made for timely completion of projects in implementing the economic development projects in 2024-25 FY. They all have to join hands for further booming development of State economy in all sectors and systematically managing the project expenditures.

National Planning Commission Vice Chairman Deputy Prime Minister Union Minister for Planning and Finance U Win Shein reviewed the 2023-2024 national plan implementation and explained the drawing of the 2024-2025 national plan (draft).

Commission Secretary Deputy Minister for Planning and Finance Daw Than Than Lin also explained the draft national plan.

Then, the union ministers reported their year-wise national plans and their implementations.

In response, the Senior General said in a country political, economic and defense forces need to be good. For these forces to improve, it is necessary for the country to be stable and peaceful. To develop a country, we need to be able to conduct detailed practical analysis. Some ministries, regions, and states have not been able to fully implement the projects. We need to identify the weaknesses and implement the national plans for the next fiscal year.

We need to reduce imports and export more. Therefore, we need to make efforts to produce more products. To successfully carry out domestic agriculture and livestock operations, we need to fulfill what is needed. Similarly, we need to be able to improve businesses with domestic investments. Only with increased investment activities will we be able to produce more products. By conducting agricultural activities, employment opportunities will improve. If we can produce according to the goals and objectives, domestically, it will be able to meet the needs of the foreign market.

Developing and developed countries are also operating MSMEs. There are MSMEs that produce high-end finished products in various regions and states, but there is a lack of encouragement. We need to encourage the production of other products at a high level, just as we need to carry out manufacturing activities based on agriculture and livestock. We need to be able to use the existing human resources in the right place. To carry out the activities in a wide and convenient manner, it is necessary to provide for the development and operation of the activities. We need to be able to use the national economic promotion funds effectively. We want those who can invest money among the citizens to make investment efforts in manufacturing. I would like to say again to pay attention to the security of domestic edible oil. The annual average consumption of oil in the range of 500-600 million dollars from abroad will be greatly reduced by making efforts to be self-sufficient in oil.

The respective regions and states need to take strict action to prevent illegal extraction of natural resources and illegal trade. In the same way,

See Page 15

# Financial Commission Chairman SAC Chairman Prime Minister Senior General Min Aung Hlaing addresses Financial Commission meeting 1/2024

## Produce goods based on farming activities well-established in regions and states to ensure production growth and local job opportunities




Senior General Min Aung Hlaing addresses Financial Commission meeting 1/2024.

**Nay Pyi Taw March 21**

The Financial Commission held the meeting 1/2024 at the meeting hall of the Office of Chairman of State Administration Council here this afternoon, addressed by Financial Commission Chairman SAC Chairman Prime Minister Senior General Min Aung Hlaing.

Also present were Commission Vice Chairman SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary Union Minister for Planning and Finance U Win Shein, Union Attorney-General Union Minister for Legal Affairs Dr Thida Oo, Union Auditor-General Dr Khin Naing Oo, the Nay Pyi Taw Council chair and deputy ministers. Region/state chief ministers attended the meeting through video conferencing.

In his opening address, the Senior General said the Union government must try to hit the target income and expenditure of the whole financial year as appropriated in realizing the union budget for financial year 2024-2025. The State has given special priority to the development of the farming sector and MSME sector in successfully implementing the two national goals – national prosperity and food sufficiency.

The Union budget law and region/state budget law were enacted as the financial policy for the success of the nation's economic objectives and national task. SAC was able to systematically manage and control expenditure of Covid-19 prevention, treatment and control and is trying to redevelop the national economy that was in a downturn due to Covid-19.

As regards the financial matters, Union ministries and region/state governments should overcome possible hardships based on the experience of the previous financial year to achieve the goal.

Priority sectors of the FY 2024-2025 budget include expenses for health and education for human resources development, electricity generation, better transport, and technical, agricultural and livestock schools. The government expenditure must be properly checked and priority must be given to expenses that directly or indirectly benefit national peace and stability, the rule of law, and economic development.

In order to send the Union budget for FY 2024-2025 and the Union budget bill to SAC through the government in time, the commission members should approve them through collective discussions.

Afterwards, the Vice-Senior General said FY 2024-2025 budgets of Union levels departments and organizations and regions and states were submitted after they had been properly examined by the relevant budget scrutiny bodies and all levels of committees. Expenses that provide immediate benefits for human resources development, infrastructure development, electricity sufficiency, and multi sector development and national economic growth were mainly approved.

As in the previous financial years, FY 2024-2025 has already approved the emergency funds appropriated for prevention of unforeseeable natural disasters, relief and rehabilitation, basic needs and arrangements for displaced persons, and national disaster management funds.

The Commission secretary reported on the Union budget for FY 2024-2025 and FY 2024-2025 budget law.

Then, Union Minister for Legal Affairs Dr Thida Oo reported on the union budget for 2024-2025 fiscal year and the budget bill for the fiscal year while Auditor General of the Union reported on tasks that should be carried out in the future based on findings on the budgets of union-level organizations, ministries, and region and state governments.

Afterward, the chairman of the Nay Pyi Taw Council and chief ministers of regions and states reported on related matters.

After hearing the reports, the Senior General said it is especially necessary to job opportunities for local residents by boosting production of local products based on established agriculture and livestock breeding tasks in respective regions and states. Moreover, economic projects must be carried out successfully and efforts must be made to meet targets. In creating job opportunities, quality products must be manufactured based on MSMEs not only to fulfill local needs but also to export the surplus.

In carrying out manufacturing tasks, efforts must be made for mass production and not only agriculture but also livestock breeding tasks must be carried out. Major meat and fish like breeding chickens, pigs, goats, cows and fish is thriving in regions and states. Similarly, vegetables and industrial crops can be grown there. If such agriculture and livestock breeding tasks can be carried out successfully, production can be boosted.

Union ministries are required to spend state funds effectively and beneficially. Similarly, relevant ministries are required to exert efforts to revenues fully. In carrying out tasks, if success can be achieved by coordinating and applying existing administrative and law enforcement and the rule of law mechanisms, progress can be made in respective regions and states. As progress can be made in regions and states, development of the country can be realized, everyone is required to cooperate and consult with each other.

Then, the Senior General made concluding remarks, saying while the SAC has been exerting efforts to realize the five-roadmap and the nine objectives, responsible officials at different levels are required to place emphasis on effective spending and meeting the targets in a timely manner in accordance with the needs of the country and the people. Administrative level officials are required to supervise not only the operations of the relevant departments but also financial management and supervision in accordance with existing financial rules and regulations.

Emergency funds for the 2024-2025 fiscal year has been approved more than previous years due to climatic and conditions. Moreover, surplus budgets returned to GRF funds due to tasks that could not be carried out due to local situation in the 2023-2024 fiscal year have been permitted to spend on education, health and construction as special issues and the funds must be spent in accordance with rules and regulations.

Region and state governments are required to make efforts to collect revenues fully in addition to budget allocation of the union. As region and state budgets are drawn based on balanced budgets, it should be aware that will they be able to spend sufficiently only when they can collect revenues fully.

In conclusion, the Senior General urged union ministries and region and state governments to exert efforts to supervise budget allocations for 2024-2025 fiscal year effectively and successfully in accordance with the five-roadmap and the nine objectives. 100

# Why does Myanmar need the People's Military Service Law?

Different conscription laws across the globe enable nations to assemble defence forces in order to safeguard their national sovereignty. The amount that will be matched is typically verified in cases where this practice is required for his country. **The true essence of enacting such conscription laws, however, is to raise awareness of the following points: every citizen is duty-bound to defend their country, they must serve in the military if needed, and they must acquire the necessary skills for national defence.** The State's spending budget, the political and security landscape, the methods and quantity of selection and verification for enlistment.

This article aims to elucidate the details surrounding military service laws that are governed by foreign nations worldwide and the necessity of Myanmar's people's military service law. When looking at military service laws governed by foreign nations generally, two types of laws can be identified: Mandatory conscription combinations which require men and women to serve in the military unconditionally and Combinations system that exercises both the De Jure system and the Voluntary Military Service System. Mandatory Conscription system, which entails requiring eligible male and female citizens to serve in the military based on age and health requirements, is typically implemented in small, one-party states with sparse populations. Certain nations mandate that all citizens who are required to register for the military service; however, the De Jure or Combinations model is only available to those who voluntarily choose to serve and those who are required to serve.

During the world wars, the liberal democratic United States implemented a conscription system. Today, known as Selective Service, it is a mandatory registration system for military service that is put into place when a citizen turns 18 years old. Put differently, we can refer to it as the Combination model.

Neighboring countries like Thailand has been using conscription systems. In addition, Laos and India have applied voluntary service system but they have enacted laws allowing them to call up their citizens if necessary. One could say that China employs de jure or combinations model like the United States. Russia, a powerful nation, has passed and put into effect laws requiring military service. Several countries in the region, including South Korea, North Korea, Singapore, Vietnam, and Cambodia, have passed and implemented laws requiring military service. The De Jure model has also been used in Indonesia. According to the World Population Review website, 86 nations have enacted and implemented various forms of military service laws.

Since gaining independence on January 4, 1948, only voluntary enlistment has been practiced in Myanmar. But after all this time, people have come to believe that the military handles national defence and that it is not their responsibility. However, it should be mentioned that the majority of armed insurgent groups recruit new members forcibly on the basis of ethnicity. It is true that each and every citizen bears responsibility for the defence of their country. Every citizen is obligated to serve in the nation's official armed forces if needed, a principle that has been stated by national leader Bo Gyoke Aung San since 1947.

**Every citizen must possess a strong understanding of national defence issues. Given Myanmar's strategic location among powerful nations and its strategic position spanning South and Southeast Asia, all citizens ought to be aware of national defence issues.**

From this, I learn that the People's Military Service Law enforcement in Myanmar, which has come into force on 10 February 2024, is an excellent procedure that needs to be carried out regularly for the sake of national security. Although it has been enacted in November 2010, this law has come into force now. All citizens will not be required to serve in the military even if the People's Military Service Law is enforced. Rather, a restricted quantity will be needed to be served. **The officials state that no man or woman who is eligible for military service in Myanmar will be required to enlist at the same time. To reduce the burden on the state, only a small number of individuals within the designated age range will be identified and called up. Therefore, only eligible men will be chosen; calling up women has not yet been planned.** All individuals chosen for military service will also get the same ration, pay, and allowances as other military personnel.

The People's Military Service Law went into effect recently, and the government of Myanmar has only recently begun recruiting military personnel formally. But since Myanmar regained its independence, insurgents and ethnic armed groups have been forcibly recruiting people. The KIA insurgent group has been accusing people in Kachin State and the northern Sagaing Region of being at fault for a variety of reasons in recent times. As a result, the victims have been made to join the KIA group as punishment. They are enforcing it on new recruits by family and by village. Similar to KIA, MNDAA and TNLA groups also extort huge sums of money from residents who choose not to join them. Young people in the Palaung region have recently fled the hands of the aforementioned groups, who are forcing the IDPs to join them, despite the fact that children and monks are being asked to forgo wearing religious order clothing.

In Rakhine State, the armed

*See Page 15*

**● The true essence of enacting such conscription laws, however, is to raise awareness of the following points: every citizen is duty-bound to defend their country, they must serve in the military if needed, and they must acquire the necessary skills for national defence.**

**● Every citizen must possess a strong understanding of national defence issues. Given Myanmar's strategic location among powerful nations and its strategic position spanning South and Southeast Asia, all citizens ought to be aware of national defence issues.**

**● The officials state that no man or woman who is eligible for military service in Myanmar will be required to enlist at the same time. To reduce the burden on the state, only a small number of individuals within the designated age range will be identified and called up. Therefore, only eligible men will be chosen; calling up women has not yet been planned.**

**● It is surprising to learn that certain nations and organizations condemn the application of laws enacted by independent states on the grounds of necessity and the actions of a government that complies with the law while ignoring the coerced enlistment of armed insurgents who are not authorized by law.**

**● The People's Military Service Law allows responsible young people to serve in the military with honour, allowing them to stand tall in their community. Improvement of self-control, enhancement of current skills, and increased maturity during military service will increase self-assurance, perseverance and physical fitness.**

**● Since the majority of people or communities will proportionately serve in the military, it is also crucial that mutual trust and understanding be developed between the civilian and military communities.**

*From Page 12*

they need to make efforts with the mandates given for the development of regions and states. Therefore, the union ministries as well as the states and regions need to review and conduct the activities for the success of national projects.

In his concluding remark, the Senior General said at today's meeting, the National Plan for the fiscal year 2024-2025 has been discussed and negotiated. Ministries and region and state governments must prepare and plan the necessary activities to implement the procedures in a timely manner.

In implementing the projects as intended, there must be step-by-step supervision, inspection, and reviews. The projects must lead to the socio-economic benefits of the people. They must also encourage and promote the production and export of businesses produced by the private sector in accordance with the specifications. They must try to achieve economic development and develop other sectors as well.

Since the development of human resources takes time, students, students' academic qualifications, modern skills, technology and correct thinking and outlooks must be considered. In anticipation of education and the building of a modern nation, the youth must be empowered according to their relevant sectors.

The government and the people as a whole need to work diligently and unitedly for the development of politics, economy, and defence and the promotion of national character and nationalistic spirit. The peace, stability, prosperity and development of the country, the people are urged to work together. As last years' budgets which had been returned for some projects could not be finished are being spent efficiently in education and health sectors, the responsible officials of the regions and states need to work with care and seriousness.

100

*From Page 14*

insurgent group AA is forcing ten people to enlist from each village. Those who decline to join the insurgents are expelled from the village by the rebels. Thus do the armed groups of Wa group, Mong La group, Wang Hai group, Yawd Serk's group, MNSP group, and KNU group. The entire populace hates PDF terrorists because they murder people and claim to be "informant/Dalan" if they do not join them. **It is surprising to learn that certain nations and organizations condemn the application of laws enacted by independent states on the grounds of necessity and the actions of a government that complies with the law while ignoring the coerced enlistment of armed insurgents who are not authorized by law.**

Every law-abiding young person needs not to serve in combat battalions or units under the People's Military Service Law; instead, they can select other corps, as their assignments will be based on their skill sets. The fact that the chosen youths will serve in the designated battalions or units and that other citizens will have the opportunity to observe the People's Military Service system makes me believe that the said law should be enforced. Those details will undoubtedly be included as soon as the pertinent bylaws are formally published.

- **With regard to the People's Military Service Law, Myanmar's existence and sovereignty can be ensured because a greater number of its citizens will be aware of defence and security.**
- **The People's Military Service Law, passed in 2010, came into force on 10 February 2024. This was made possible by the need for strong defence, a harmonious integration with the People's Militia Strategy, the growth of the people's spirit for the Union and patriotism, and the chance for every citizen to fulfil their obligation to defend their country.**

Therefore, it is unnecessary for people to pay attention and believe the false information spread by terrorists and insurgents. They fear that the citizens will enrol in lawful military service and study national defence education.

**The People's Military Service Law allows responsible young people to serve in the military with honour, allowing them to stand tall in their community. Improvement of self-control, enhancement of current skills, and increased maturity during military service will increase self-assurance, perseverance and physical fitness.**

The knowledge and experience that come from serving in the military will help the young people in their future endeavours, and they will also develop the mental toughness necessary to overcome obstacles in the workforce.

**Since the majority of people or communities will proportionately serve in the military, it is also crucial that mutual trust and understanding be developed between the civilian and military communities.** For this reason, conscription programs are known across the globe as the "Civil-Military Social Bridge," connecting the civilian and military communities. **With regard to the People's Military Service Law, Myanmar's existence and sovereignty can be ensured because a greater number of its citizens will be aware of defence and security.** Therefore, the harsh criticism of Myanmar's Military Service Law from certain nations that are attempting to destroy Myanmar through all means is indicative of their true goals.

In actuality, the People's Military Service Law is being exercised in both the powerful nations of the world and the neighbouring countries, as well as in numerous other countries in the region. After serving in the armed forces for the required amount of time, young men and women can: think rationally; have a disciplined system; be willing to work with others; develop high personal capability; and increase trust and understanding on the Tatmadaw.

Overall, in the midst of global power competition, **the People's Military Service Law, passed in 2010, came into force on 10 February 2024. This was made possible by the need for strong defence, a harmonious integration with the People's Militia Strategy, the growth of the people's spirit for the Union and patriotism, and the chance for every citizen to fulfil their obligation to defend their country.**

The People's Military Service Law, which went into force in Myanmar, is not comparable to forced recruitment tactics used by terrorists and insurgents, nor is it comparable to some foreign countries' Mandatory Conscription which requires all men and women to serve in the military without exception. I write this article to explain that the aforementioned law is a type of De Jure or Combinations that mandate that only a sufficient number of people serve in the military in accordance with the security and defence needs of their own nation.

**Min Khant**

# Shan State cabbages gain momentum with high demand in Mandalay markets

**Mandalay March 21**

Cabbages from the southern and northern areas of Shan State received high demand in the Thiri Malar Green Wholesale market in Aungmyethazan District, Mandalay, according to the cabbage stalls in the market.

Cabbages from the southern and northern areas of Shan State are currently regularly arriving at the Thiri Malar Green Wholesale Market in Mandalay by 5 to 6 12-wheelers in a day. There is no stock left in the market, and sales are good. The current price of cabbage is between 200 and 350 kyats per piece, said U Aung Moe Naing, the owner of the Aung wholesale center in Mandalay.

"Currently, only the mountainous areas where cabbage is grown are entering mostly. The rest of the areas have not produced any cabbage. Number of the growers is reduced due to various reasons. Transaction is also good in the market. Currently, trucks loaded with cabbages enter this market regularly. Therefore, the growers are getting good prices," he said.

185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.




တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

☆ ကျောဖုံးမှအဆက်

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် **၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာနှစ်အစမှအဆုံးအထိ ရငွေများကို လျာထားသည့်အတိုင်း ရရှိရေးနှင့် သုံးငွေများကိုလည်း လျာထားသည့်အတိုင်း သုံးစွဲနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ အမျိုးသားရေး



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

ရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ၊ အမျိုးသားရေးရည်မှန်းချက်တာဝန်များကို အောင်မြင်စေရေးအတွက် ဘဏ္ဍာရေးမူဝါဒအဖြစ် ပြဋ္ဌာန်းပေးသောဥပဒေများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးအသုံးစရိတ်များကို စနစ်တကျ စီမံခန့်ခွဲထိန်းချုပ်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဘဏ္ဍာငွေအရအသုံးများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခင်ဘဏ္ဍာနှစ် အတွေ့အကြုံများအပေါ် အခြေခံပြီး တွေ့ကြုံရမည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ **၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် အသုံးစရိတ်များ၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများအတွက် အသုံးစရိတ်များ စသည့် ပိုမိုလိုအပ်သောကဏ္ဍများအတွက် ဦးစားပေးလျာထားသုံးစွဲသွားမည်ဖြစ်**ကြောင်း၊ **အစိုးရများ၏ အုပ်ချုပ်မှုဆိုင်ရာအသုံးစရိတ်များကို စိစစ်သုံးစွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန် လိုအပ်**ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန်လိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ယနေ့အစည်းအဝေးတွင် စိစစ်တင်ပြပြီးဖြစ်သည့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို တင်ပြရာတွင် သက်ဆိုင်ရာဘတ်ဂျက်စိစစ်သည့် အဖွဲ့အစည်း၊ ကော်မတီများက အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ အသုံးစရိတ်အပိုင်းတွင်လည်း နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အလုံအလောက်ဖြန့်ဖြူးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့အတွက် လက်ငင်းအကျိုးရှိပြီး ဘက်စုံအကျိုးသက်ရောက်စေမည့် အသုံးစရိတ်များကို အဓိကထားခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်များနည်းတူ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသာမက နေရပ်စွန့်ခွာပြည်သူများအတွက် စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး အရေးပေါ်ရန်ပုံငွေ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို လျာထားခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

၎င်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်သည့် စိုက်ပျိုးရေးမွေးမြူရေး** **စာမျက်နှာ ၁၉ သို့**



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အကြံပြုဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး အကြံပြုဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး အကြံပြုဆွေးနွေးတင်ပြစဉ်။

# မြန်မာနိုင်ငံအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာကြောင့်လိုအပ်သလဲ

ကမ္ဘာ့နိုင်ငံများအားလုံးမှာ မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် ကာကွယ်ရေးစွမ်းအားစုတွေ စုဆောင်းနိုင်အောင် ကွဲပြားခြားနားတဲ့ စစ်မှုထမ်းဥပဒေများကို ကျင့်သုံးလျက်ရှိကြပါတယ်။ ဒီလိုကျင့်သုံးတဲ့နေရာမှာ မိမိနိုင်ငံအတွက် လိုအပ်မယ့်၊ ကိုက်ညီမယ့် ပမာဏကို စိစစ်ခေါ်ယူလေ့ရှိကြပါတယ်။ သို့သော်လည်း **ဒီလိုစစ်မှုထမ်းဥပဒေတွေရဲ့ တကယ့်အနှစ်သာရက နိုင်ငံသားအားလုံးသည် မိမိနိုင်ငံကို ကာကွယ်ဖို့ တာဝန်ရှိတယ်၊ လိုအပ်ရင် စစ်မှုထမ်းဆောင်ရမယ်၊ နိုင်ငံတော်ကာကွယ်ရေး အတတ်ပညာတွေ တတ်ရမယ်ဆိုတဲ့အသိစိတ်ဓာတ် ရှိလာအောင် ပြဋ္ဌာန်းထားကြတာ ဖြစ်ပါတယ်။** ဒီလိုပြဋ္ဌာန်းပြီး ရွေးချယ်စိစစ်ခေါ်ယူမယ့် နည်းလမ်းနဲ့ ပမာဏကို နိုင်ငံတော်မှသုံးစွဲနိုင်မယ့် ဘဏ္ဍာငွေပမာဏနဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးပတ်ဝန်းကျင် အခြေ

**ဒီလိုစစ်မှုထမ်းဥပဒေတွေရဲ့ တကယ့်အနှစ်သာရက နိုင်ငံသားအားလုံးသည် မိမိနိုင်ငံကိုကာကွယ်ဖို့ တာဝန်ရှိတယ်၊ လိုအပ်ရင် စစ်မှုထမ်းဆောင်ရမယ်၊ နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာတွေတတ်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ် ရှိလာအောင် ပြဋ္ဌာန်းထားကြတာဖြစ်ပါတယ်။**

အနေတွေအရ ထိန်းညှိဆောင်ရွက်ကြရပါတယ်။

ဒီဆောင်းပါးမှာတော့ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ စစ်မှုထမ်းဥပဒေတွေနဲ့ မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာကြောင့်လိုအပ်သလဲဆိုတာကို ဆွေးနွေးပေးချင်ပါတယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စစ်မှုထမ်းစနစ်များကို ခြုံငုံလေ့လာကြည့်လိုက်တဲ့အခါ အမျိုးသား၊ အမျိုးသမီးခြွင်းချက်မရှိ တာဝန်ထမ်းဆောင်ရတဲ့ စစ်မှုမထမ်းမနေရစနစ် (Mandatory Conscription) စနစ်၊ ဥပဒေအရ စစ်မှုမထမ်းမနေရစနစ်နဲ့ ဆန္ဒပြုစနစ်ကို တွဲစပ်ကျင့်သုံးသည့် (De Jure Conscription or Combination) ဆိုပြီး နှစ်မျိုး

**မြန်မာနိုင်ငံမှာ အသက်အရွယ်အရ အကျုံးဝင်သူ စစ်မှုထမ်းဆောင်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီးအားလုံး တစ်ပြိုင်နက်တည်း တာဝန်ထမ်းဆောင်ရမှာမဟုတ်ဘဲ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်အောင် သတ်မှတ်အသက်အပိုင်းအခြားအတွင်းကစိစစ်ပြီး အင်အားအနည်းငယ်ကိုသာ ခေါ်ယူမှာဖြစ်တဲ့အတွက် လတ်တလောမှာ အမျိုးသားများကိုသာခေါ်ယူပြီး အမျိုးသမီးတွေကိုခေါ်ယူဦးမှာ မဟုတ်ဘူးလို့လည်း တာဝန်ရှိသူတွေပြောဆိုတာကို ကြားနေရပါတယ်။**

တွေ့ရပါတယ်။ အသက်အရွယ်နဲ့ ကျန်းမာရေးအဆင့်အတန်းမီတဲ့ အမျိုးသား၊ အမျိုးသမီး နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဖြစ်တဲ့ (Mandatory Conscription) စနစ်ကို လူဦးရေနည်းပါးတဲ့ နိုင်ငံငယ်လေးတွေနဲ့ တစ်ပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ အတွေ့ရများပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဥပဒေအရ စစ်မှုထမ်းဆောင်ရမယ့် နိုင်ငံသားများအားလုံး မှတ်ပုံတင်စေသော်လည်း တာဝန်ထမ်းဆောင်ဖို့ ဆန္ဒပြုသူတွေနဲ့ အင်အားလိုအပ်သလောက်သာ အကန့်အသတ်နဲ့ဆင့်ခေါ်တဲ့ De Jure or Combination ပုံစံကျင့်သုံးတာကို တွေ့ရပါတယ်။

လစ်ဘရယ်ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံမှာလည်း ကမ္ဘာစစ်ကြီးတွေဖြစ်ပွားနေတဲ့ကာလမှာ စစ်မှုမထမ်းမနေရစနစ်ကိုကျင့်သုံးခဲ့ပြီး ယခုလည်း Selective Service လို့ခေါ်တဲ့ အသက် ၁၈ နှစ်ပြည့်လျှင် စစ်မှုထမ်းဆောင်ရန်အတွက် မဖြစ်မနေ မှတ်ပုံတင်ရတဲ့စနစ်ပြုလုပ်ထားပြီး ဒီလိုမှတ်ပုံတင်တဲ့အထဲကမှ လိုအပ်သလောက်ကိုသာ စိစစ်ခေါ်ယူခြင်း ပြုလုပ်ပါတယ်။ တစ်နည်းအားဖြင့် De Jure or Combination ပုံစံလို့ သတ်မှတ်နိုင်ပါတယ်။

အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းမှာ စစ်မှုမထမ်းမနေရစနစ်ကိုကျင့်သုံးနေပြီး လာအို နဲ့ အိန္ဒိယနိုင်ငံမှာတော့ ဆန္ဒပြုစနစ်ဖြစ်ပေမယ့် နိုင်ငံအတွက် လိုအပ်တဲ့အချိန်မှာ စစ်မှုထမ်းတွေဆင့်ခေါ်နိုင်တဲ့ ဥပဒေတွေပြဋ္ဌာန်းထားရှိပါတယ်။ တရုတ်နိုင်ငံကတော့ အမေရိကန်နိုင်ငံလိုပဲ De Jure or Combination ပုံစံကို ကျင့်သုံးနေတယ်လို့ ဆိုနိုင်ပါတယ်။ အင်အားကြီးနိုင်ငံတစ်ခုဖြစ်တဲ့ ရုရှားနိုင်ငံကတော့ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းပြီး လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။ ဒေသတွင်းနိုင်ငံများဖြစ်တဲ့ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာလည်း De Jure ပုံစံကို ကျင့်သုံးပါတယ်။ World Population Review Website မှာ ဖော်ပြထားချက်များအရ ကမ္ဘာပေါ်မှာ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းထားပြီး ပုံစံမျိုးစုံနဲ့ ကျင့်သုံးနေတဲ့ နိုင်ငံပေါင်း ၈၆ နိုင်ငံ ရှိတယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရပြီးကတည်းက ဆန္ဒအလျောက် စစ်မှုထမ်းဆောင်တဲ့စနစ် (Voluntary Enlistment) ကိုသာ ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုအချိန်ကြာလာတဲ့အခါမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ စစ်မှုထမ်းတွေရဲ့အလုပ်သာဖြစ်တယ် ငါတို့နဲ့မဆိုင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးတွေ ဝင်လာတတ်ကြပြီး သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အများစုဟာလည်း လူမျိုးရေးကိုအခြေခံပြီး အတင်းအဓမ္မ လူသစ်စုဆောင်းမှုတွေ ဆောင်ရွက်နေတာကို သတိပြုရမှာဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံတော်ကာကွယ်ရေးဆိုတာ နိုင်ငံသားတစ်ဦးချင်းစီမှာ တာဝန်ရှိပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တိုင်းပြည်အတွက် လိုအပ်ရင် နိုင်ငံရဲ့တရားဝင်တပ်မတော်မှာ နိုင်ငံသားတိုင်း စစ်မှုထမ်းရမယ်ဆိုတဲ့မူကို ၁၉၄၇ ခုနှစ်ကတည်းက ထုတ်ဖော်ပြောဆိုထားတာကိုလည်း တွေ့ရပါတယ်။

**နိုင်ငံတော်ကာကွယ်ရေးအမြင်နဲ့ အတတ်ပညာတွေဟာလည်း ပြည်သူများအားလုံး သိသင့်သိထိုက်တဲ့ သိရမယ့်ပညာရပ်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံလို တောင်အာရှနဲ့ အရှေ့တောင်အာရှကို ပေါင်းကူးပေးတဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ၊ အင်အားကြီးနိုင်ငံတွေရဲ့အကြားမှာ တည်ရှိနေတဲ့ နိုင်ငံအတွက် နိုင်ငံတော်ကာကွယ်ရေး အသိပညာနဲ့ အတတ်ပညာတွေဟာ နိုင်ငံသားတိုင်း သိသင့်၊ တတ်သင့်လှပါတယ်။**

ဒါကြောင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အသက်ဝင်လာခဲ့တာဟာ နိုင်ငံတော်လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမယ့် အထူးကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်လို့ နားလည်မိပါတယ်။ ဒီဥပဒေဟာ ယခုမှဖြစ်ပေါ်လာတာတော့မဟုတ်ဘဲ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလကတည်းက ပြဋ္ဌာန်းထား

**နိုင်ငံတော်ကာကွယ်ရေးအမြင်နဲ့ အတတ်ပညာတွေဟာလည်း ပြည်သူများအားလုံး သိသင့်သိထိုက်တဲ့ သိရမယ့်ပညာရပ်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံလို တောင်အာရှနဲ့ အရှေ့တောင်အာရှကို ပေါင်းကူးပေးတဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ၊ အင်အားကြီးနိုင်ငံတွေရဲ့ အကြားမှာတည်ရှိနေတဲ့ နိုင်ငံအတွက် နိုင်ငံတော်ကာကွယ်ရေးအသိပညာနဲ့ အတတ်ပညာတွေဟာ နိုင်ငံသားတိုင်း သိသင့်၊ တတ်သင့်လှပါတယ်။**

ခဲ့တာဖြစ်ပြီး ယခုမှစတင်အသက်ဝင်လာတာ ဖြစ်ပါတယ်။ သို့သော်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာလို့ နိုင်ငံသားအားလုံး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ့် ပုံစံမဟုတ်ဘဲ လိုအပ်သလောက်သာ အကန့်အသတ်နဲ့ တာဝန်ထမ်းဆောင်ရမယ့် ပုံစံဖြစ်ပါတယ်။ **မြန်မာနိုင်ငံမှာ အသက်အရွယ်အရ အကျုံးဝင်သူ စစ်မှုထမ်းဆောင်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီး အားလုံးတစ်ပြိုင်နက်တည်း တာဝန်ထမ်းဆောင်ရမှာမဟုတ်ဘဲ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် သတ်မှတ်အသက်အပိုင်းအခြားအတွင်းကစိစစ်ပြီး အင်အားအနည်းငယ်ကိုသာ ခေါ်ယူမှာဖြစ်တဲ့အတွက် လတ်တလောမှာ အမျိုးသားများကိုသာခေါ်ယူပြီး အမျိုးသမီးတွေကို ခေါ်ယူဦးမှာ မဟုတ်ဘူးလို့လည်း တာဝန်ရှိသူတွေ ပြောဆိုတာကို ကြားနေရပါတယ်။** ဒါ့အပြင် စစ်မှုထမ်းဆောင်ဖို့ ရွေးချယ်ခံရတဲ့သူတွေအားလုံး ယခုတပ်မတော်သားများနည်းတူ ရသင့်ရထိုက်တဲ့ ရိက္ခာ၊ လစာတွေ၊ ခံစားခွင့်တွေကိုလည်းရရှိကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအစိုးရအနေနဲ့ ယခုမှ ပြည်သူ့စစ်မှုထမ်းဥပဒေကိုအသက်ဝင်စေပြီး ဥပဒေနည်းလမ်းတကျ စစ်မှုထမ်းများကို စိစစ်ရွေးချယ်ခေါ်ယူဖို့ ဆောင်ရွက်နေပေမယ့် မြန်မာနိုင်ငံက တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ သောင်းကျန်းသူတွေကတော့ အတင်းအဓမ္မလူသစ်စုဆောင်းမှုတွေကို လုပ်ဆောင်နေကြတာ လွတ်လပ်ရေးရပြီးကတည်းကလို့ပဲ ဆိုနိုင်ပါတယ်။ လတ်တလောကာလမှာ KIA သောင်းကျန်းသူအဖွဲ့က ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းမြောက်ပိုင်းဒေသက ပြည်သူတွေကို အပြစ်အမျိုးမျိုးရှာပြီး ပြစ်ဒဏ်အတွက် KIA အဖွဲ့ထဲဝင်ခိုင်းသလို ကျေးရွာအလိုက်၊ မိသားစုအလိုက်လည်း အဓမ္မလူသစ်စုဆောင်းနေပါတယ်။ MNDAA နဲ့ TNLA အဖွဲ့သည်လည်း ထိုနည်းတူစွာ ဆောင်ရွက်ပြီး သူတို့အဖွဲ့ထဲမဝင်လိုလျှင် အဆမတန်ဆက်ကြေးပေးဆောင်ရပါတယ်။ သိပ်မကြာသေးခင်ကပဲ စစ်ဘေးရှောင်တဲ့ ကလေးနဲ့ သံဃာတွေပါမချန် သက်နှဲချတ်ပြီး အတင်းအဓမ္မလူသစ်စုဆောင်းလို့ ပလောင်ဒေသက လူငယ်တွေထွက်ပြေးနေရပါတယ်။

ရခိုင်ပြည်နယ်က သောင်းကျန်းသူ AA အဖွဲ့ကလည်း ရွာတစ်ရွာကို ၁၀ ဦးနှုန်းနဲ့ အဓမ္မလူသစ်စုပါတယ်။ AA ထဲ မဝင်ရင် ရွာကနေမောင်းထုတ်ပါတယ်။ “ဝ”အဖွဲ့၊ မိုင်းလားအဖွဲ့၊ ဝမ်ဟိုင်းအဖွဲ့၊ ယွက်စစ်အဖွဲ့၊ MNSP မွန်အဖွဲ့၊ KNU အဖွဲ့တွေလည်း ထိုနည်းတူစွာပဲ ဆောင်ရွက်ကြပါတယ်။ PDF အကြမ်းဖက်တွေကတော့ သူတို့ထဲမဝင်ရင် ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်နေကြလို့ ပြည်သူအားလုံးက အော့နှလုံးနာနေကြရပါတယ်။ **အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက လိုအပ်ချက်အရ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အသက်သွင်းခဲ့တာကို ဆန့်ကျင်ဝေဖန်နေကြတဲ့ နိုင်ငံများနဲ့ အဖွဲ့အစည်းတချို့ဟာ တရားမဝင်လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အတင်းအဓမ္မလူသစ်စုဆောင်းမှုကို မသိချင်ယောင်ဆောင်ပြီး အစိုးရတစ်ရပ်ရဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်ကို ဝေဖန်ဆန့်ကျင်နေကြတာကိုလည်း အံ့အားသင့်ဖွယ်မြင်တွေ့ကြားသိနေရပါတယ်။**

စာမျက်နှာ ၂၁ သို့

**အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက လိုအပ်ချက်အရ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အသက်သွင်းခဲ့တာကို ဆန့်ကျင်ဝေဖန်နေကြတဲ့နိုင်ငံများနဲ့ အဖွဲ့အစည်းတချို့ဟာ တရားမဝင်လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အတင်းအဓမ္မ လူသစ်စုဆောင်းမှုကို မသိချင်ယောင်ဆောင်ပြီး အစိုးရတစ်ရပ်ရဲ့ဥပဒေနဲ့အညီ ဆောင်ရွက်ချက်ကို ဝေဖန်ဆန့်ကျင်နေကြတာကိုလည်း အံ့အားသင့်ဖွယ်မြင်တွေ့ကြားသိနေရပါတယ်။**

**ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမည့် လူငယ်များဟာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြတဲ့ နိုင်ငံ့သားကောင်းများအဖြစ် လူမှုပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမြင့်မားစွာရပ်တည်နိုင်မှာဖြစ်သလို စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်းကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုပိုမိုရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှု၊ ဇွဲ၊ လုံ့လရှိမှုနဲ့ ကိုယ်ကာယကြံ့ခိုင်မှုတွေ တိုးတက်ရရှိလာမှာ ကေန်မလွဲဖြစ်ပါတယ်။**

စာမျက်နှာ ၂၀ မှအဆက်

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်သိ နိုင်ငံ့သားကောင်းလူငယ်တွေ စစ်မှုထမ်းဆောင်ရာမှာလည်း လူတိုင်း တိုက်ခိုက်ရေးတပ်ရင်း/ တပ်ဖွဲ့တွေကို သွားဖို့လိုအပ်တာမဟုတ်ဘဲ ကျွမ်းကျင်ရာပညာရပ်တွေအလိုက် တာဝန်ပေးအပ်မှာဖြစ်လို့ အခြားလက်ရုံးတပ်ဖွဲ့များကိုလည်း ရွေးချယ်နိုင်ပါသေးတယ်။ စစ်မှုထမ်းဆောင်ရမယ့် လူငယ်တွေဟာ တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များမှာ တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီး အခြားပြည်သူတွေအနေနဲ့လည်း ပြည်သူ့စစ်မှုထမ်းစနစ်ကို လေ့လာခွင့်ရမှာဖြစ်တာကြောင့် အထူးသင့်လျော်တယ်လို့လည်း ယူဆမိပါတယ်။ နည်းဥပဒေတွေ အတည်တကျထွက်လာရင်တော့ ဒီအချက်တွေ ရှင်းရှင်းလင်းလင်း ပါဝင်လာမှာပဲ ဖြစ်ပါတယ်။

**ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနဲ့ လုံခြုံရေးအသိရှိတဲ့ နိုင်ငံသားများပိုမိုများပြားလာမှာဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ရေရှည်အာမခံနိုင်မှာပဲ ဖြစ်ပါတယ်။**

ဒါကြောင့် ပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်သမားတွေနဲ့ သောင်းကျန်းသူတွေ လှုံ့ဆော်နေတဲ့ မဟုတ်မမှန်တဲ့သတင်းတွေကို နားမယောင်မိကြဖို့လိုပါတယ်။ ဒီအဖွဲ့တွေဟာ ပြည်သူတွေ နိုင်ငံတော်ကာကွယ်ရေးပညာတွေ တတ်မြောက်ပြီး ဥပဒေနည်းလမ်းတကျ စစ်မှုထမ်းဆောင်လာကြမှာကို အင်မတန်ကြောက်ရွံ့နေကြတဲ့အဖွဲ့တွေဖြစ်ပါတယ်။

**ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမည့် လူငယ်များဟာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြတဲ့ နိုင်ငံ့သားကောင်းများအဖြစ် လူမှုပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်မှာဖြစ်သလို စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်းကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုပိုမိုရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှု၊ ဇွဲ၊ လုံ့လရှိမှုနဲ့ ကိုယ်ကာယကြံ့ခိုင်မှုတွေ တိုးတက်ရရှိလာမှာ ကေန်မလွဲဖြစ်ပါတယ်။**

ဒါ့အပြင် စစ်မှုထမ်းခြင်းမှရရှိလာမယ့် အတွေ့အကြုံနဲ့ အသိပညာများကြောင့် အနာဂတ်လူငယ်များရဲ့ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မှာဖြစ်လို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်မှာလည်း ရင်ဆိုင်ကြုံတွေ့လာရမယ့် စိန်ခေါ်မှုများစွာကို ဖြေရှင်းနိုင်ဖို့အတွက် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမှာဖြစ်ပါတယ်။

နောက်ထပ်အရေးကြီးတဲ့တစ်ချက်က **ပြည်သူတွေအများစု သို့မဟုတ် ရပ်ရွာအလိုက် အချိုးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမှာဖြစ်တဲ့အတွက် အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုတွေ တည်ဆောက်နိုင်ပါတယ်။** ဒါကြောင့်လည်း နိုင်ငံတကာမှာ စစ်မှုမထမ်းမနေရစနစ်တွေကို အရပ်ဘက်နဲ့ စစ်ဘက်အကြားက လူမှုပေါင်းကူးတံတား (Civil-military Social Bridge) လို့လည်း တင်စားခေါ်ဝေါ်လေ့ရှိကြပါတယ်။ **ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနဲ့ လုံခြုံရေးအသိရှိတဲ့ နိုင်ငံသားများ ပိုမိုများပြားလာမှာဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ရေရှည်အာမခံနိုင်မှာပဲ ဖြစ်ပါတယ်။** ဒါကြောင့် မြန်မာနိုင်ငံပြိုကွဲဖို့ နည်းလမ်းပေါင်းစုံက ထိုးနှက်နေတဲ့ နိုင်ငံတချို့အနေနဲ့ မြန်မာနိုင်ငံက ပြည်သူ့စစ်မှုထမ်းဥပဒေကို ဝေဖန်ရေးလုပ်နေတာဟာ သူတို့ရဲ့စိတ်ရင်းအမှန်ကို လှစ်ပြနေတာနဲ့ တူနေပါတယ်။

အမှန်စင်စစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်း နိုင်ငံအများအပြားမှာ ကျင့်သုံးနေသလို ကမ္ဘာ့အင်အားကြီးနိုင်ငံများမှာလည်း နိုင်ငံ့ကာကွယ်ရေး စွမ်းပကားမြင့်မားစေရေး မဖြစ်မနေ ကျင့်သုံးလျက်ရှိပါသည်။ သတ်မှတ်ကာလအတိုင်း စစ်မှုထမ်းဆောင်ပြီးပါက ကျား/ မ မရွေး လူငယ်များအနေဖြင့် သင့်တင့်မျှတစွာ စဉ်းစားချင့်ချိန်နိုင်ခြင်း၊ စည်းကမ်းစနစ်တကျရှိလာခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိလာခြင်း၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားလာပြီး တပ်မတော်အပေါ် နားလည်ယုံကြည်မှုများ ပိုမိုတိုးတက်လာစေမှာဖြစ်ပါတယ်။

**ပြည်သူတွေအများစု သို့မဟုတ် ရပ်ရွာအလိုက် အချိုးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမှာဖြစ်တဲ့အတွက် အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုတွေ တည်ဆောက်နိုင်ပါတယ်။**

နိဂုံးချုပ်ရရင်တော့ **၂၀၁၀ ပြည့်နှစ်ကတည်းက အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကမ္ဘာ့အင်အားကြီးနိုင်ငံများ အားပြိုင်မှုကြားမှာ မိမိတို့နိုင်ငံအနေနဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျကျ တည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကား မြင့်မားရန် လိုအပ်မှု၊ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထုရဲ့မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်စေရေးတို့အတွက် ရေရှည်မြော်တွေးပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ စတင်အသက်သွင်းလိုက်ရခြင်း** ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသက်ဝင်လာတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေဟာ ကမ္ဘာ့နိုင်ငံတချို့ကျင့်သုံးနေတဲ့ အမျိုးသား၊ အမျိုးသမီးအားလုံးခြွင်းချက်မရှိ စစ်မှုထမ်းရမည့် (Mandatory Conscription)မျိုး မဟုတ်သလို အကြမ်းဖက်သမားတွေနဲ့ သောင်းကျန်းသူတွေ ပြုလုပ်နေသလို အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းမျိုး မဟုတ်ဘဲ မိမိနိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးအခြေအနေတွေပေါ်မှာသာမူတည်ပြီး သင့်တင့်လျောက်ပတ်တဲ့ အင်အားကိုသာ တာဝန်ယူထမ်းဆောင်ရမယ့် De Jure or Combination ပုံစံမျိုး ပြည်သူ့စစ်မှုထမ်းဥပဒေဖြစ်တယ်ဆိုတဲ့အကြောင်း ပြည်သူအများသိရှိနိုင်အောင် ရေးသားတင်ပြလိုက်ရပါတယ်။ ။

**၂၀၁၀ ပြည့်နှစ်ကတည်းက အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကမ္ဘာ့အင်အားကြီးနိုင်ငံများ အားပြိုင်မှုကြားမှာ မိမိတို့နိုင်ငံအနေနဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျကျ တည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကား မြင့်မားရန်လိုအပ်မှု၊ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထုရဲ့မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်စေရေးတို့အတွက် ရေရှည်မြော်တွေးပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ စတင်အသက်သွင်းလိုက်ရခြင်း. . .**

**မင်းခန့်**

၂၁-၃-၂၀၂၄

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှိမထ | ဧဝိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥတစ်လုံး | ဘဲဥတစ်လုံး |
| ၁ | နေပြည်တော် | ၈၀၀၀ | ၃၆၀၀ | ၂၇၀၀ | ၁၆၅၀၀ | ၃၅၀၀ | ၁၂၅၀၀-၁၃၀၀၀ | ၃၅၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၂၀၀၀ | ၂၉၀၀၀ | ၂၄၀ | ၃၄၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၄၀၀၀-၄၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၀၀၀-၂၄၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၉၆၀၀ | ၃၃၅၀ | ၃၃၅၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |
| ၅ | မော်လမြိုင် | ၇၃၀၀ | ၃၈၀၀ | ၃၂၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၃၀၀ | ၄၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# မန္တလေးမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်း




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် မန္တလေးမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင် တစ်ဦးကို လက်နက်တပ်ဆင် အပ်နှင်းပေးစဉ်။

**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး လက်နက်များ တပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်အပ်နှင်းပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ဆင်ပေးသည့် လက်နက်များကို လိုက်လံကြည့်ရှုပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့ရှိ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများ၌ တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများကို အလိုမရှိဟုငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

စစ်တွေမြို့ရှိ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ် အတွင်းရှိ မြို့ရွာများ၌ တိုက်ပွဲဖော် ဆောင်နေသော AA အကြမ်းဖက် သောင်းကျန်း သူများကို အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်စဉ်။



**နေပြည်တော် မတ် ၂၁**

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့် လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ မြို့ရွာရပ်ကွက်များကို တိုက်ပွဲများဖော်ဆောင်ခြင်း၊သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ ကန့်ကွက်ရှုတ်ချလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင်လည်း ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၊ ကသဲရပ်ကွက်နှင့် သန်တော်လီရပ်ကွက်တို့မှ ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဘင်္ဂါလီလူမျိုးများသည် သတ်မှတ်နေရာများ၌ စုဝေးပြီး ၎င်းတို့နေရာမှ သတ်မှတ်လမ်းကြောင်းများအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် "AA အလိုမရှိ၊ စစ်တွေမြို့ကိုကာကွယ်ကြ၊ တိုက်ပွဲအလိုမရှိ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသည့် NUG/AA အလိုမရှိ၊ လူနေရပ်ကွက်ထဲကို လက်နက်ကြီးနဲ့ ပစ်ခတ်နေတဲ့ AA သောင်းကျန်းသူများ အလိုမရှိ၊ ကျွန်ုပ်တို့သည် ပြည်တွင်းစစ်ကို မလိုလားပါ" စသည့် ကြွေးကြော်သံများကို မြန်မာ၊ဘင်္ဂါလီ နှစ်ဘာသာဖြင့် သံပြိုင်ကြွေးကြော်၍ ငြိမ်းချမ်းစွာဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၈) နှစ်မြောက်နှစ်ပတ်လည်နေ့

8th Anniversary of Mekong-Lancang Cooperation

(၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်)

23rd March 2024

Mekong-Lancang Cooperation National Coordination Unit (Myanmar)
Ministry of Foreign Affairs

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးခရစ်ကက်ပြိုင်ပွဲ"ကို ၂၀၂၄ခုနှစ် မတ် ၂၅ ရက်မှ ဧပြီ ၄ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၊ (၃) နှင့်(၄)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးခဲ့သူများအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 12 ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှစတင်၍ မတ် ၁၉ ရက်ထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေးဆုံးရှုံးခဲ့ကြသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်းမဆုံးရှုံးစေရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုမည့် နေ့ရက်နှင့် စာစစ်ဌာနများကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းဥပဒေအရ အမှုထမ်းကြည့်လိုက်ရင် တပ်မတော်အကြောင်းသိရှိပြီး စစ်သားတွေအပေါ် စာနာသွားနိုင်မှာဖြစ်ပါတယ်

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)**

နိုင်ငံတော်ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကျရာအခန်းကဏ္ဍမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လိုစိတ်တို့ကို သန္ဓေတည်မွေးဖွားပေးနိုင်ရန်နှင့် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သောလူငယ်များအဖြစ် ပြုစုပျိုးထောင်ရန် အခြေခံပညာအဆင့်တွင်ကင်းထောက်လူငယ်များအဖြစ်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်တွင် တက္ကသိုလ်အရန်တပ်ရင်းဟုခေါ်သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)တပ်ဖွဲ့ဝင်များအဖြစ်လည်းကောင်း နိုင်ငံတော်ကလူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

အဆင့်မြင့်ပညာအဆင့်ကျောင်းသား၊ကျောင်းသူများအနေဖြင့်တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)တက်ရောက်ခြင်းအားဖြင့် တပ်မတော်၏ဓလေ့စရိုက်နှင့် သဘောသဘာဝတို့ကို နားလည်စေပြီး စစ်ပညာရပ်များကို လေ့ကျင့်သင်ကြားနိုင်သော အခွင့်အရေးရရှိ၍ အနာဂတ်လုပ်ငန်းနယ်ပယ်အသီးသီး၌ တာဝန်ထမ်းဆောင်ချိန်တို့တွင် တွေ့ကြုံရမည့်အခက်အခဲစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ခြင်းနှင့် ခေါင်းဆောင်မှု အရည်အသွေးများ တိုးတက်စေမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတွင် အရန်အင်အားစုများအဖြစ်အကျိုးပြုစေခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာစုပေါင်းဆောင်ရွက်တတ်ခြင်း၊ အချိန်ကို အကျိုးရှိစွာစနစ်တကျစီမံခန့်ခွဲတတ်ခြင်းနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြုံလာလျှင် နိုင်ငံသားတစ်ဦးအနေဖြင့် တစ်ထောင့်တစ်နေရာမှ တာဝန်ထမ်းဆောင်နိုင်ရန် အသင့်ဖြစ်စေခြင်း စသည့်ခံယူချက်နှင့် အတွေ့အကြုံကောင်းများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။

ခေတ်အဆက်ဆက် တက္ကသိုလ်ပညာသင်ယူရင်း စစ်ပညာကိုစိတ်ပါဝင်စားစွာ သင်ယူလိုကြသည့် တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)သို့ တပ်ဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြပြီး နိုင်ငံသားကောင်းတစ်ဦးပီသစွာ တာဝန်ကျေပွန်ခဲ့ကြသည်။ UTC မှ မွေးထုတ်ပေးလိုက်သူများသည် ယနေ့တွင်စစ်ဘက်၊ အရပ်ဘက်တို့၌ တိုင်းပြည်တာဝန်ကို ဦးလည်မသုန် စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)နှင့် ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ UTC ဘယ်လိုကြောင့်တက်ရောက်ဖြစ်ခဲ့တယ်ဆိုတာကို သိလိုပါတယ်။**

**ဖြေ။** ။ကျွန်တော်ကအခြေခံပညာအထက်တန်းစာမေးပွဲကိုမေမြို့(ပြင်ဦးလွင်)ကနေ ၁၉၇၂ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ အခြေခံသိပ္ပံပညာရပ်ချွန်ဆုလျှောက်ထားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ သင်္ချာအဓိကနဲ့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဆောင်လျှောက်တဲ့အခါ ပင်းယဆောင်မှာနေခွင့်ရခဲ့ပါတယ်။ တက္ကသိုလ်တက်တဲ့အချိန်မှာ စစ်သားတွေယူနီဖောင်းဝတ်နဲ့ ကျောင်းတက်ကြတာကိုတွေ့ရပါတယ်။ မေမြို့စစ်တက္ကသိုလ်က အသိတွေ၊ နည်းပြတွေလည်း ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတက်နေတာကြောင့် စစ်သားတွေလည်း တက္ကသိုလ်တက်ခွင့်ရတယ်လို့ သိလိုက်တယ်။

တစ်ပတ်လောက်နေတော့ ပင်းယဆောင်မှာ အခန်းချင်းကပ်လျက်သူငယ်ချင်းကို ယူနီဖောင်းနဲ့တွေ့လို့ မေးလိုက်တဲ့အခါ UTC တပ်ဖွဲ့ဝင်ထားတယ်လို့သိရတယ်။ သူကနေ့ရာသီပိတ်ရက်မှာ သူတို့စခန်းချတဲ့နေရာကနေ ပို့စကတ်ပို့တော့မှ UTC အကြောင်းကို ပိုပြီးစိတ်ဝင်စားလာတယ်။ အဲဒီတုန်းကစည်းမျဉ်းက ပထမနှစ်မှာပဲဝင်ခွင့်ပေးတယ်။ ကံအားလျော်စွာ ဒုတိယနှစ်အောင်လို့ တတိယနှစ်ရောက်တဲ့အခါ UTC သင်တန်းကို နှစ်နှစ်တက်နိုင်ရင် ဝင်ခွင့်ပြုမယ်ဆိုတဲ့အတွက် ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် UTC လျှောက်ကြတယ်။ ကျွန်တော်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တာဝန်ထမ်းဆောင်သွားတဲ့ ဒေါက်တာအောင်သူ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတာဝန်ထမ်းဆောင်သွားတဲ့ ကိုကျော်တင်နဲ့ အခြားသူငယ်ချင်းတွေလည်း UTC လျှောက်ကြပြီး ရန်ကုန်မှာရှိတဲ့ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ ပထမနှစ်သွားတက်ကြတယ်။




**မေး။ ။တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် UTC တက်ရောက်ခဲ့တဲ့အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

**ဖြေ။** ။မေမြို့မှာက တပ်တွေအများကြီးရှိတယ်။ စစ်တက္ကသိုလ်အပြင် တပ်သားသစ်တွေမွေးထုတ်တဲ့ အမှတ်(၂)လေ့ကျင့်ရေးတပ်၊ ဗဟိုအင်ဂျင်နီယာတပ်၊ ဗဟိုဆက်သွယ်ရေးတပ်၊ ဗဟိုလျှပ်စစ်တပ်၊ ပညာရေးကျောင်းစတာတွေ တော်တော်စုံစုံရှိတယ်။ တပ်တွေများတော့ စစ်သားတွေရဲ့ ကြမ်းတာ၊ ရမ်းတာ၊ စကားပြောရိုင်းတာ ဒါတွေကို ငယ်စဉ်ကတည်းက နားမဆံ့အောင်ကြားသိနေရတယ်။ ကျွန်တော်က မေမြို့သားဖြစ်လေတော့ မြို့ခံကလေးတစ်ယောက်အနေနဲ့ စစ်တပ်ဆိုတာ ရွံကြောက်ကြီးပေါ့။

ဥပမာတစ်ခုပြောရရင် ကျွန်တော့်ကျောင်းနေဘက် ငယ်သူငယ်ချင်းရဲ့ အစ်မဟာ ချောချောလှလှလေးဖြစ်ပါတယ်။ အဲဒီကလေးမလေးကို စစ်သားစာဖြစ်မှာပါပဲဆိုပြီး ငယ်ငယ်ကတွေ့ကြုံဖူးတဲ့ စစ်သားကြီးတွေက ပြောဆိုကြပါတယ်။ အဲဒီတစ်ယောက်က အသက်အရွယ်ငယ်စဉ် ဘာမှနားမလည်ခင်မှာ ကြားလိုက်ရတဲ့စကားကို နားစွဲပြီးချောမောလှပပါလျက် အပျိုကြီးလုပ်သွားခဲ့တယ်။ မကောင်းသတင်းဆိုတာက ပျံ့နှံ့လွယ်တယ်။ ဟုတ်တာလည်းရှိမယ်၊ မဟုတ်တာလည်းရှိမယ်။ ဒါကြောင့်ကျွန်တော် ၁၀တန်းအောင်ချိန်မှာ ကိုယ့်မြို့မှာရှိတဲ့ စစ်တက္ကသိုလ်ကိုမလျှောက်ဘဲ ဝေးလံတဲ့ ရန်ကုန်တက္ကသိုလ်ကို တက်ရောက်ခဲ့တယ်။

တက္ကသိုလ်မှာ သူငယ်ချင်းအရင်းအချာတစ်ယောက်က UTC တက်တော့ အပျော်တမ်းတပ်ဖြစ်ပြီး တက္ကသိုလ်တက်နေရင်းလည်း တက်လို့ရတယ်ဆိုတော့ ဝင်ကြည့်ချင်စိတ်ပေါ်လာတယ်။ အဲဒါကြောင့်တက်ဖြစ်သွားတယ်။ UTC မှာ နည်းပြဆရာကြီးတွေက တပ်ကြပ်ကြီးတွေပါ။ အင်မတန်ကိုတော်ကြပါတယ်။ ဆဲသံ၊ ဆိုသံ လုံးဝမပါဘဲ စစ်ရေးပြကစလို့ လက်နက်ငယ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာစတာတွေကို အချိန်တိုအတွင်းမှာ နားလည်တတ်ကျွမ်းအောင်၊ စိတ်ထဲစွဲအောင် သေသေချာချာသင်ကြားပေးကြပါတယ်။ ကျွန်တော်တို့တွေက ဒီဆရာကြီးတွေကို လေးစားကြတယ်။

၁၉၇၇ ခုနှစ် ဘွဲ့ရပြီး မဟာတန်းဆက်တက်နေချိန် မိသားစုအတွက် ဝင်ငွေရတဲ့အလုပ်တစ်ခု မဖြစ်မနေလုပ်ရတော့မယ့် အကျပ်အတည်းကာလမှာ ဗိုလ်လောင်းသင်တန်းခေါ်တော့ ဝင်ဖြေပြီး စစ်သားဘဝကို ရွေးချယ်ခဲ့တယ်။ အဲဒီကနေ တပ်မတော်သားဘဝစခဲ့တာပဲ ဖြစ်ပါတယ်။ အကယ်၍သာ UTC မတက်ရောက်ဖြစ်ခဲ့ရင် တပ်မတော်နဲ့ပတ်သက်လို့ အမှန်အတိုင်းမသိနိုင်ဘဲ ငယ်ငယ်ကစွဲလာတဲ့ ရွံကြောက်စိတ်နဲ့ပဲ နေသွားဖြစ်မယ်ထင်ပါတယ်။

**မေး။ ။တက္ကသိုလ်လေ့ကျင့်ရေးတပ် UTC ဟာ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးအတွက် ဘယ်လောက်အထိ အရေးပါတဲ့အခန်းကဏ္ဍမှာရှိနေတယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ကျွန်တော်ကမေမြို့(ပြင်ဦးလွင်)မှာ မွေးဖွားကြီးပြင်းခဲ့ရလို့ တပ်ကိုအမြင်တိမ်းစောင်းခဲ့ပါတယ်။ ကိုယ်ကိုယ်တိုင်စစ်သားဘဝရောက်မှ တပ်အကြောင်းကိုပိုသိသွားတယ်။ အပြင်ကနေဆိုတော့ မကောင်းမြင်တယ်။ အဲဒီတုန်းက တက္ကသိုလ်လေ့ကျင့်ရေးတပ်ဆိုတာသာ မရှိခဲ့ရင် ကျွန်တော်စစ်သားဖြစ်လာမှာ မဟုတ်ပါဘူး။ တပ်ကိုရွံကြောက်ကြီးဖြစ်နေတဲ့ အခံစိတ်ကရှိနေတော့ တပ်နဲ့ပတ်သက်စရာအကြောင်းကိုမရှိဘူး။ UTC ရှိလို့သာUTC ဝင်လိုက်ခြင်းအားဖြင့် စစ်သားတွေဘဝ၊ စစ်ပညာကို တစ်စိတ်တစ်ပိုင်းသိပြီး စိတ်ဝင်စားသွားလို့လုပ်ကြည့်မယ်၊ ဝင်ကြည့်မယ်ဆိုပြီး ဝင်ကြည့်လိုက်တော့ တပ်ကကိုယ်သိထားသလိုမဟုတ်ဘူး။ သူ့စည်း၊ သူ့ကမ်းနဲ့ပဲ။ အခက်အခဲတွေတော့ကြုံတာပေါ့။ တပ်ထဲမှာ ၄၃ နှစ်နေတော့ အခက်အခဲမကြုံဖူးဘူးဆိုတာတော့ မဟုတ်ဘူး။ ကြုံခဲ့တာပဲ။ တော်ပါပြီလို့ တွေးခဲ့တဲ့အချိန်တွေလည်း အများကြီးပါပဲ။ သို့သော်လည်း လုပ်ရင်းလုပ်ရင်းနဲ့ ၄၃ နှစ်တောင် ကျော်သွားတယ်။ နေပျော်သွားတာပေါ့။ လုပ်ဖြစ်သွားတာပေါ့။

ဒီတော့ UTC ရဲ့ ကဏ္ဍက ဘယ်လောက်အရေးကြီးသလဲဆိုရင် တပ်နဲ့ပတ်သက်ပြီး အထင်လွဲမှားနေတာတွေ၊ မသိတဲ့သူတွေ၊ တက္ကသိုလ်အသိုင်းအဝိုင်းက ပညာတတ်တွေက UTC ကြောင့် တပ်မတော်နဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန်သိမြင်လာတဲ့ ရလဒ်ကိုရလာတာဖြစ်ပါတယ်။ တပ်ထဲမှာ မြင့်မြင့်မားမား တာဝန်ထမ်းဆောင်နေတဲ့ လူတွေထဲမှာ UTC ထွက်တွေအများကြီးပဲ။ တစ်ချိန်တုန်းက UTC တက်ခဲ့ကြတဲ့သူတွေဖြစ်ပါတယ်။ ပြောရရင် နိုင်ငံတော်ကာကွယ်ရေးမှာ တက္ကသိုလ်လေ့ကျင့်ရေးတပ်ရဲ့ အခန်းကဏ္ဍက အင်မတန်အရေးပါတယ်လို့ ပြောလိုပါတယ်။

**မေး။ ။တက္ကသိုလ်လေ့ကျင့်ရေးတပ် UTC ကျောင်းသားဟောင်းတစ်ဦးအနေနဲ့ လတ်တလောထုတ်ပြန်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး ထင်မြင်ချက်ကို သိရှိလိုပါတယ်။**

**ဖြေ။** ။ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး သေသေချာချာနားမလည်တဲ့သူတွေက ရှောင်တိမ်းရတော့မလိုလို၊ ဟိုလိုလို ဒီလိုလိုအမျိုးမျိုးဖြစ်နေကြတယ်။ ကျွန်တော်တို့လည်း အရပ်သားဘဝတုန်းကတပ်နဲ့ပတ်သက်ရင် ကောင်းတာထက် မကောင်းတာပဲကြားရတယ်။ မကောင်းတာ၊ ဆင်းရဲတာ၊ ပင်ပန်းတာ၊ ဒါတွေပဲကြားရပြီး တပ်ထဲဝင်ဖို့ဆိုတာဝေးလို့၊ တပ်နဲ့ပတ်သက်ရမှာစိုးရိမ်တယ်။ ဒါပေမဲ့ တကယ်တပ်ထဲဝင်တော့ ကိုယ်တိုင်တပ်မတော်သားဘဝရောက်မှ စစ်သည်တော်ဟောင်းတစ်ဦးပြောခဲ့သလို “တပ်မတော်ဆိုတာ အမှန်တကယ်သာလိုက်နာနိုင်မယ်ဆိုရင် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေအဖြစ်လေ့ကျင့်ပေးတဲ့ကျောင်းကြီးပေါ့” ဆိုတဲ့စကားဟာ စိတ်ကူးယဉ်စကား၊ အကောင်းမြင်စကား သက်သက်မဟုတ်တာ ကိုယ်တွေ့သိရှိရပါတယ်။

တပ်မတော်ဆိုတာ နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ အဖိုးတန်အဖွဲ့အစည်းဖြစ်တယ်။ အမှုထမ်းရမယ်ဆိုရင်လည်း ဘာမှစိုးရိမ်စရာမရှိပါဘူး။ အစပိုင်းတော့ တစ်မျိုးထင်နိုင်ပါတယ်။ သို့သော်လည်း လုပ်ကြည့်ပါ။ ဝင်ကြည့်ပါ။ ကျွန်တော်တို့လည်း UTC ကနေတပ်ထဲဝင်ခဲ့တယ်။ စဝင်တုန်းကတော့ ဝင်ငွေရတဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအနေနဲ့ ဝင်ခဲ့တာမှန်ပေမယ့် တစ်ဘဝစာဖြစ်သွားခဲ့တယ်။ လုပ်ရင်းလုပ်ရင်းကြိုးစားရင်း နောက်ဆုံးအငြိမ်းစားယူချိန်မှာ အမှုထမ်းသက် ၄၃ နှစ်ကျော်ကြာသွားခဲ့တာကို အံ့အားသင့်ဖွယ်တွေ့ရပါတယ်။လက်ရှိလည်း စစ်သည်တော်ဟောင်းတွေနဲ့ပတ်သက်တဲ့ စစ်မှုထမ်းဟောင်းအဖွဲ့မှာ တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါတယ်။

ကျွန်တော့်ဘဝအတွေ့အကြုံနဲ့ ချိန်ပြီးပြောရရင် အခုပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် သို့လောသို့လောဖြစ်နေတဲ့ လူတွေလိုပါပဲ။ ကျွန်တော်ကိုယ်တိုင် တပ်မတော်အကြောင်းသေချာချာမသိဘဲ ကြမ်းတမ်းရိုင်းစိုင်းတဲ့ စစ်သားတချို့ကိုသာသိရှိပြီး ရွံကြောက်နေရာကနေ UTC ကျေးဇူးကြောင့် တပ်မတော်သားဘဝကို နားလည်လာပြီး ကိုယ်တိုင်စစ်သားဘဝဖြတ်သန်းလိုက်တဲ့အခါမှာ မိမိတို့အထင်အမြင်နဲ့လက်တွေ့နဲ့ကွာခြားနေတာကိုတွေ့ရပါတယ်။ ဒီလိုပဲ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အမှုထမ်းကြည့်လိုက်ရင် တပ်မတော်အကြောင်းသိရှိပြီး စစ်သားတွေအပေါ် စာနာသွားနိုင်မယ့်အပြင် အချို့ဆိုရင်ကျွန်တော့်လို တစ်ဘဝစာအလုပ်အကိုင်အဖြစ် ရွေးချယ်မယ့်သူတွေလည်း ပေါ်ပေါက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဝင်းသန့်**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီရိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် အပါး ၄၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါ ဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက်တွင် စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ မကျေနပ်ကြောင်းပြောသည့် အမျိုးသားတစ်ဦးကို ဖမ်းသွားရာမှ နာရီပိုင်းအတွင်း သေဆုံးခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၁**

ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက်တွင် စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ မကျေနပ်ကြောင်းပြောသည့် အမျိုးသားတစ်ဦးကို ဖမ်းသွားရာမှ နာရီပိုင်းအတွင်း သေဆုံးခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက် (၇)လမ်းတွင် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့က လူဦးရေ ကျား၊မ စာရင်းများ ကောက်ခံလျက်ရှိစဉ် ၎င်းလမ်းနေ ဦးသန်းထွန်းအေးက ပြည်သူ့စစ်မှုထမ်း စာရင်းလာကောက်သည်ဟု ထင်မြင်ပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်များကိုဆဲဆို၍ ရိုင်းပျသော အပြုအမူပြုလုပ်ခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာသို့ အဆင့်ဆင့် သတင်းပို့ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံရှင်းလင်း ပြောပြခဲ့သော်လည်း လက်မခံသဖြင့် ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက လာရောက်ခေါ်ဆောင်ခဲ့ရာ မလိုက်နိုင်ကြောင်း၊ ကိုယ်ဘာသာကိုယ် ရဲစခန်းလာခဲ့မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး ၎င်း၏ဆိုက်ကားဖြင့် ရဲစခန်းသို့ ရောက်ရှိလာခဲ့သည်။ ထိုအတူ ၎င်း၏ အစ်မဖြစ်သူနှင့်တစ်ရပ်ကွက်တည်းနေ အမျိုးသားတစ်ဦးရောက်ရှိလာပြီး ရဲစခန်းမှ တာဝန်ကျတာဝန်မှူးဖြစ်သူ အမျိုးသမီး ဒုတိယရဲအုပ်က ဖြစ်စဉ်အား မေးမြန်းနေစဉ် မူလအတက်ရောဂါရှိသူ ဦးသန်းထွန်းအေးသည် အတက်ရောဂါ ဖြစ်ပွားခဲ့သဖြင့် တာဝန်မှူးက အစ်မဖြစ်သူနှင့်အဖော်တို့ကို ပြန်လည်ခေါ်ဆောင်သွားရန် ခွင့်ပြုပေးခဲ့ပြီး အစ်မဖြစ်သူက ကျေးဇူးတင်ကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို ကျေနပ်အောင် တောင်းပန်မည်ဖြစ်ကြောင်း ပြောဆို၍ ပါလာသောဆိုက်ကားဖြင့် ပြည်သူ့ဆေးရုံသို့ ၉ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ဆေးကုသမှုများခံယူနေစဉ် အတက်ရောဂါကြောင့် နံနက် ၁၁နာရီခွဲခန့်တွင် သေဆုံးခဲ့ကြောင်း သိရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်အစိုးရ၏ နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားတတ်မြောက်စေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်နေမှုများကို ပျက်စီးစေရန် လုပ်ကြံသတင်းများ၊ ကောလာဟလ သတင်းများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆိုင်ရာသတင်းအချက်အလက်များကို နိုင်ငံပိုင်မီဒီယာများက ထုတ်လွှင့်နေသော ပြည်သူ့စစ်မှုထမ်းဆိုင်ရာအသိပညာပေး သတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https:/mod.gov.mm/node/74 တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်"Thu YaAung"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့နေ သူရအောင်အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ "Tin Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဖောင်းပြင်မြို့နယ် နောင်မနားကျေးရွာနေ တင်မိုးအား ညနေ ၃ နာရီတွင်လည်းကောင်း ဖောင်းပြင်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# ၂၁-၃-၂၀၂၄ ရက်တွင် ဖြစ်ပေါ်သော အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းများ

မြန်မာနိုင်ငံတွင် လက်ရှိရောင်းနေသည့် တစ်ပတ်အတွင်း စက်သုံးဆီဈေးနှုန်းများနှင့် အာဆီယံနိုင်ငံများတွင် ရောင်းချနေသည့် စက်သုံးဆီဈေးနှုန်းများကို လေ့လာကြည့်သည့်အခါ မြန်မာနိုင်ငံ၏ ဓာတ်ဆီဈေးမှာ အဆင့်(၈)နှင့် ဒီဇယ်ဈေးမှာ အဆင့်(၈)နေရာတွင်ရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည့်အတွက် သင့်တင့်သောဈေးနှုန်းဖြစ်သည်ဟု ယူဆရပါကြောင်း။

| စဉ် | အာဆီယံနိုင်ငံများ | ဓာတ်ဆီ(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၈၂၃ ကျပ် |
| ၂။ | လာအို | ၄၉၄၂ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၄၅၈၉ ကျပ် |
| ၄။ | ထိုင်း | ၄၃၆၁ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၄၀၆၉ ကျပ် |
| ၆။ | ဗီယက်နမ် | ၃၂၂၉ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၃၁၅၁ ကျပ် |
| ၈။ | မြန်မာ | ၂၉၀၀ ကျပ် |
| ၉။ | မလေးရှား | ၁၄၇၂ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၁၃၄၃ ကျပ် |

| စဉ် | အာဆီယံနိုင်ငံများ | ဒီဇယ်(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၁၇၇ ကျပ် |
| ၂။ | ဖိလစ်ပိုင် | ၄၃၂၀ ကျပ် |
| ၃။ | အင်ဒိုနီးရှား | ၃၄၈၇ ကျပ် |
| ၄။ | ကမ္ဘောဒီးယား | ၃၄၈၁ ကျပ် |
| ၅။ | လာအို | ၃၂၈၃ ကျပ် |
| ၆။ | ဗီယက်နမ် | ၂၈၃၅ ကျပ် |
| ၇။ | ထိုင်း | ၂၈၀၄ ကျပ် |
| ၈။ | မြန်မာ | ၂၄၈၀ ကျပ် |
| ၉။ | မလေးရှား | ၁၅၄၃ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၇၈၅ ကျပ် |

သက်ဆိုင်ရာနိုင်ငံအလိုက် US ဒေါ်လာဈေးနှုန်းအား Market Exchange Rate ဖြင့် တွက်ချက်ထားပါသည်။

# ကျုံပျော်မြို့နယ်အုပ်ချုပ်ရေးမှူးများက စစ်မှုမထမ်းဆောင်လိုသူများကို ကျပ်သိန်းရာချီ ငွေညှစ်တောင်းခံနေကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကျေးရွာ၊ရပ်ကွက် အုပ်ချုပ်ရေးမှူးများက လူငယ်လူရွယ်များနှင့် မိဘအုပ်ထိန်းသူများကို အစည်းအဝေးခေါ်ယူပြီး စစ်မှုမထမ်းဆောင်လိုသူများကို သိန်းရာချီ ငွေညှစ်တောင်းခံနေကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ စစ်ပညာသင်ကြားတတ်မြောက်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာထမ်းရွက်မည့်အရေးကို ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည့်အတွက် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်တိုက်ခိုက်လျက်ရှိရာ ယခုဖြစ်စဉ်သည်လည်း ကျုံပျော်မြို့နယ်ရှိ လူငယ်လူရွယ်များနှင့် မိဘအုပ်ထိန်းသူများကို အစည်းအဝေးခေါ်ယူပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် ကောလာဟလ သတင်းမှားများကို သိရှိနားလည်စေရန် အသိပညာပေးဟောပြော ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သိန်းရာချီ ငွေညှစ်တောင်းခံနေသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




ထို့ကြောင့် တရားမဝင်ပြည်ဖျက်မီဒီယာများ၏ မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများကို ထင်ယောင်ထင်မှားမဖြစ်စေရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်များမှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး အသိပညာပေးဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# မက္ကဆီကိုပင်လယ်ကွေ့တွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ရန် အမေရိကန်စီစဉ်နေ



**ဝါရှင်တန် မတ် ၂၁**

အမေရိကန်နိုင်ငံသည် ဗာဂျီးနီးယားကမ်းခြေ၌ အကြီးမားဆုံးသော ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီးနောက် ထပ်မံတိုးချဲ့မှုအနေဖြင့် မက္ကဆီကိုပင်လယ်ကွေ့တွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကိုထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်နေကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါစီမံကိန်းကို တင်ဒါခေါ်ယူသွားမည်ဖြစ်ပြီး တင်ဒါခေါ်ယူမှုကိုလည်း ရက်ပေါင်း ၆၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မက္ကဆီကိုပင်လယ်ကွေ့တွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို နေရာလေးနေရာ၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းမှ လျှပ်စစ်စွမ်းအင်ပမာဏကို နေအိမ်ပေါင်း ၁ ဒသမ ၄ သန်းထိ ပေးဝေနိုင်ရေးအတွက် ရည်မှန်းထားကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဒုတိယမြောက် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ပါက ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေး ရည်မှန်းချက်ကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်သွားနိုင်မည့် အခြေအနေဖြစ်ကြောင်း၊ အိမ်ဖြူတော်အစိုးရကလည်း မက္ကဆီကိုပင်လယ်ကွေ့တွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းတည်ဆောက်သွားမည့် ကိစ္စနှင့်ပတ်သက်ပြီး လိုအပ်သောပံ့ပိုးမှုများစီစဉ်ပေးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းမှရရှိလာမည့် အကျိုးအမြတ်သည် အမျိုးသားရည်မှန်းချက်ဖြစ်သည့် ၂၀၅၀ ပြည့်နှစ်အရောက် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် များစွာအထောက်အကူပြုနေသဖြင့် မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ၂၀၅၀ ပြည့်နှစ်အရောက်တွင် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးစီမံချက်၌ CNPC လည်း ပူးပေါင်းပါဝင်မည်

**အဘူဒါဘီ မတ် ၂၁**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၌ ကျင်းပခဲ့သည့် COP28ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော ဆူလ်တန်အယ်လ်ဂျပ်ဘာသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးစီမံချက်ကို အကောင်အထည်ဖော်ရာ၌ China National Petroleum Corp (CNPC)ကလည်း ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၅၀ ပြည့်နှစ်အရောက်တွင် မီသိန်းဓာတ်ငွေ့ ရာနှုန်းပြည့် ဖြတ်တောက်နိုင်ရေးအပြင် ၂၀၃၀ ပြည့်နှစ်အရောက်မှ စတင်၍ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုကို စတင်လျှော့ချနိုင်ရေးအတွက် အင်အားတောင့်တင်းသည့်အဖွဲ့အစည်းဖြစ်သော China National Petroleum Corp(CNPC) အဖွဲ့အစည်းနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ ပူးပေါင်းလာတဲ့ နိုင်ငံပေါင်း ၅၂ နိုင်ငံ ရှိလာပြီဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို ပမာဏတစ်ခုထိလျှော့ချနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး ၂၀၅၀ ပြည့်နှစ် အရောက်မှာတော့ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု သုညမှတ်ကို ရောက်ရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းထဲမှာ China National Petroleum Corp(CNPC)ကလဲ ပူးပေါင်းပါဝင်လာတော့မှာ ဖြစ်ပါတယ်။ အရေးပါတဲ့ ပူးပေါင်းဆောင်ရွက်မှု ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ပူးပေါင်းပါဝင်မဲ့ အဖွဲ့အစည်း အရေအတွက်ဟာ လုံလောက်မှု မရှိသေးဘူးလို့တော့ ထင်ပါတယ်။ အခြားသောနိုင်ငံတွေလဲ ဒီစီမံချက်ကို အကောင်အထည်ဖော်ဖို့အတွက် ပူးပေါင်းပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အထူးသဖြင့် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုမြင့်မားတဲ့ အင်အားကြီးနိုင်ငံတွေ ပူးပေါင်းပါဝင်လာဖို့ မျှော်လင့်ပါတယ်"ဟု ဆူလ်တန်အယ်လ်ဂျပ်ဘာက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ချီလီနိုင်ငံတွင် သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော သောက်သုံးရေခက်ခဲမှုဖြင့် ရင်ဆိုင်နေရ

**ဆန်တီယာဂို မတ် ၂၁**

ချီလီနိုင်ငံ ကိုကွင်ဘိုနယ်မြေ၌ ၁၅ နှစ်ကျော်ကာလထိ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ရေလှောင်တမံများတွင် ရေခန်းခြောက်မှုများဖြစ်ပေါ်ခဲ့ကာ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော သောက်သုံးရေခက်ခဲသည့် ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း ချီလီနိုင်ငံအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်သည့်ကာလ ရှည်ကြာခဲ့ခြင်းကြောင့် ကိုကွင်ဘိုနယ်မြေရှိ ကိုဂိုတီရေလှောင်တမံမှာ ရေခန်းခြောက်သွားခဲ့ပြီဖြစ်ပြီး ကိုဂိုတီရေလှောင်တမံများကို မှီခိုနေရသည့် ဒေသခံများမှာ သောက်သုံးရေမရတော့သည့်ပြဿနာအပြင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများလည်း အခက်တွေ့လာကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ကိုဂိုတီရေလှောင်တမံသည် ရေပမာဏ ကုဗမီတာသန်း ၁၅၀ ထိ ဝင်ဆံ့ပြီး လက်ရှိအနေအထားမှာ ရေလုံးဝခန်းခြောက်သွားပြီဖြစ်ကြောင်း၊ ကိုကွင်ဘိုနယ်မြေခံများအနေဖြင့် သောက်သုံးရေရရှိရေးအတွက် အာဏာပိုင်အဖွဲ့အစည်းထံသို့ တောင်းဆိုမှုများပြုလုပ်ထားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ပျက်စီးမှုများရှိလာသဖြင့် စားနပ်ရိက္ခာမလုံလောက်သည့်ပြဿနာအတွက် ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုမှုများရှိလာကြောင်း သိရသည်။



အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်အခြေစိုက်သည့် ကမ္ဘာ့အရင်းအမြစ်အင်စတီကျူ၏ထုတ်ပြန်ချက်အရ ချီလီနိုင်ငံသည် ရေထုအရင်းအမြစ် ရှားပါးလာသည့် ကမ္ဘာ့နိုင်ငံများစာရင်းတွင် အဆင့် (၁) နေရာ၌ ရပ်တည်နေကြောင်းလည်း သိရသည်။

၂၀၄၀ ပြည့်နှစ်အရောက်တွင် ချီလီတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သောက်သုံးရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် ရေထုအရင်းအမြစ်များထိန်းသိမ်းရေးလုပ်ငန်းများကို အချိန်မြင့်တင် ဆောင်ရွက်သွားသင့်ကြောင်းလည်း ကမ္ဘာ့အရင်းအမြစ်အင်စတီကျူက ချီလီအာဏာပိုင်အဖွဲ့အစည်းကို သတိပေးခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဂျပန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် ကျည်ဆန်ရထားပြေးဆွဲမှုတချို့ ခေတ္တရပ်ဆိုင်းခဲ့ရ

**တိုကျို မတ် ၂၁**

ဂျပန်နိုင်ငံ တိုကျိုမြို့အနီးတွင် ယနေ့ နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ကျည်ဆန်ရထားပြေးဆွဲမှုခရီးစဉ်တချို့ကို ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျပန်မိုးလေဝသအေဂျင်စီ၏ ထုတ်ပြန်ချက်များအရ ငလျင်သည် ဂျပန်နိုင်ငံအရှေ့ပိုင်း အီဘာရာကီခရိုင်တောင်ပိုင်းကိုဗဟိုပြု၍ ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီကျော်တွင် မြေအောက်အနက် ၄၆ ကီလိုမီတာအကွာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆူနာမီလှိုင်းများဖြစ်ပေါ်နိုင်မှုမရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့ပြီး ထိခိုက်မှုအခြေအနေများကို ချက်ချင်းသတင်းထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အီဘာရာကီရှိ တိုကီရာ အမှတ်(၂)အဏုမြူဓာတ်အားပေးစက်ရုံတွင် မူမမှန်သောအခြေအနေများ မရှိသော်လည်း စက်ရုံကို ခေတ္တရပ်နားထားရကြောင်း သက်ဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့ပြီး တိုကျိုမြို့နှင့် နိုင်ငံအလယ်ပိုင်းရှိ နီဂါတာနှင့်နာဂါနိုမြို့တို့ကို ဆက်သွယ်ထားသည့် ဟိုကူရိကူနှင့် ဂျိုဆူဆင်ကာဆန်ကုမ္ပဏီ၏ ကျည်ဆန်ရထားပြေးဆွဲမှုခရီးစဉ်များကိုမှု ခေတ္တရပ်ဆိုင်းထားရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကို စီရင်စုအများအပြားမှ သိသိသာသာခံစားခဲ့ရပြီး အဆိုပါငလျင်ဒဏ်ဖြစ်ပေါ်ခဲ့သောစီရင်စုများအတွင်း မြေပြိုမှုနှင့် ကမ်းပါးပြိုမှုများ ဖြစ်ပွားနိုင်သောကြောင့် ပြည်သူများအနေဖြင့် တစ်ပတ်ခန့် သတိပြုနေထိုင်သွားလာကြရန် ဂျပန်မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။





၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



# တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲ

ဆောင်းဥတု၏အကြွင်းအကျန်ဖြစ်သော နှင်းမှုန်များမှာ ဖြေးညင်းစွာသက်ဆင်းလျက်ရှိပြီး ရွှေ့လျားကွယ်ပျောက်ရတော့မည်။တောမြိုင်မှကျေးငှက်သာရကာတို့သည် ခုန်ပျံတွန်ကျူးလျက်ရှိ၏။ တသွင်သွင်စီးဆင်းနေသော မြစ်၊ စမ်းချောင်းတို့တွင်ရော်ရွက်ဝါတို့မျောပါနေကြသည်။ ယခုလိုအခါမျိုးတွင် မြန်မာတိုင်းရင်းသားတို့သည် လက်နက်များကိုမြေအောက်စခန်းတွင်သို့ဝှက်သိမ်းဆည်းကြ၏။ ထိုလက်နက်များဖြင့်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ကြသည်မှာကြေးမုံမှန်အရိပ်ကဲ့သို့ ထင်ဟပ်လျက်ရှိပေသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းသည် မြန်မာ့တပ်မတော်နှင့်အတူလက်တွဲကာ ဖက်ဆစ်တော်လှန်ရေးကို ၁၉၄၅ ခုနှစ် မတ်၂၇ ရက်တွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ကြသည်မှာ ယခုနှစ်တွင် ၇၉ နှစ်မြောက်ရှိခဲ့ပေပြီ။

ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရခြင်းသည် အမိနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးသားတို့၏ဖိနှိပ်အုပ်ချုပ်မှုကိုခံခဲ့ရသောကြောင့်ဖြစ်သည်။ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်ဖြင့်နေထိုင်ခဲ့သော ပဒေသရာဇ်နိုင်ငံတော်ကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းပိုက်ခဲ့သည်။ ဂျပန်တို့၏အကူအညီဖြင့် အင်္ဂလိပ်တို့ကို တိုက်ထုတ်နိုင်ခဲ့သော်လည်း ၎င်းတို့သည် ဖက်ဆစ်စနစ်ဖြင့် ရက်စက်ကြမ်းကြုတ်စွာအုပ်ချုပ်ခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲနှင့် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲများဖြစ်ပွားခဲ့၏။ ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ်စစ်ပွဲဖြစ်ပွားခဲ့ရာ အင်္ဂလိပ်တို့သည်တစ်နိုင်ငံလုံးကိုသိမ်းယူခဲ့သည်။ “ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည် သေသော်မှတည့်၊ ဩော် ကောင်း၏”ဟူသော ဆီးပန်းနီဆရာတော်၏ ဧကပိုဒ်ရတုကဲ့သို့ပင် ပဒေသရာဇ်စနစ်မှာပျက်သုဉ်းခဲ့ရသည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်သို့ကျရောက်သည်နှင့်သူ့ကျွန်မခံလိုသော တိုင်းရင်းသားတို့က ရရာလက်နက်ကို စွဲကိုင်တော်လှန်ခဲ့ကြသည်။ သို့သော် တစ်တိုင်းပြည်လုံးစည်းရုံးနိုင်သည့်အခြေအနေမပေးခြင်း၊ လက်နက်အင်အား၊ လူအင်အားမမျှခြင်းတို့ကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ အားမသန်၍ မာန်လျှော့ခဲ့ရသော်လည်း နယ်ချဲ့ကိုတော်လှန်လိုသော စိတ်ဓာတ်မှာ လျော့နည်းမသွားခဲ့ပေ။ ၁၉၃၀ ပြည့်နှစ် မေ ၃၀ ရက်တွင် တို့ဗမာအစည်းအရုံးကို ဖွဲ့စည်းခဲ့ရာ နယ်ချဲ့အား လက်နက်ကိုင်တော်လှန်မှသာ လွတ်လပ်ရေးရနိုင်မည်ဟုသိရှိနားလည်လာကြသည်။ ၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ရာ အင်္ဂလိပ်တို့သည် စစ်ကြီးအတွက် လုံးပန်းနေရ၏။ “အင်္ဂလိပ်အခက် ဗမာ့အချက်”ဟူသော စကားကိုကြွေးကြော်ခဲ့ရာ လက်နက်ဖြင့်ပြန်လည်တိုက်ခိုက်ရမည့်နည်းလမ်းကိုရှာဖွေခဲ့၏။

သခင်အောင်ဆန်းခေါင်းဆောင်သည့် မျိုးချစ်လူငယ် ဦးရေ ၃၀ (ရဲဘော်သုံးကျိပ်)သည် စစ်သင်တန်းတက်ရောက်ရန် အသုတ် လေးသုတ်ခွဲကာ ပြည်ပသို့ထွက်ခွာခဲ့၏။ တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းရှိ ဆန်းရွာအနီးတွင်စစ်ပညာကိုသင်ကြားခဲ့သည်။ **ရဲဘော်သုံးကျိပ်သည် တရုတ်နိုင်ငံမှအပြန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ဖွဲ့စည်းလိုက်သည်။** ၎င်းတပ်မတော်သည် ဂျပန်တပ်မတို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်း လေးကြောင်းဖြင့် ဝင်ရောက်ခဲ့၏။ တပ်မကြီးနှစ်ခုကိုထပ်မံဖွဲ့စည်းကာ ဂျပန်တပ်များနှင့်အတူ မြန်မာနိုင်ငံအထက်ပိုင်းသို့ဆက်လက်ချီတက်ခဲ့ရာ ထိုနှစ်မေလတွင် မြန်မာတစ်နိုင်ငံလုံးကိုသိမ်းသွင်းနိုင်ခဲ့သည်။ အင်္ဂလိပ်တို့ကိုအမိမြေမှမောင်းထုတ်နိုင်ခဲ့သော်လည်း လက်တွေ့တွင်မူ ဂျပန်တို့က မြန်မာနိုင်ငံကို ဖက်ဆစ်စနစ်ဖြင့်အုပ်ချုပ်ခဲ့သည်။ မြန်မာ့တပ်မတော်သည်လည်း ဂျပန်တို့၏လက်အောက်ခံ တပ်မတော်အဖြစ်နှင့်သာ ရပ်တည်နေရသည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တပ်မတော်သည်ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ဖက်ဆစ်တော်လှန်ရေးကြီးကိုစတင်ဆင်နွှဲလိုက်သည်။ ဂျပန်တို့ကိုတိုက်ထုတ်နိုင်ခဲ့သော်လည်း အင်္ဂလိပ်တို့က ဆက်လက်အုပ်ချုပ်ခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ရောက်မှသာ စစ်မှန်သောလွတ်လပ်ရေးကိုရရှိခဲ့သည်။

မြန်မာ့တပ်မတော်၏ ကနဦးဖွဲ့တည်လာရာ သမိုင်းကြောင်းသည် ဂျပန်တို့ကိုတွန်းလှန်ရာတွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ပါဝင်ခဲ့ခြင်းနှင့် ပတ်သက်လျက်ရှိသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးစတင်ရန် အတိအလင်းသတ်မှတ်ခဲ့သော မတ် ၂၇ ရက်ကိုအစွဲပြု၍ ကြည်း၊ရေ၊လေ တစ်ရပ်လုံးနှင့်ပတ်သက်သည့် “တပ်မတော်နေ့”အဖြစ် ၁၉၅၅ ခုနှစ်တွင် တရားဝင်သတ်မှတ်ခဲ့သည်။ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို အစဉ်အလာမပျက်နှစ်စဉ်ကျင်းပလျက်ရှိပေသည်။ယခုအခါတွင် နေပြည်တော်၌ကျင်းပလျက်ရှိရာ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့သည် စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှစစ်ရေးပြကွင်းကြီးဆီသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူစစ်သီချင်းများသီဆို၍ ညီညာစွာချီတက်ကြသည်။ မြင်တွေ့ရသူအပေါင်းကိုရဲစိတ်ရဲမာန်တက်ကြွစေသည်။ ပြည်သူအပေါင်းတို့မှလည်း ရန်ကုန်မြို့တွင်ကျင်းပခဲ့စဉ်ကအတိုင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်မှာ တပ်မတော်နှင့်ပြည်သူချစ်ကြည်ရင်းနှီးမှုကိုပြသလျက်ရှိသည်။ ယခု ၂၀၂၄ ခုနှစ် ၇၉ နှစ်မြောက် တပ်မတော်စစ်ရေးပြအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ဦးတည်ချက်(၄)ရပ်ကို သတ်မှတ်ထားရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး”ဟူသောအချက်များကို ဒွိတာဝန်အရေး(၃)ပါးအဖြစ် သတ်မှတ်ထားရှိသည်။ ပြည်ထောင်စုဆိုသည်မှာ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် နှစ်ကာလပရိစ္ဆေဒကြာရှည်စွာကောင်းတူဆိုးဖက်လက်တွဲညီညီနေထိုင်သော ပထဝီနယ်နိမိတ်ကိုခေါ်ဆိုသည်။ ထိုနယ်နိမိတ်ကြီးတည်ရှိနေသမျှကာလပတ်လုံးမြန်မာနိုင်ငံဟူ၍ ခိုင်မြဲစွာတည်တံ့နေမည်ဖြစ်သည်။ တိုင်းပြည်တစ်ခုတည်းတွင်အတူတကွနေထိုင်ကြသောလူမျိုးများကို တိုင်းရင်းသားဟုခေါ်ဆိုသည်။ “စည်းလုံးညီညာအောင်ကြောင်းဖြာ”ဆိုသောစကားအရ တိုင်းရင်းသားအားလုံးသည် ပေါင်းစည်းညီညွတ်စွာနေထိုင်ရပေမည်။ အချုပ်အခြာအာဏာဆိုသည်မှာ တိုင်းပြည်တစ်ခုကိုစည်းကမ်းနည်းလမ်းကျစွာ မောင်းနှင်ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏အကျိုးစီးပွားတိုးတက်မှုကို ကာကွယ်ရန်အတွက်လည်းကောင်း လိုအပ်သည့် အာဏာမျိုးဖြစ်သည်။ အချုပ်အခြာပိုင်ဆိုင်မှုရှိမှသာလျှင် မိမိတိုင်းပြည်နှင့်လူမျိုးအကျိုးကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ခြင်းသည် လွတ်လပ်သော တိုင်းပြည်တစ်ပြည်၏အဓိကဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် အဆိုပါတာဝန်များကို အမျိုးသားရေးဝါဒအဖြစ် လိုက်နာဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေးဝါဒဆိုသည်မှာ မိမိဒေသ၊ လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို တန်ဖိုးထားချစ်မြတ်နိုးသည့် နိုင်ငံရေးအတွေးအခေါ်တစ်မျိုးကိုခေါ်ဆိုသည်။

❖ စည်းလုံးညီညာအောင်ကြောင်းဖြာ ဆိုသောစကားအရ တိုင်းရင်းသားအားလုံးသည် ပေါင်းစည်းညီညွတ်စွာနေထိုင်ရပေမည်။ အချုပ်အခြာအာဏာဆိုသည်မှာ တိုင်းပြည်တစ်ခုကို စည်းကမ်းနည်းလမ်းကျစွာ မောင်းနှင်ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏အကျိုးစီးပွားတိုးတက်မှုကို ကာကွယ်ရန်အတွက်လည်းကောင်း လိုအပ်သည့် အာဏာမျိုးဖြစ်သည်။ အချုပ်အခြာပိုင်ဆိုင်မှုရှိမှသာလျှင် မိမိတိုင်းပြည်နှင့်လူမျိုးအကျိုးကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ခြင်းသည် လွတ်လပ်သောတိုင်းပြည်တစ်ပြည်၏ အဓိကဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် အဆိုပါတာဝန်များကို အမျိုးသားရေးဝါဒအဖြစ် လိုက်နာဆောင်ရွက်လျက်ရှိသည်။ ❖

မြန်မာ့သမိုင်းတွင် ပြည်ထောင်စုပြိုကွဲလုနီးဖြစ်ပြီး အချုပ်အခြာအာဏာဆုံးရှုံးရမည့် အခြေအနေကိုရောက်ရှိတိုင်း တပ်မတော်ကကာကွယ်စောင့်ရှောက်ခဲ့ရသည်။ လွတ်လပ်ရေးရရှိပြီးစကာလတွင် ရောင်စုံသူပုန်သောင်းကျန်းမှုများပေါ်ပေါက်ခဲ့သည်။ အာဏာရဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)အစိုးရ၏ တောင်းဆိုချက်အရတပ်မတော်သည် ၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်၏အုပ်ချုပ်ရေးကို လွှဲပြောင်းရယူ၍ အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူခဲ့၏။ ၁၉၆၂ ခုနှစ်တွင် ပါတီတွင်းအုပ်စုဖွဲ့မှုနှင့် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာပြန်ရာ တပ်မတော်သည် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်၏အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် ပြည်တွင်းပြည်ပအဖျက်သမားများက နိုင်ငံတော်ပျက်စီးအောင်လုပ်ဆောင်ခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံတော်၏အာဏာကို မလွှဲမရှောင်သာဘဲထိန်းသိမ်းခဲ့ရ၏။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းထုတ်ပြန်မှုအပိုင်းတွင် ပွင့်လင်းမြင်သာမှုမရှိခဲ့ရာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ မဲစာရင်းတွေ့ရှိချက်များကိုစာရင်းဇယားများဖြင့် စနစ်တကျထုတ်ပြန်ခဲ့ရာ ၁၀ သန်းကျော်ဖြစ်သည်။ နောက်ဆုံးအချိန်ထုတ်ပြန်ချက်အရ မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၁ သန်းကျော်တွေ့ရှိခဲ့ရ၏။ အုပ်ချုပ်ခဲ့သည့်အစိုးရအနေဖြင့်မသိကျိုးကျွန်ပြုကာ အများပြည်သူတို့၏ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုဖျက်ဆီးခဲ့သည်။ထို့ကြောင့် ယာယီသမ္မတဦးမြင့်ဆွေက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁၁)အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပုဒ်မ(၄၁၈)၊ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာများကို လွှဲအပ်တာဝန်ပေးခဲ့သည်။ လက်ရှိကျင့်သုံးနေသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀(စ)တွင် “တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”ဟု အတိအလင်းပြဋ္ဌာန်းထား၏။ တပ်မတော်သည် နည်းလမ်းတကျပေါ်ထွက်လာသည့် အခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည် ပြည်သူလူထုလိုလားတောင့်တသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းပင်ဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူချိန်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ကာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိုဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့်တရားဥပဒေစိုးမိုးပြီးတည်ငြိမ်အေးချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိကာလ တွေ့ကြုံနေရသော ပြည်တွင်းရေးမငြိမ်သက်မှုနှင့် ပဋိပက္ခများဖြစ်နေရခြင်းမှာ ပြည်ပနိုင်ငံတချို့၏သွေးထိုးနှောင့်ယှက်မှုများပါဝင်ပတ်သက်လျက်ရှိသည်။ ထို့ပြင် လက်နက်ကိုင်အုပ်စုတို့မှလည်း ၎င်းတို့၏ လူမျိုးရေး၊ စီးပွားရေး၊ ပြည်နယ်အရေး စသည်ဖြင့်အယောင်ဆောင်အကြောင်းအမျိုးမျိုးပြကာ ဆူပူသောင်းကျန်းလျက်ရှိပေသည်။ တိုင်းပြည်တစ်ခုရေရှည်တည်တံ့ရန်အတွက် ကာကွယ်ရေးစွမ်းအားစုများ ကောင်းမွန်နေစေရန် အလွန်အရေးကြီးသည်။ ကာကွယ်ရေးစွမ်းအားစုများကို မြန်မာ့တပ်မတော်မှဦးဆောင်လျက်ရှိရာ အင်အားတောင့်တင်းနေရမည်မှာ ပကတိအမှန်တရားဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင်စတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပြည်သူကြားမှပေါက်ဖွားလာသောတပ်မတော်ဖြစ်သည်။နိုင်ငံတော်၏ အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိပြီး ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက်ရှိသည်။ တိုင်းပြည်မှာ ချောက်ကမ်းပါးကျလုနီးသည့်အခါတိုင်း ရှေ့မှမားမားမတ်မတ်ရပ်တည်ကာ တာဝန်ယူထိန်းသိမ်းခဲ့ရသည်။ ယနေ့ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိသည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့် မျိုးချစ်စိတ်ဓာတ်ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံ၏ပကတိအခြေအနေများကိုရှုမြင်သုံးသပ်ကာ တပ်မတော်ကြီးနှင့်ပြည်သူကြည်ဖြူစွာလက်တွဲကာ ပူးပေါင်းဆောင်ရွက်ကြရန် ၇၉ နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား** –

**၂-၃-၂၀၂၄ ရက်နေ့ထုတ် ရတနာပုံသတင်းစာပါ ဆောင်းပါး**

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၄၆၃၉ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ၄၆၃၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၆၃၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၈တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲ ၄၆၃၉ ဧက စိုက်ပျိုးထားပါတယ်။ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၈၄၆ ဧက၊ ဘုတလင်မြို့နယ်တွင် ၃၅ ဧက၊ အရာတော်မြို့နယ်တွင် ၂၉၃၀ ဧက၊ ချောင်းဦးမြို့နယ်တွင် ၈၂၈ ဧက စုစုပေါင်း ၄၆၃၉ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၄၇၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိစိုက်ပျိုးခဲ့ရာ မုံရွာမြို့နယ်တွင် ၈၄၆ ဧက၊ ဘုတလင်မြို့နယ်တွင် ၃၅ ဧက၊အရာတော်မြို့နယ်တွင် ၂၉၃၀ ဧက၊ ချောင်းဦးမြို့နယ်တွင် ၈၂၈ ဧက စုစုပေါင်း ၄၆၃၉ ဧကထိစိုက်ပျိုးနိုင်ခဲ့သည်။

မုံရွာခရိုင်တွင် မတ်ပဲစိုက်ပျိုးတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်စေရန်၊ပိုးမွှားရောဂါကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောက်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# တနိုင်းမြို့နယ် အောင်စိုးမိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနိုင်း မတ် ၂၁**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်စိုးမိုးကျေးရွာတွင် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကိုထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက အောင်စိုးမိုးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်စိုးမိုးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၈၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် သိန်း ၁၇၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို ငွေကျပ် ၄၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**

ခရီးသွားဆောင်းပါး

# ပါဝင်ဆင်နွဲမန်းရွှေစက်တော်က ဆွမ်းလောင်းလှူပွဲ

သက်နိုင်(မြင်ဦးလွင်)

မင်းဘူး၊ ရွှေစက်တော်မှာရှိတဲ့ ရဟန်း၊ သံဃာတော်တွေကို ဆွမ်းလောင်းကပ်လှူဖို့ ရည်ရွယ်ချက်နဲ့ ခရီးထွက်ခွာလာကြတဲ့ မိမိတို့မောင်နှမတစ်တွေ ည ၈ နာရီထိုးမှ ရွှေစက်တော်ဘုရားရှိရာကို ရောက်လာခဲ့ကြတယ်။ ညအိပ်ဖို့အတွက် အခန်းတွေယူပြီးတာနဲ့ ကြိုဆိုနေရာချထားရေးကော်မတီက ဆက်သွယ်ပေးတဲ့ ဆွမ်းချက်အဖွဲ့တွေနဲ့တွေ့ဆုံပြီး ဆွမ်းလောင်းလှူဖို့ စီစဉ်ကြရတယ်။ ဆွမ်းချက်အဖွဲ့တွေရဲ့ ပြောဆိုချက်အရ အခုရွှေစက်တော်ဘုရားပွဲတော်အတွင်း မိမိတို့ရောက်ရှိနေချိန်မှာ သံဃာတော်စုစုပေါင်းအပါး ၁၅၀ ရှိနေကြောင်း၊ သံဃာတော်တွေက မနက် ၅ နာရီအချိန်မှာ တည်းခိုဆောင်တွေရှိရာကို တန်းစီကြွချီလာကြမှာဖြစ်ကြောင်း၊ သံဃာတော်တစ်ပါးကို သတ်မှတ်ဆွမ်းတစ်ထုပ်နဲ့ ဆွမ်းဟင်းထုပ်တွေကို လောင်းလှူကြရမှာဖြစ်ကြောင်း၊ သံဃာတော်အပါး ၁၅၀ အတွက် ဆွမ်းတစ်ထုပ်စီနဲ့ ကြက်သားဟင်းတစ်ထုပ်စီအတွက် ငွေကျပ်သုံးသိန်းကျသင့်မှာဖြစ်ကြောင်း ဒါမှမဟုတ် ဆွမ်းတစ်ထုပ်စီနဲ့ကြက်ဥဟင်း၊ ကြာဆံကြော် သို့မဟုတ် ဟင်းသီးဟင်းရွက်ဆိုရင် ငွေကျပ် တစ်သိန်းငါးသောင်းကျသင့်မှာဖြစ်ကြောင်းနဲ့ ရွှေစက်တော်မှာ ဝက်သား၊ အမဲသား စတာတွေလောင်းလှူခွင့်၊ ရောင်းချခွင့်မရှိကြောင်း သိလိုက်ရတယ်။

ဒါကြောင့် မိမိတို့မောင်နှမတစ်တွေ စုပေါင်းတိုင်ပင်လိုက်ကြပြီး သံဃာတော်အားလုံးအတွက် ကြက်သားဟင်းနဲ့ ဆွမ်းလောင်းလှူကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီနေရာမှာကြက်သားဟင်းနဲ့လဲလောင်းလှူချင်တယ်။ ကုန်ကျငွေကျပ် သုံးသိန်းကိုလဲ အဆင်မပြေ၊ မတတ်နိုင်ဘူးဆိုရင် မိမိတတ်နိုင်သလောက် သံဃာအပါး ၅၀၊ ၁၀၀ စသဖြင့်လောင်းလှူလို့ရနေတယ်။ ဒါပေမဲ့ သံဃာတော်အားလုံးအပါး ၁၅၀ ကြွချီလာပြီးမှ အပါး ၅၀ နဲ့ အပါး ၁၀၀ လောက်သာလှူပြီး ရပ်လိုက်ရင် နောက်မှာကျန်ရှိနေသေးတဲ့ သံဃာတော်တွေကို အတွက် မျက်နှာပူစရာဖြစ်ပြီး မကောင်းဘူးလို့ထင်မြင်မိလိုက်တယ်။ ရှေ့ကနေကြွလာကြတဲ့ သံဃာတော်တွေက ဆွမ်းဟင်းရရှိသွားကြပြီး နောက်က သံဃာတော်တွေက ဆွမ်းဟင်းမရတော့သလိုမျိုးပါ။ ဒါကလဲ အခြေအနေနဲ့အချိန်အခါအရ အပြောင်းအလဲတွေရှိနေသေးတယ်။ မိမိတို့ရောက်ရှိလာခဲ့တဲ့အချိန် ဘုရားပွဲတော်အစ တပို့တွဲလမှာ သံဃာတော်အပါး ၁၅၀ သာရှိနေသေးပေမဲ့ နွေရာသီကျောင်းပိတ်ရက်တွေ၊ သင်္ကြန်ပွဲတော်ကာလတွေ၊ တပေါင်းလ စတဲ့ရက်၊ လတွေမှာ သံဃာတော်အရေအတွက် အလွန်များပြားလာလေ့ရှိနေတယ်။ ဒီလိုအချိန်အခါတွေမှာ သံဃာတော်အားလုံးအတွက် ကြက်သားဆွမ်းဟင်းနဲ့ လောင်းလှူမယ်ဆိုရင် ကျသင့်ငွေကျပ် ခုနစ်သိန်းကနေ ဆယ်သိန်းထိကုန်ကျသွားတတ်တယ်။ ဒါကြောင့် ဆွမ်းချက်တဲ့အဖွဲ့တွေက သံဃာတော်အပါးဘယ်လောက်အတွက်၊ ဘာဟင်းနဲ့ဆိုဘယ်လောက်၊ ဘာဟင်းနဲ့ဆိုဘယ်လို စတာတွေကို ကြိုတင်စီစဉ်တွက်ချက်ထားပြီး အလှူရှင်တွေကို ရှင်းလင်းပြောကြရတယ်။ ဆွမ်းကိုလဲ လောင်းလှူချင်တယ်၊ ငွေရေးကြေးရေးလဲ အဆင်မပြေသူတွေအတွက် မိမိတို့တတ်နိုင်သလောက် ဆွမ်းဟင်းမပါတော့ဘဲ ဆွမ်းတစ်မျိုးတည်းကိုသာ လောင်းလှူလို့လဲရနေတယ်။

ဆွမ်းကိစ္စတွေ စီစဉ်ဆောင်ရွက်ပြောဆိုပြီးချိန်မှာ ည ၉ နာရီ ထိုးခါနီးနေပါပြီ။ တာဝန်ရှိသူတွေကို အောက်စက်တော်ရာ၊ အထက်စက်တော်ရာ ဘုရားဖူးချင်လို့ သွားရောက်ဖူးမြော်လို့ရသေးလား မေးမြန်းကြည့်တော့ ရရှိကြောင်းနဲ့ တစ်ညလုံးအေးအေးဆေးဆေးလွတ်လွတ်လပ်လပ် ဖူးမြော်ခွင့်ပြုထားကြောင်း ပြောပြလို့ ဘုရားဖူးမြော်ကြရအောင် ထွက်ခွာလာခဲ့ကြတယ်။

အောက်စက်တော်ရာကိုရောက်တော့ ဂေါပကလူကြီးတွေ၊ ဘုရားဖူးသူတွေရှိနေကြသေးတယ်။ ဒါပေမဲ့ ဘုရားဖူးမြော်သူတွေ ရှင်းလင်းနည်းပါးနေသလို စက်တော်ရာနေရာကိုလဲ သံတိုင်တံခါးပိတ်ထားပြီးဖြစ်လို့ အပြင်ဘက်ကနေ ဖူးမြော်ကြရတယ်။ အမျိုးသားတွေအတွက် စက်တော်ရာအတွင်းထဲထိ ဝင်ခွင့်မရတာကလွဲပြီး အမျိုးသမီးတွေအတွက် အပြင်ကနေ စက်တော်ရာကြီးကို ရှင်းရှင်းလင်းလင်းမြင်တွေ့ဖူးမြော်ခွင့်ရနေတယ်။ အောက်စက်တော်ရာတစ်ခုလုံးကို မှန်တွေနဲ့ကာရံထားပြီး အမျိုးသားတွေဝင်ရောက်ဖို့အတွက် သံတိုင်တံခါးကိုသာ ပိတ်ထားတာပါ။ ဒါကြောင့် အမျိုးသားတွေက အထဲကိုဝင်ခွင့်မရကြတော့ဘဲ အမျိုးသမီးတွေနဲ့အတူတူ အပြင်ဘက်ကနေ ဖူးမြော်ကြရတယ်။ အမျိုးသမီးတွေကတော့ စက်တော်ရာအတွင်းထဲကို ဝင်ရောက်ခွင့်မရကြတာနဲ့အတူတူ အပြင်ကသာ ဖူးမြော်ကြရပါတယ်။



ရွှေစက်တော်ဘုရားပွဲတွင် ဆွမ်းလောင်းလှူပွဲကို တွေ့ရစဉ်။

အောက်စက်တော်ရာကိုဖူးမြော်ပြီးကြတာနဲ့ မန်းချောင်းတံတားကိုဖြတ်သန်းပြီး အထက်စက်တော်ရာကို သွားကြတယ်။ ဒါပေမဲ့ကားနဲ့လဲမဟုတ်၊ ဓာတ်လှေကားနဲ့လဲမဟုတ် တောင်တက်တောင်စောင်းလှေကားမတ်မတ်တွေအတိုင်း ခြေကျင်တက်ရောက်ကြရတယ်။ စောင်းတန်းလှေကားမှာ ဖွင့်လှစ်ရောင်းချနေကြတဲ့ ဈေးဆိုင်အများစုက ပိတ်နေကြပြီဖြစ်ပြီး ပိတ်သိမ်းစတစ်ဆိုင်နှစ်ဆိုင်လောက်သာ ကျန်ရှိနေတော့တယ်။ ဒါကြောင့် အရင်အခေါက်တွေလာတုန်းကလို ပန်းရောင်းနေကြသူတွေကို ရှောင်ရှားနေစရာမလို၊ ပြောဆိုနေစရာမလိုတော့ဘဲ လွတ်လွတ်လပ်လပ်တက်ရောက်လာခွင့်ရနေတယ်။ ဒီလိုလွတ်လွတ်လပ်လပ်တက်ရောက်ခွင့်ရနေကြပေမဲ့ အထက်စက်တော်ရာက အလွန်မြင့်မားမတ်စောက်နေလို့ တော်တော်ကြိုးစားတက်ရောက်နေကြရတယ်။ တောင်ပေါ်ထိကားနဲ့တက်ခဲ့ကြရတာ၊ ဓာတ်လှေကားနဲ့တက်ခဲ့ကြရတာ လွယ်ကူသက်သာသလောက် စောင်းတန်းအတိုင်းခြေကျင်တက်ခဲ့ကြရတာက မလွယ်ပါဘူး။ ဒါပေမဲ့ တောင်ထိပ်ကိုလဲရောက်တော့ ပင်ပန်းခဲ့သလောက်၊ မောခဲ့သလောက် ဘုရားဖူးရင်း၊ တောင်အောက်ကချောင်းတွေကြည့်ရင်း အမောတွေပြေသွားရတော့တယ်။ အထက်စက်တော်ရာမှာလဲ သံတိုင်တံခါးပိတ်ထားပြီးတာကလွဲရင် အေးအေးဆေးဆေးဖူးမြော်ခွင့်ရရှိကြတယ်။ ဘုရားဖူးညီသည်အနည်းငယ်လဲ ရှိနေသေးတယ်။ အောက်စက်တော်ရာမှာကော၊ အထက်စက်တော်ရာမှာပါ အဓိကဖြစ်တဲ့ စက်တော်ရာနေရာတွေကို သံတိုင်တံခါးပိတ်ထားပြီး ကျန်တဲ့နေရာတွေအားလုံးကို သွားလာဖူးမြော်ခွင့်ပေးထားတာ ဘုရားဖူးတွေအတွက် အလွန်အဆင်ပြေနေတယ်။ စက်တော်ရာတွေကို သံတိုင်တံခါးပိတ်ထားတယ်ဆိုတာကလဲ လုံးလုံးလျားလျားမမြင်မတွေ့ ဖူးမြော်ခွင့်မရကြတာမျိုးမဟုတ်ဘဲ သံတိုင်တံခါးကြားတွေကနေ ရှင်းရှင်းလင်းလင်းမြင်တွေ့ ဖူးမြော်ခွင့်ရနေကြတယ်။

ဘုရားဖူးမြော်ပြီးတာနဲ့ တောင်အောက်ကချောင်းတွေကိုကြည့်ကြတဲ့အခါ ကွေ့လိုက်ကောက်လိုက်စီးဆင်းနေတဲ့ မန်းချောင်းကြီးနဲ့ မန်းချောင်းစီးဆင်းသွားတဲ့အတိုင်း ကွေ့ကွေ့ကောက်ကောက်တည်ဆောက်ထားတဲ့ တည်းခိုခန်းဆောင်တွေကို တွေ့မြင်နေရတယ်။ ဘုရားဖူးညီသည်တွေက မြတ်စွာဘုရားရှင်ရဲ့ခြေတော်ရာစစ်စစ်စက်တော်ရာနှစ်ဆူကို ဖူးမြော်လိုတဲ့ဆန္ဒရှိကြသလို စက်တော်ရာကိုရောက်ရင် မန်းချောင်းရေကိုလဲ တပျော်တပါးဆော့ရင်း၊ ကစားရင်းချိုးချင်ကြတာကြောင့် တည်းခိုဆောင်တွေအားလုံးကို မန်းချောင်းဘေးကပ်လျက်မှာပဲ တည်ဆောက်ထားလေ့ရှိတယ်။ မန်းချောင်းနဲ့ဝေးတဲ့နေရာတွေမှာ တည်းခိုဆောင်တွေဆောက်လုပ်ထားမယ်ဆိုရင် တည်းခိုသူတွေရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် ဘုရားပွဲတော်အတွင်း မန်းချောင်းနဲ့ဝေးတဲ့နေရာတွေမှာ သက်ဆိုင်ရာရုံးဌာနတွေ၊ ဈေးဆိုင်တွေကိုသာ ဆောက်လုပ်ထားကြပြီး မန်းချောင်းတစ်လျှောက်မှာ တည်းခိုဆောင်တွေကို သေသေချာချာ အစီအစဉ်ကျကျဆောက်ကြရတယ်။ ဒါပေမဲ့ ဘုရားဖူးညီသည်တချို့က လည်နေကြပါပြီ။ ဘုရားဖူးကားပေါ်မှာ လူတွေဘယ်လောက်များများ ဘယ်လောက်ပါပါ အမျိုးသမီးတွေအဝတ်အစားလဲဖို့အတွက်၊ သက်ကြီးရွယ်အိုတွေ အိပ်စက်ဖို့အတွက် မဖြစ်မနေ အခန်းတစ်ခန်း၊ နှစ်ခန်းလောက်ကိုသာ ငှားရမ်းကြပြီး ကျန်တဲ့သူတွေကကားပေါ်မှာ၊ ကားအနီးမှာ၊ ညီသည်မရှိဘဲ လွတ်နေတဲ့တည်းခိုဆောင်တွေရဲ့ ဝရန်တာတွေမှာ အိပ်စက်ကုန်ကြတော့တယ်။ ရွှေစက်တော်ဘုရားပွဲတော်ကာလမှာ ညီသည်အဝင်အထွက် အနည်းအများပေါ်မူတည်ပြီး တည်းခိုဆောင်တွေကလဲ ငှားရမ်းဖို့ခက်ခဲတာတွေ၊ ဈေးနှုန်းမြင့်မားတာမျိုးတွေ ဖြစ်လေ့ရှိနေတယ်။

အထက်စက်တော်ရာကိုဖူးမြော်ပြီးတာနဲ့ တောင်အောက်ကို ပြန်ဆင်းလာကြတဲ့အခါ စောင်းတန်းတစ်လျှောက်မှာရှိနေတဲ့ ဈေးဆိုင်တွေကော၊ ပွဲခင်းအတွင်းက ဈေးဆိုင်တွေပါ ပိတ်သိမ်းကုန်ကြပြီဖြစ်သလို ပွဲတော်တစ်ခုလုံးမှာလဲ တိတ်ဆိတ်ငြိမ်သက်နေကြပါပြီ။ အခုတစ်ခေါက် ရွှေစက်တော်ကို လာရောက်ဖူးမြော်ရင်း သံဃာတော်တွေကို ဆွမ်းလောင်းကပ်လှူတဲ့ခရီးစဉ်မှာ မိမိတို့မောင်နှမတစ်တွေက နယ်ခံမိတ်ဆွေရဲ့အကူအညီနဲ့ တည်းခိုဆောင်နှစ်ခန်းမှာ တည်းခိုအိပ်စက်ခွင့်ရခဲ့ကြတယ်။ အရင်အခေါက်တွေလာတိုင်း ဝါးထရံကာ၊ ဝါးပြားခင်း၊ ဖျာကြမ်းတစ်ချပ်သာပါရှိပြီး ဈေးနှုန်းမြင့်မားတဲ့အခန်းတစ်ခန်းရဖို့အတွက် မလွယ်ကူတဲ့အခြေအနေမျိုးကနေ အခုတည်းခိုခွင့်ရတဲ့အခန်းကို မြင်တွေ့လိုက်ရတဲ့အခါမှာ အံ့ဩသွားခဲ့ရတယ်။ အခန်းရဲ့အခင်း၊ အကာ၊ အမိုးတိုင် စတာတွေအားလုံးက သံတွေ၊ အလှဆင်သုံးထပ်သား ဖော်မီကာပြားတွေနဲ့အတူ အခန်းထဲမှာလဲ ခုတင်၊ မွေ့ရာ၊ စောင်၊ ခေါင်းအုံး၊ မှန်တင်ခုံတွေ၊ ထိုင်ခုံတွေအပြင် ရေပန်းပါရေချိုးခန်း၊ ဗိုလ်ထိုင်အိမ်သာ၊ လက်ဆေးကန်စတဲ့ ဟိုတယ်တစ်ခုလို ခမ်းခမ်းနားနား၊ အဆင့်မြင့်မြင့်ဖြစ်နေလို့ပါ။ ရွှေစက်တော်မှာ ဒါမျိုးအခန်းတွေရှိနေမယ်လို့ တစ်ခါမှ သိမြင်ကြားသိမထားပါဘူး။ ဒီလိုဆိုတော့လဲ ဟိုတယ်ကြီးတစ်ခုမှာလိုအိပ်ချင်၊ နေချင်ကြတဲ့ ဘုရားဖူးညီသည်တွေအတွက် အလွန်အဆင်ပြေသွားကြရမှာပါ။ မိမိတို့မောင်နှမတစ်တွေကတော့ အစ်မတွေ၊ ညီမတွေနဲ့ တူငယ်လေးတွေကို အိပ်ခန်းတွေအတွင်းမှာ အိပ်ခိုင်းစေပြီး ယောကျ်ားလေးညီအစ်ကိုတွေက အပြင်ဘက် ဝရန်တာမှာ လွတ်လွတ်လပ်လပ်အိပ်စက်ခဲ့ကြတယ်။ ဝရန်တာနဲ့မန်းချောင်းအကွာအဝေးက လေး၊ ငါးပေလောက်သာကွာဝေးနေတာကြောင့် အိပ်နေရင်းနဲ့ ရေစီးသံတသွင်သွင်ကို ကြားနေရတယ်။

ညအိပ်ခင် စက်တော်ရာနှစ်ဆူကနေ ပြန်လာကြပြီးကတည်းက မန်းချောင်းအတွင်းမှာ ရေချိုးတဲ့သူကချိုး၊ ခြေလက်မျက်နှာသစ်တဲ့သူကသစ်၊ ဆေးတဲ့သူကဆေးနဲ့ ပြုလုပ်ခဲ့ကြသလို မနက်အိပ်ရာကနေထကြတော့လဲ ညီအစ်ကိုတစ်တွေက ချောင်းအတွင်းမှာပဲ မျက်နှာသစ်၊ ရေချိုးလုပ်ခဲ့ကြတယ်။ မျက်နှာသစ်၊ ရေချိုး၊ အဝတ်အစားလဲပြီး မောင်နှမတစ်တွေ စုံလင်တာနဲ့ သံဃာတော်တွေကို ဆွမ်းလောင်းလှူဖို့အတွက် တည်းခိုဆောင်အဝင်ဝ ဂိတ်ရှိရာကိုသွားကြရတယ်။ ဂိတ်ကိုရောက်တော့ ဆွမ်းချက်တဲ့အဖွဲ့က အဆင်သင့်ရောက်ရှိ စောင့်ဆိုင်းပေးနေသလို ဒါက ဆွမ်းထုပ် ၁၅၀၊ ဒါက ကြက်သားဆွမ်းဟင်းအထုပ် ၁၅၀ ဆိုပြီး အပ်နှံကြတယ်။ ဆွမ်းနဲ့ဆွမ်းဟင်းတစ်ထုပ်စီက သံဃာတော်တစ်ပါးစာအတွက် မနည်းလွန်း၊ မများလွန်း သင့်တင့်တဲ့ပမာဏအတိုင်း သပ်သပ်ရပ်ရပ်ထုပ်ပိုးပြင်ဆင်ထားတာကို တွေ့မြင်ကြရတယ်။ ဒါ့ပြင် ဂိတ်ပေါက်အပြင်ဘက်တံခါးဝကနေ ဆွမ်းထုပ်တွေရမယ်၊ ဆွမ်းဟင်းထုပ်တွေရမယ်၊ အကြော်တွေ၊ ဗယာကြော်တွေရမယ်ဆိုပြီး တကြော်ကြော်အော်ဟစ်ရောင်းချနေတဲ့ ဈေးသည်တွေကိုလဲ တွေ့မြင်နေရတယ်။

ရွှေစက်တော်ဘုရားပွဲကာလအတွင်း သံဃာတော်တွေကို နေ့စဉ်ဆွမ်းလောင်းလှူတာတွေရှိနေလို့ အချိန်မတော်မှရောက်ရှိလာကြသူတွေ၊ ဆွမ်းချက်အဖွဲ့တွေနဲ့ မချိတ်ဆက်မိသူတွေ၊ မနက်စောစောအိပ်ရာထမှ သိရှိကြသူတွေ၊ အကြောင်းကြောင်းတွေကြောင့် ဆွမ်းထုပ်တွေအဆင်သင့်မဖြစ်ဘဲ ဆွမ်းလောင်းလိုသူတွေအတွက် ဈေးသည်တွေကအဆင်ပြေနေတယ်။ သူတို့မှာ သံဃာတော်အရေအတွက်အားလုံးကို ပြည့်ပြည့်စုံစုံ လောင်းလှူနိုင်ဖို့အတွက် ဆွမ်းနဲ့ဆွမ်းဟင်းထုပ်၊ ဗယာကြော်တွေရှိနေကြတယ်။ မိမိတို့လို အလုံးစုံပြည့်စုံအောင် စီမံဆောင်ရွက်ထားသူတွေအတွက်လဲ စေတနာသဒ္ဓါအား ပိုမိုလာကြမယ်ဆိုရင် ဝယ်ယူလှူဒါန်းနိုင်ကြပါသေးတယ်။

မကြာခင်မှာ"သံဃာတော်များ ကြွချီလာပါပြီ"ဆိုတဲ့ အသံကိုကြားကြရပြီးနောက် မိနစ်ပိုင်းအတွင်းမှာ တည်းခိုဆောင်ဝင်းအတွင်းကို သံဃာတော်တွေ တန်းစီကြွချီလာကြတယ်။ အရှေ့ဆုံးမှာ သက်ကြီးဝါကြီးဆရာတော်သံဃာတော်တွေနဲ့အတူ အနောက်ပိုင်းမှာ ကိုရင်ငယ်လေးတွေကို တသီတတန်းကြည်ညိုဖွယ်စရာ ဖူးမြော်မြင်တွေ့နေရတယ်။ သံဃာတော်အပါး ၁၅၀ တန်းစီကြွချီလာတဲ့အားက မနည်းပါဘူး။ ဆွမ်းလောင်းကပ်လှူနေကြသူတွေက မိမိတို့မောင်နှမတွေသာမဟုတ်ကြဘဲ နောက်ထပ်မိသားစု လေး၊ ငါးဖွဲ့လောက်လဲရှိနေကြသေးတယ်။ တချို့က ဝတ္ထုငွေတွေကို တစ်ပါးချင်းကပ်လှူနေကြတာကိုလဲ မြင်တွေ့နေရတယ်။ ဒီလိုဝတ္ထုငွေတွေ ကပ်လှူဖို့အတွက်လဲ ဈေးသည်တွေနဲ့အတူ ငွေလဲပေးနေသူတွေ ရှိနေကြတယ်။ ငါးဆယ်ကျပ်တန်ကနေ တစ်ထောင်ကျပ်တန်ထိ သူတို့ဆီမှာအုပ်လိုက်ရှိနေကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်ရွှေစက်တော်ဘုရားပွဲမှာ ဆွမ်းကပ်လောင်းလှူပွဲတစ်ခုကို ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့ကြပါပြီ။

# စနေနေ့ညမှာကစားမဲ့ နိုင်ငံတကာခြေစမ်းပွဲတွေထဲက အိမ်ရှင်အားသာချက်ရှိတဲ့ အင်္ဂလန်အသင်း၊ ပြင်သစ်အသင်းတို့ကို ရွေးချယ်ရမှာပါ



အခုတစ်ပတ်မှာ အမှတ်ပေးပြိုင်ပွဲတွေ ရပ်နားထားပြီး နိုင်ငံတကာပြိုင်ပွဲကာလအဖြစ် နိုင်ငံတကာခြေစမ်းပွဲတွေကို ကစားသွားမှာဖြစ်ပါတယ်။ လာမဲ့ဇွန်လအတွင်းမှာတော့ နိုင်ငံပွဲစဉ်တွေဖြစ်တဲ့ ဥရောပက ယူရိုပြိုင်ပွဲ၊ တောင်အမေရိကရဲ့ ကိုပါအမေရိကားဖလားပြိုင်ပွဲတွေရှိနေတာကြောင့် အဲဒီပြိုင်ပွဲတွေမှာ ကိုယ်စားပြုကစားရမဲ့အသင်းတွေဟာ ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကစားသမားအစုံအလင်ပါဝင်ပြီး ပွဲထွက်လာဖို့များပါတယ်။ စနေနေ့ညမှာကစားမဲ့ နိုင်ငံတကာခြေစမ်းပွဲမှာ အစဉ်အလာအရ ပြိုင်ဆိုင်မှုပြင်းထန်တဲ့အသင်းကြီးတွေ တွေ့နေတာကြောင့် ရေကုန်ရေခန်းကစားမှာ သေချာနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အဲဒီပွဲစဉ်တွေထဲက အိမ်ကွင်းအားသာချက်ရှိပြီး ကစားသမားအင်အားတောင့်တင်းတဲ့အသင်းတွေကိုပဲ ရွေးချယ်သွားမှာပါ။

### အင်္ဂလန်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ နိုင်ငံတကာခြေစမ်းပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အင်္ဂလန်အသင်းနဲ့ ဘရာဇီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ဘရာဇီးအသင်းနဲ့နောက်ဆုံးတွေ့ဆုံကစားခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ အဲဒီပွဲစဉ်မှာ အရန်ကစားသမားအများစုနဲ့သာ ကစားသွားတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဘရာဇီးအသင်းကို ဝင်ဘာလေကွင်းမှာ ဧည့်ခံကစားခဲ့ရတဲ့ ၂၀၁၃ ခုနှစ်မှာတော့ အဓိက ကစားသမားအစုံအလင်နဲ့ ကစားနိုင်ခဲ့တာကြောင့် ခြေစွမ်းပိုင်းအသာနဲ့ ကစားနိုင်ခဲ့လို့ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ရွန်းနီနဲ့ လမ်းပတ်တို့က ဂိုးတွေသွင်းယူခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ သူတို့အသင်းဟာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံမှာ ရှုံးပွဲမရှိတော့ဘဲ ယူရိုခြေစစ်ပွဲကိုလည်း ရှုံးပွဲမရှိဘဲနဲ့ အုပ်စုပထမနဲ့ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာလဲ တိုက်စစ်ပိုင်းက သွင်းဂိုး ၂၂ ဂိုးသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးလေးဂိုးသာရှိခဲ့သလို ရှစ်ပွဲမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကိုသတိပြုရမှာပါ။

လက်ရှိမှာလဲ နည်းပြဆောက်ဂိတ်ဟာ ယူရိုခြေစစ်ပွဲမှာ ကစားခဲ့တဲ့ လူစာရင်းကို အများကြီးအပြောင်းအလဲမလုပ်ခဲ့ဘဲ ဒဏ်ရာရနေတဲ့ ကစားသမားတွေနေရာမှာ အခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘရာဇီးနဲ့ ကစားမဲ့ ခြေစမ်းပွဲစဉ်အတွက် နည်းပြဆောက်ဂိတ်ရွေးချယ်ထားတဲ့ နောက်ဆုံးကစားသမား ၂၆ ဦးစာရင်းမှာတော့ ဂိုးသမားနေရာမှာ ဆမ်ဂျွန်စတုန်း၊ ပစ်ဖို့ဒ်၊ ရမ်ဒေးလ်တို့ပါဝင်ပြီး ခံစစ်ကစားသမားတွေကတော့ ဘရန့်ဝိတ်၊ ဘန်ချီဝဲလ်၊ လူးဝစ်ဒန့်၊ ဂိုမက်ဇ်၊ ကွန်ဆာ၊ မက်ဂွဲယား၊ ဂျွန်စတုန်း၊ ဝေါလ်ကာ၊ ကွင်းလယ်ပိုင်းမှာတော့ ဘယ်လင်ဟမ်၊ ဂယ်လာဟာ၊ ဟန်ဒါဆင်၊ ဂျိမ်းမက်ဒီဆင်၊ ဒီကလန်ရိုက်၊ မိုင်နူး၊ တိုက်စစ်ပိုင်းမှာတော့ ဘိုဝင်၊ ဖိုဖိုဒန်၊ ဂေါ်ဒွန်၊ ဟယ်ရီကိန်း၊ ကိုးလ်ပယ်မာ၊ ရက်ရှ်ဖို့ဒ်၊ ဆာကာ၊ တိုနေး၊ အိုလီဝက်ကင်းတို့နဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ ကစားသမားတွေထဲမှာ ဟယ်ရီကိန်းတစ်ယောက်သာ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်ဘဲ ကျန်ကစားသမားအားလုံးကစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလန်ရဲ့ ကစားသမားစာရင်းဟာ ဘရာဇီးထက်သာလွန်နေသလို အိမ်ရှင်အားသာချက်လဲရှိနေတာမို့ အခုပွဲစဉ်မှာ ဘရာဇီးအသင်းကို ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဘရာဇီးအသင်းဟာ နည်းပြဒန်းနစ်လက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲသာအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် တောင်အမေရိကဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ရမှတ်ခုနစ်မှတ်သာရခဲ့လို့ အဆင့်(၆)ထိ ကျဆင်းခဲ့ပြီး ခြေစစ်ပွဲအောင်ဖို့အတွက် လာမဲ့ပွဲစဉ်တွေကို အာရုံစိုက်ကစားရမှာပါ။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းဟာ ဥရောပကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေကို ထည့်သွင်းအသုံးပြုခဲ့ပေမဲ့ နည်းပြဒန်းနစ်အနေနဲ့ ကစားသမားတွေကို လိုအပ်သလိုအသုံးမပြုနိုင်သေးတာကြောင့် ရလဒ်ဆိုးရွားခဲ့တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် ဘရာဇီးဘောလုံးအဖွဲ့ချုပ်ဟာ နည်းပြဒိုရစ်ဗယ်ကို ဒန်းနစ်ရဲ့နေရာမှာ အစားထိုးခဲ့ပြီး အခုပွဲစဉ်ဟာ နည်းပြသစ်အတွက် ပထမဆုံးပွဲစဉ်ဖြစ်နေတာကိုတွေ့ရမှာပါ။

နည်းပြဒိုရစ်ဗယ်ရွေးချယ်ထားတဲ့ နောက်ဆုံးကစားသမားစာရင်းမှာတော့ ဂိုးသမားများအဖြစ် ဘန်တို၊ လီယိုဂျာဒမ်၊ ရာဖေးလ်၊ ခံစစ်ပိုင်းမှာတော့ ဒန်နီလို၊ ရန်ကော်တို၊ လူးကပ်စ်၊ ဝမ်ဒဲလ်၊ ဘာရယ်ဒို၊ ဖာဘရီစီယို၊ မူရီလို၊ ကွင်းလယ်မှာတော့ အန်ဒရီ၊ ပါရဲရား၊ ဂွီမာရေ့စ်၊ ဒေါက်ကလပ်လူးဝစ်၊ ဂျာအိုဂိုမက်ဇ်၊ လူးကပ်ပါကွီတာ၊ ပါဘလို၊ တိုက်စစ်ပိုင်းမှာတော့ အန်ဒရစ်၊ ပီပီ၊ ဂါလန်နို၊ ရာဖင်ဟာ၊ ရစ်ချာလီဆန်၊ ရိုဒရီဂို၊ ဆာဗင်ဟို၊ ဗီနီစီးယက်စ်တို့ကိုရွေးချယ်ထားတာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့လူစာရင်းမှာ တိုက်စစ်နဲ့ခံစစ်က အင်္ဂလန်ကိုယှဉ်နိုင်မဲ့ အခြေအနေရှိပေမဲ့ ကွင်းလယ်ပိုင်းမှာတော့ အားနည်းချက်တွေရှိနေမှာ သေချာပါတယ်။ အထူးသဖြင့် ကက်စမဲရိုးမပါနိုင်တဲ့ကွင်းလယ်က အားနည်းချက်ရှိနေတာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ဘရာဇီးကို ဝင်ဘာလေကွင်းမှာ ဧည့်ခံကစားရတဲ့ နှစ်ကြိမ်စလုံးရှုံးပွဲမရှိခဲ့သလို ဘရာဇီးနဲ့ တွေ့ဆုံခဲ့တဲ့နောက်ဆုံးလေးပွဲဆက်မှာလဲ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ အိမ်ရှင်အင်္ဂလန်အသင်းက အနိမ့်ဆုံးသရေကစားနိုင်မှာသေချာနေတာကြောင့် အင်္ဂလန်အသင်းနဲ့ပဲလက်တွဲရမှာပါ။

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စကော့တလန် | ၁ | - | ၃ | အင်္ဂလန် |
| အင်္ဂလန် | ၁ | - | ၀ | ဩစတြေးလျ |
| အင်္ဂလန် | ၃ | - | ၁ | အီတလီ |
| အင်္ဂလန် | ၂ | - | ၀ | မော်လ်တာ |
| မြောက်မက်ဆီဒိုးနီးယား | ၁ | - | ၁ | အင်္ဂလန် |

**ဘရာဇီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီရူး | ၀ | - | ၁ | ဘရာဇီး |
| ဘရာဇီး | ၁ | - | ၁ | ဗင်နီဇွဲလား |
| ဥရုဂွေး | ၂ | - | ၀ | ဘရာဇီး |
| ကိုလံဘီယာ | ၂ | - | ၁ | ဘရာဇီး |
| ဘရာဇီး | ၀ | - | ၁ | အာဂျင်တီးနား |

### ပြင်သစ်အသင်းပဲ ရလဒ်ကောင်းမှာပါ

နိုင်ငံတကာခြေစမ်းပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ပြင်သစ်အသင်းနဲ့ ဂျာမနီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ လက်ရှိကမ္ဘာ့အဆင့်(၂)မှာရပ်တည်နေပြီး ဂျာမနီကတော့ ကမ္ဘာ့အဆင့် (၁၆) မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်ဟာ သူတို့နှစ်သင်းအတွက် ခြေစမ်းပွဲစဉ်ဖြစ်ပေမဲ့ ယူရိုပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ နည်းပြဒက်ချမ့်လက်ထက်မှာ ပုံစံကောင်းရရှိနေတဲ့ပြင်သစ်အသင်းဟာ ၂၀၁၈ ကမ္ဘာ့ဖလားမှာ ချန်ပီယံဆုရခဲ့သလို ၂၀၂၂ ကမ္ဘာ့ဖလားမှာလဲ ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဒက်ချမ့်ကတော့ လက်ရှိမှာ အသင်းရဲ့ ကစားသမားတွေကို ဘယ်လိုအသုံးချရမလဲဆိုတာ သိထားတာကြောင့် ပြိုင်ပွဲတွင်းမှာ နည်းစနစ်ပိုင်းအမျိုးမျိုးပြောင်းလဲခဲ့ပြီး ကစားသမားတွေရဲ့စွမ်းရည်ကိုဖော်ထုတ်ခဲ့တာကို ပြီးခဲ့တဲ့ကမ္ဘာ့ဖလားနဲ့ ယူရိုခြေစစ်ပွဲတွေမှာတွေ့မြင်ရမှာပါ။ သူတို့အသင်းဟာ ယူရိုခြေစစ်ပွဲမှာလဲ ရှုံးပွဲမရှိခဲ့ဘဲ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အုပ်စုပထမနေရာကနေ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိနည်းပြဒက်ချမ့်ကတော့ ပြင်သစ်အသင်းကို ဆမ်ဘာ၊ ဆာလီဘာ၊ ဟာနန်ဒက်စ်၊ သီယိုဟာနန်ဒက်စ်၊ ဗိုင်ရီအမ်မရီ၊ ရာဘီယို့စ်၊ ဒမ်ဘီလီ၊ အမ်ဘက်ပီ၊ ကာမာဗင်ဂါ၊ ချူအာမန်နီ၊ သူရမ်၊ မူအာနီ၊ ဒီယာဘီတို့လို အဓိက ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် ဂျာမနီအသင်းထက် ကစားသမားစုဖွဲ့မှုသာနေသလို ကစားသမားအစုအဖွဲ့ကလဲ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားနဲ့ယူရိုခြေစစ်ပွဲက ကစားသမားတွေဖြစ်နေတာကြောင့် စုဖွဲ့မှုကောင်းနေတယ်လို့ဆိုရမှာပါ။

ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးကတည်းက နိုင်ပွဲလေးပွဲသာ ရရှိထားတဲ့ အသင်းဖြစ်တာကိုတွေ့ရမှာပါ။ လက်ရှိမှာ နည်းပြသစ် နာဂျယ်စမန်းက အသင်းကိုတာဝန်ယူထားတာကြောင့် တိုက်စစ်ကစားပုံ ထက်မြက်လာပေမဲ့ ခံစစ်ပိုင်းကတော့ အားနည်းချက်ရှိနေတာဖြစ်ပါတယ်။ နည်းပြသစ်လက်ထက် လေးပွဲကစားခဲ့ရာမှာ ခံစစ်က ပွဲတိုင်းပေးဂိုးရှိခဲ့ပြီး နိုင်ပွဲတစ်ပွဲသာ ရရှိခဲ့တာကြောင့် အခုပွဲစဉ်မှာ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်ရင်တော့ ပြင်သစ်အသင်းကိုထိန်းချုပ်ရခက်မှာပါ။ သူတို့အသင်းဟာ ယူရို ၂၀၂၄ ပြိုင်ပွဲရဲ့အိမ်ရှင်အသင်းဖြစ်တာကြောင့် တိုက်ရိုက်ဝင်ခွင့်ရခဲ့ပေမဲ့ အုပ်စုမှာ စကော့တလန်၊ ဟန်ဂေရီ၊ ဆွစ်ဇာလန်တို့လို အသင်းတွေနဲ့ တွေ့ဆုံနေတာကြောင့် အုပ်စုကကျော်ဖြတ်ဖို့တော့ ရုန်းကန်ရမှာ သေချာပါတယ်။

လာမဲ့ခြေစမ်းပွဲအတွက် နည်းပြနာဂျယ်စမန်းရွေးချယ်ထားတဲ့ ကစားသမားစာရင်းမှာတော့ ဂိုးသမားတွေအဖြစ် နူအာ၊ အိုလီဗာ၊ တာစတီဂန်၊ လီနို၊ ခံစစ်ပိုင်းမှာတော့ ရူဒီဂါ၊ တက်၊ မက်ဆီမီလီယံ၊ ရော်ဘင်ကို့ချ်၊ အန်တွန်၊ ဟန်းရစ်၊ ဒေးဗစ်ရမ်၊ ကွင်းလယ်မှာတော့ ခရူးစ်၊ မူလာ၊ ဂရေ့စ်၊ ဂန်ဒိုဂမ်၊ ရောဘတ်အန်းဒရစ်၊ ကီမစ်ချ်၊ ကိုင်ဟာဗက်၊ ဝစ်ဇ်၊ မူစီအာလာ၊ ပါဗလိုဗစ်၊ တိုက်စစ်မှာ ဖူးခရက်၊ အန်ဒက်ဗ်၊ ဘက်စတီ၊ ခရစ်၊ ဘိုင်ယာတို့နဲ့စုဖွဲ့ထားတာကြောင့် ကွင်းလယ်ပိုင်းတောင့်တင်းပေမဲ့ ခံစစ်နဲ့တိုက်စစ်မှာ အားနည်းချက်ရှိနေခဲ့တာဖြစ်ပါတယ်။ ပြင်သစ်အသင်းနဲ့ ဂျာမနီအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု ၁၀ ကြိမ်မှာ ပြင်သစ်က ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ အသာရခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ဂျာမနီအသင်းအိမ်ကွင်းမှာ ပြင်သစ်အသင်းရှုံးထားပေမဲ့ ၂၀၁၄ ခုနှစ် နောက်ပိုင်းကစားခဲ့တဲ့ ပြင်သစ်အသင်းအိမ်ကွင်းမှာတော့ ဂျာမနီအသင်းအနေနဲ့ နိုင်ပွဲမရခဲ့ပါဘူး။ အခုပွဲစဉ်မှာ ပြင်သစ်အသင်းအနေနဲ့ သရေရလဒ်ဆို အပြည့်ရှုံးမဲ့အကျော်ပေးမှုက ဂျာမနီအသင်းနိုင်ပွဲရဖို့ ခက်ခဲနိုင်တာကြောင့် ပြင်သစ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၂ | - | ၁ | ပြင်သစ် |
| နယ်သာလန် | ၁ | - | ၂ | ပြင်သစ် |
| ပြင်သစ် | ၄ | - | ၁ | စကော့တလန် |
| ပြင်သစ် | ၁၄ | - | ၀ | ဂျီဘရော်တာ |
| ဂရိ | ၂ | - | ၂ | ပြင်သစ် |

**ဂျာမနီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၂ | - | ၁ | ပြင်သစ် |
| အမေရိကန် | ၁ | - | ၃ | ဂျာမနီ |
| မက္ကဆီကို | ၂ | - | ၂ | ဂျာမနီ |
| ဂျာမနီ | ၂ | - | ၃ | တူရကီ |
| ဩစတြီးယား | ၂ | - | ၀ | ဂျာမနီ |







# အသိပေးကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ **ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်သီရိရတနာဈေး** ရှိဈေးဆိုင်ခန်းရှင်များမှ လစဉ်ဆိုင်ခန်းငှားရမ်းခများ ပေးဆောင်ရန်ပျက်ကွက်နေသဖြင့် (၁-၇-၂၀၁၉) (၂-၇-၂၀၁၉)ရက်နေ့၊ (၃.၁၁.၂၀၂၃)ရက်နေ့နှင့် (၂၃.၁ ၂၀၂၄)ရက်နေ့များတွင် သတင်းစာများ၌ ထည့်သွင်းအသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ(၄၄၃)ခန်း၏ ဈေးဆိုင်ခန်းရှင်များအနေဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ (၁-၄-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ကြွေးကျန်များပေးဆောင်သွားရန်နှင့်လာရောက်ပေးဆောင်ခြင်းမရှိသည့် ဆိုင်ခန်းများအား အဖွဲ့ပိုင် ဈေးများစစ်ဆေးတားမြစ် ညွှန်ကြားအရေးယူဆောင်ရွက်ရန်၊ ကျန်းမာသန့်ရှင်းမှု၊ လုံခြုံမှုနှင့်အုပ်ချုပ်မှုဆိုင်ရာစည်းကမ်း အပိုဒ်-၂၁အရ ဆိုင်ခန်းအလွတ်အဖြစ် သတ်မှတ်ပြီးဈေးဆိုင်ခန်းသိမ်းဆည်းသည်အထိအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောက်ဆုံး **(နောက်ဆုံး)** အကြိမ် အသိပေး ကြေညာအပ်ပါသည်-

**(A)ရှိဆိုင်ခန်းအမှတ်** ၂၊ ၅၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၃၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၃၁၊ ၃၃၊ ၃၅၊ ၃၆၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၈၊ ၅၀၊ ၅၂၊ ၅၃၊ ၅၆၊ ၅၇၊ ၅၉၊ ၆၁၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၈၊ ၆၉၊ ၇၀၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊၇၈၊ ၈၆၊ ၉၀၊ ၉၂၊ ၉၆၊ ၉၈၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၅၊ ၁၁၇၊ ၁၂၀၊ ၁၂၃၊ ၁၂၆၊ ၁၂၈၊ ၁၃၀။ **(B) ရှိ ဆိုင်ခန်းအမှတ်** ၂၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၂၀၊ ၂၂၊ ၂၃၊ ၂၄၊ ၂၆၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၅၊ ၃၇၊ ၃၈၊ ၄၀၊ ၄၃၊ ၄၈၊ ၅၀၊ ၅၃၊ ၅၄၊ ၅၆၊ ၅၇၊ ၆၀၊ ၆၁၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၈၊ ၆၉၊ ၇၀၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၈၊ ၉၁၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆၊ ၉၇၊ ၉၈၊ ၁၀၁၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၆၊ ၁၃၀။ **(C) ရှိ ဆိုင်ခန်းအမှတ်** ၃၊ ၅၊ ၇၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ ၂၀၊ ၂၁၊ ၂၆၊ ၄၀၊ ၄၃၊ ၄၄၊ ၄၇၊ ၅၀၊ ၅၆၊ ၅၈၊ ၅၉၊ ၆၁၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၆၊ ၇၇၊ ၇၈၊ ၈၀၊ ၈၂၊ ၈၅၊ ၉၅၊ ၉၇၊ ၉၉၊ ၁၀၁၊ ၁၀၃၊ ၁၀၄၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၆၊ ၁၂၁၊ ၁၂၂၊ ၁၂၄၊ ၁၂၅၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၅၊ ၁၅၆၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၈၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၂။ **(D) ရှိ ဆိုင်ခန်းအမှတ်** ၃၊ ၅၊ ၆၊ ၇၊ ၈၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၂၁၊ ၂၂၊ ၂၃၊ ၃၁၊ ၃၂၊ ၃၉၊ ၄၁၊ ၄၂၊ ၄၅၊ ၄၇၊ ၅၀၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၄။ **(E) ရှိ ဆိုင်ခန်းအမှတ်** ၅၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၈၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၇၊ ၃၉၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၆၀၊ ၆၁၊ ၆၂၊ ၆၄။ **(F) ရှိ ဆိုင်ခန်းအမှတ်** ၁၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၈၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀၊ ၃၂၊ ၃၇၊ ၄၀၊ ၄၁၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၆၊ ၅၈၊ ၆၀၊ ၆၂၊ ၆၃။ **(G) ရှိ ဆိုင်ခန်းအမှတ်** ၁၊ ၄၊ ၉၊ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၇၊ ၃၈၊ ၃၉၊ ၄၁၊ ၄၂၊ ၄၇၊ ၄၈၊ ၄၉၊ ၅၉၊ ၆၁၊ ၆၂၊ ၆၃။ **(H) ရှိ ဆိုင်ခန်းအမှတ်** ၆၊ ၁၄၊ ၂၁၊ ၂၅၊ ၄၀၊ ၄၃၊ ၄၅၊ ၅၀၊ ၅၁၊ ၅၃၊ ၅၆၊ ၅၈၊ ၆၄၊ ၇၁၊ ၇၂၊ ၇၆၊ ၇၈၊ ၉၂၊ ၉၃၊ ၉၄၊ ၉၉၊ ၁၀၀၊ ၁၀၂၊ ၁၀၃၊ ၁၀၆၊ ၁၀၈၊ ၁၁၁။ **(H1) ရှိ ဆိုင်ခန်းအမှတ်** ၃၊ ၄၊ ၆၊ ၇၊ ၈၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၅၊ ၃၀၊ ၃၁၊ ၃၂၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၂၊ ၄၃၊ ၄၄၊ ၄၉၊ ၅၀၊ ၅၃၊ ၅၅၊ ၅၇၊ ၅၈၊ ၆၀၊ ၆၁၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၁၊ ၇၆၊ ၈၁၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၃၊ ၉၅၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၃၊ ၁၀၄၊ ၁၀၆၊ ၁၀၈၊ ၁၁၄။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

၁၂-၃-၂၀၂၄ တွင် ပြုလုပ်ခဲ့သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ My Link Marketing Co.,Ltd တွင်ထည့်ဝင်ထားသော အစုရှယ်ယာတန်ဖိုး သိန်း ၅၀၀ မှ သိန်း ၅၀ သို့ လျှော့ချမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလေးမွန်**
**မန်နေးဂျင်းဒါရိုက်တာ**
**My Link Marketing Co.,Ltd**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းတပင်မြို့နေ ဦးဇော်မိုး-ဒေါ်ကြည်မိုး တို့၏သမီး မနွယ်ရီမိုး (၅/ကဘလ(နိုင်)၂၀၅၅၀၆) နှင့် မနွယ်ရိန်မိုး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနွယ်ရီမိုး(ခ)မနွယ်ရိန်မိုး(၅/ကဘလ(နိုင်)၂၀၅၅၀၆)**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကွက်သစ်နေ မောင်သိန်းနိုင်ဌေး (ဘ) ဦးစောဌေး (၅/ဒပယ(နိုင်)၀၇၈၂၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-656188) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၆၀၈၈၈၂၂၁**




**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်း ဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်ကြရန်လို...**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်သည့် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ဒေသအလိုက် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်၍ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာရေးဆောင်ရွက်ရန် အထူးလိုအပ်





ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၁** ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

